http://www.cherrythitsar.org

# ခင်ဗျားဒိန်ခဲကို ကျွန်တော်နေရာရွှေ့ခဲ့တယ်

ညီသစ် ဘာသာပြန်သည်



# I Moved Your Cheese

DARREL BRISTOW-BOVEY

http://www.cherrythitsar.org

**မျိုးဆက်သစ်စာပေ**

အမှတ် ၁၈၀ (ပ ထပ်/ယာ)၊
ဆူးလေလမ်း၊ ကျောက်တံတားမြို့နယ်။
ရန်ကုန်မြို့။ ဖုန်း ၂၄၃၁၂၈

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မျိုးဆက်သစ်စာအုပ် (၇)

# ညီသစ်

# ခင်မျှားဒိန်ခဲကို ကျွန်တော်နေရာရွှေ့ခဲ့တယ်

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်

http://www.cherrythitsar.org

**စာမူခွင့်ပြုချက်အမှတ်**
၁၇၈၃/၂၀၀၃ (၁၂)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၂/၂၀၀၄ (၁)
**အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်**
ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
**ထုတ်ဝေသူ**
ဦးမျိုးဆင့်
ရှင်မတောင်စာပေ
၂၉၆၊ အနော်မာအရှေ့ (၇)လမ်း၊
သာကေတမြို့နယ်၊ ရန်ကုန်။
**မျက်နှာဖုံးဒီဇိုင်း**
ညီသစ်
**အတွင်းသရုပ်ဖော်**
**ဝလုံး**
**ထုတ်ဝေသည့်ကာလ**
၂၀၀၄၊ ဇူလိုင်၊ ပထမအကြိမ်
**စောင်ရေ**
၅၀၀
**စာအုပ်ချုပ်**
ကိုမြင့်
**ကွန်ပျူတာစာစီ**
Dream City Computer
**တန်ဖိုး**
၆၀၀ ကျပ်

http://www.cherrythitsar.org

# မာတိကာ


| | | |
|---|---|---|
| – | မိတ်ဆက်စကား | ၇ |
| ၁။ | ရှာဖွေခြင်းနှင့် တွေ့ရှိခြင်း | ၁၃ |
| ၂။ | မိမိ၏ ဥကိုရှာဖွေခြင်း | ၁၅ |
| ၃။ | မိမိ၏အဖော်ကိုရှာဖွေခြင်း | ၂၈ |
| ၄။ | မိမိ၏အဖွတ္တ "မယန်"ကိုရှာဖွေတွေ့ရှိခြင်း | ၄၁ |
| ၅။ | ကျွန်တော့်သော့ကို ဘယ်သူနေရာရွှေ့သွားသလဲ | ၆၀ |
| ၆။ | ရှိခြင်းနှင့် မရှိခြင်း | ၈၀ |
| ၇။ | ခန္ဓာကိုယ်လှပခြင်း | ၉၁ |

# မိတ်ဆက်စကား

ဒီစာအုပ်က ကိုယ့်ထူးကိုယ်ချွန် လက်စွဲစာအုပ် မဟုတ်ပါဘူး။ ကျွန်တော် အမှန်ကို ပြောတာပါ။ ကျွန်တော့်အနေနဲ့ ကိုယ့်ထူးကိုယ်ချွန် စာအုပ်မျိုးလည်း ရေးမှာမဟုတ်ပါဘူး။ တကယ်တော့ ကိုယ့်ထူးကိုယ်ချွန်စာအုပ်တွေက လူတွေရဲ့ မိမိကိုယ်မိမိထားရှိတဲ့ တန်ဖိုးတွေကို ပျက်စီးစေတယ် မဟုတ်လား။ ကိုယ့်ထူး **ကိုယ်ချွန်စာအုပ်မျိုးတွေက ခါတ်စာလိုပါပဲ။ အားကစားလေ့ကျင့်ခန်းတွေလိုပါပဲ။ အရေးမပါအရာမရောက်တဲ့ ဆွေမျိုးတွေက သင့်ကို ပေးကမ်းတဲ့ မွေးနေ့ လက်ဆောင်ပစ္စည်းတွေလိုပါပဲ။ အဲဒီစာအုပ်မျိုးတွေက ခင်ဗျားတို့ကို မျှော်လင့်ချက်တွေ တည်ဆောက်ပေးတယ်။ ကိုယ့်ကိုယ်ကို နိမ့်ကျနေတယ်လို့ ထင်မိစေတယ်။** ရုတ်တရက် အပြောင်းအလဲတွေ၊ ကမူးရှူးထိုးနဲ့ အာသာငမ်းငမ်း လုပ်ကိုင်ချင်စိတ်တွေ ပေါ်ပေါက်လာစေတယ်။

**ကိုယ့်ထူးကိုယ်ချွန် (ဒါမှမဟုတ်) တက်ကျမ်းတွေဟာ ခါတ်စာတွေနဲ့ အားကစားလေ့ကျင့်ခန်းတွေလိုပဲ မိမိကိုယ်မိမိ တစ်စုံတစ်ရာမှာ ထူးချွန်ထက်မြက်အောင် လုပ်နိုင်တယ်ဆိုတဲ့ ထင်ယောင်ထင်မှား အမြင်တွေကို တွေးမြင်မိစေတယ်။**

တက်ကျမ်းတွေက သင့်ကို မျှော်လင့်ချက်အတောင်ပံတွေ တပ်ပေးပြီး အမြင့်ကို ပျံသန်းချင်စိတ်တွေ ပေါ်ပေါက်လာအောင် နှိုးဆွပေးတယ်။ ဒါပေမယ့် သင် လေထဲကပြုတ်ကျပြီဆိုရင်တော့ အဲဒီစာအုပ်တွေက သင့်ကို ပေါက်စဉ်ထဲမှာ မပါတဲ့ ထီလက်မှတ်တစ်ခုလို ဖြစ်သွားအောင် ထုနှက်လိမ့်မယ်။ ပြုတ်ကျသွားတဲ့ ထောပတ်သုတ် ပေါင်မုန့်မီးကင်တစ်ချပ်လိုဖြစ်အောင် ထုနှက်လိမ့်မယ်။

**တိုတိုနဲ့လိုရင်းကိုပြောရရင်တော့ တက်ကျမ်းစာအုပ်တွေဟာ ကောင်းကွက်** ဆိုလို့ တစ်ခုတလေတောင်မရှိဘူး။ ကျွန်တော်က အကြောင်းပြချက်မရှိဘဲ ပြောနေတာမဟုတ်ဘူး။ အကြောင်းပြချက်ကလည်း ရှင်းရှင်းလေးပဲ။ စာအုပ်တွေရဲ့ အာဘော်တွေအရဆိုရင် အလုပ်တွေမှန်သမျှကို သင်တစ်ယောက်တည်းကိုပဲ ဒိုင်ခံလုပ်စေချင်တာ။ တက်ကျမ်းစာအုပ်တွေနဲ့ ပတ်သက်ပြီးတော့

http://www.cherrythitsar.org



ယုတ္တိတန်တန် ကောက်ချက်ချရမယ်ဆိုရင်တော့ တက်ကျမ်းစာအုပ်ဆိုတာမျိုးဟာ ဗလာစာရွက်အလွတ်တွေပါတဲ့ စာအုပ်တစ်အုပ်နဲ့ ဖောင်တိန်တစ်ချောင်းသာ ဖြစ်သင့်တာပါ။

တက်ကျမ်းတွေက ဘယ်လောက်ပဲ အာမခံထား၊ အာမခံထား စာဖတ်သူတွေလိုအပ်တဲ့ ကြိုးစားအားထုတ်မှုတွေကို အမှန်တကယ်ဖြစ်ပေါ်လာအောင် စွမ်းဆောင်နိုင်ခြင်းမျိုး မရှိတာကတော့ အသေအချာပဲ။ ကျွန်တော်တို့အနေနဲ့ ကိုယ်စွမ်း ကိုယ်စတွေနဲ့သာ ကြိုးစားအားထုတ်ပြီး ကြီးပွားတိုးတက်အောင် လုပ်ဆောင်နိုင်မယ်ဆိုရင် ဘာဖြစ်လို့ တက်ကျမ်းတွေကို ဖတ်နေဦးတော့မှာလဲ။ တက်ကျမ်းရေးတဲ့သူတွေကသာ ကျွန်တော်တို့တတွေရဲ့ စွမ်းဆောင်မှုတွေကို စာတစ်တန်ပေတစ်တန် ပြုစုပြီးနောက်ထပ် တက်ကျမ်းတွေ ရေးကြရုံပဲရှိတာပေါ့။ ဒီတော့ ကျွန်တော်တို့က သူတို့ရေးတဲ့ တက်ကျမ်းတွေကို ဖတ်နေဖို့ လိုပါဦးမလား။

တကယ်လို့သာ စာဖတ်သူတွေကလည်း ကျွန်တော့်လိုသာ လေးလေးနက်နက် တွေးမိမယ်ဆိုရင် မိမိကိုယ်မိမိ တိုးတက်ဖို့အတွက် အလုပ်ကို အရူးအမူး လုပ်နေပါဦးမလား။ ကျွန်တော်တို့အနေနဲ့ ဒီလိုခေတ်အခါကြီးမှာ အောင်ခြေကစပြီး အခြေခိုင်အောင်လုပ်ဖို့ဆိုတာ လွယ်နိုင်ပါ့မလား။ ဒီလိုအခြေခိုင်အောင်လုပ်ရင်းနဲ့ တစ်နေရာရာမှာ တစ်ခုခု ချွတ်ချော်တိမ်းပါးသွားပြီး ပြဿနာတွေပေါ်လာရင် ကျွန်တော်တို့ ဘယ်လိုဆက်ပြီး လုပ်ကြမလဲ၊ ဒီလိုပဲ အောက်ခြေကနေ တစ်ကပြန်စရမှာပဲ၊ ဒီတော့ ကျွန်တော်တို့က ဘယ်လိုလုပ်ပြီး အခြေခိုင်အောင် အောက်ခြေကစပြီး အကြိမ်ကြိမ်အခါခါ လုပ်နိုင်ပါ့မလဲ။

ကျွန်တော် အခုလိုပြောနေတဲ့အတွက် စာဖတ်သူတို့ ဘာမှဖြစ်စရာမလိုဘူးနော်။ ကျွန်တော်နဲ့အတူ စကားပြောတဲ့အတွက် ရှက်စရာလည်း မလိုဘူး။ ကျွန်တော်တို့က လူပျင်းတွေ၊ အလုပ်ဆိုရင် ဝေးဝေးက ရှောင်တတ်ကြတဲ့သူတွေ၊ အလုပ်မလုပ်ရရင် ပိုပြီးကြိုက်ကြတဲ့ လူစားမျိုးတွေ။ သူများကိုလည်း ပြဿနာမရှာဘူး။ ဟုတ်တယ်မဟုတ်လား။ ကျွန်တော်တို့ဟာ လူ့ပတ်ဝန်းကျင်ကြီး တစ်ခုလုံးရဲ့ လျှို့ဝှက်တဲ့ အမှန်တရားတစ်ခုပဲ။ လူ့ပတ်ဝန်းကျင်ကြီး တစ်ခုလုံးမှာလည်း ကျွန်တော်တို့လို လူစားတွေက အများကြီးရှိတယ်။ ကျွန်တော်တို့လို လူစားအများစုက ပျင်းရိသန်းဝေနေကြတာ များတယ်။ လူ့ပတ်ဝန်းကျင်မှာ

ဗိုက်ခေါက်မထူဘဲ လူကြီးလူကောင်းဆန်ဆန်နေဖို့က သိပ်ပြီး အရေးကြီးတယ် **ဆိုတဲ့အချက်ကို ကျွန်တော်တို့ အများစုက သိပ်ပြီး ယုံကြည်ချင်ကြတာမဟုတ်ဘူး။** ကျွန်တော်တို့က ချမ်းသာလည်း ဒီအတိုင်းပဲနေမယ်၊ဆင်းရဲလည်း ခပ်ပျင်းပျင်းပဲ နေမယ်ဆိုတဲ့ လူစားမျိုးတွေ။

**ဒါပဲလေ၊ ကျွန်တော်ဆိုလိုချင်တဲ့ အဓိပ္ပာယ်က ဒီလောက်ပဲ။ ဒီလိုပြောတဲ့** အတွက်လည်း ကိုယ့်ကိုယ်ကို ရှက်စရာမလိုဘူး။ ဟုတ်တယ် မဟုတ်လား။ ဟန်ဆောင်မှုတွေ ထုပြောတဲ့ ဒီလူ့အဖွဲ့အစည်းထဲမှာ ကျွန်တော်တို့တတွေက စံပြတွေပဲလေ။ ကျွန်တော်တို့တတွေက စစ်မှုရေးရာတွေမှာလို သူတစ်ပါးနိုင်ငံကို လည်း မကျူးကျော်ဘူး။ ဘယ်နိုင်ငံရေး ပါတီနဲ့မှလည်း မပတ်သက်ဘူး။ ကျွန်တော်တို့တတွေက လူငယ်ဂီတဝိုင်းတွေကိုလည်း ထုထောင်မှာ မဟုတ်သလို အသံဆန်းဆန်းနဲ့ ဆယ်လူလာဖုန်းတွေကိုလည်း လက်ထဲကမချ ကိုင်ထားမယ့် လူစားမျိုးတွေ မဟုတ်ဘူး။ ဒီအတွက် မိမိကိုယ်မိမိလည်း စိတ်ပျက်စရာမလိုဘူး။ ကျွန်တော်တို့ လိုချင်တာက ဆိတ်ငြိမ်ပြီး အေးချမ်းတဲ့ဘဝမျိုးပဲ။ ကောင်းကောင်း စားချင်တယ်။ ကောင်းကောင်းနေချင်တယ်၊ ကိုယ်ချစ်တဲ့သူနဲ့ အေးအေးဆေးဆေး ချစ်နေချင်တယ်။ ဘီယာသောက်နေရင်းနဲ့ လူရှင်းတဲ့ အဝေးပြေးလမ်းမကြီးမှာ **ပြိုင်ကားမောင်းနေချင်တယ်။ ဒါပေမယ့် ကျွန်တော်တို့ နေချင်သလို နေနိုင်ဖို့အတွက် သဘာဝတရားကြီးရဲ့ နိယာမတွေကိုတော့ ပြောင်းလဲပစ်ဖို့ ကျွန်တော်တို့ကြိုးစားမှာ** မဟုတ်ပါဘူး။ ကျွန်တော်တို့က ဆင့်ကဲဖြစ်စဉ်ပြောင်းလဲမှုကြီးရဲ့ ဖြစ်စဉ်ထဲမှာ လိုက်လျောညီထွေဖြစ်ချင်တာ တစ်ခုပဲ။

**တကယ်လို့သာ လောကကြီးက ကျွန်တော်တို့အတွက် လိုက်လျောညီထွေ** မဖြစ်ဘူးဆိုရင်တော့ ဒီကမ္ဘာလောကကြီးဟာ စိတ်ညစ်စရာကြီး ဖြစ်နေမှာပါ။ ဥပမာပြောရရင် ကျွန်တော်တို့ဟာ ညစာစားဝိုင်းတွေမှာ အဖိုးတန်တဲ့စကားတွေ ပြောတတ်တဲ့လူမျိုးတွေဖြစ်တဲ့အတွက် ဒီကမ္ဘာလောကကြီးမှာ မရှိမဖြစ်လိုအပ်တဲ့ လူစားမျိုးတွေ ဖြစ်နေတတ်တယ်။ ကောင်းကောင်းကန်းကန်း စကားတွေကအစ မဟုတ်မဟတ်စကားတွေအဆုံး ကျွန်တော်တို့လို လူမျိုးတွေက အမြဲပြောတတ် တယ်။ ကျွန်တော်တို့လို လူမျိုးတွေက ဘာရယ်မဟုတ်ဘဲ ပြောလိုက်တဲ့ စကားမျိုးတွေကို အလွန်အမင်းစိတ်ဝင်စားကြတဲ့ လူစားတွေကလည်း အများ ကြီးပဲ။ တကယ်လို့သာ ဒီလောကကြီးက ကျွန်တော်တို့ကို မလိုအပ်ဘူးဆိုရင်

http://www.cherrythitsar.org



ဒီလောကကြီးက လူတွေကို သင်တန်းပေးတဲ့ ပုဂ္ဂိုလ်တွေအတွက် ဖြစ်သွားပြီး ပုံစံခွက်ထဲက လောကကြီးတစ်ခု ဖြစ်သွားလိမ့်မယ်။ ကျွန်တော်တို့က ပုံစံကျတဲ့ နေထိုင်မှုမျိုးကို သိပ်ပြီး သဘောကျတာ မဟုတ်ဘူးလေ။ ကျွန်တော်တို့လိုလူမျိုး တွေသာမရှိရင် ဒီလောကကြီးလောက် ပျင်းစရာကောင်းတဲ့ နေရာမျိုး ရှိနိုင်မှာ မဟုတ်တော့ဘူး။

ကျွန်တော်ပြောနေတာတွေက အမှန်တွေပဲ။ ဒီလိုပြောလိုက်ရတဲ့အတွက် ကိုယ့်ကိုယ်ကို ကျေနပ်လှတယ်တော့လည်း မဟုတ်ပါဘူး။ ကျွန်တော်တို့သာ ပြောင်းလဲနေတဲ့အချိန်တွေကို လစ်လျူရှုထားကြမယ်ဆိုရင်၊ ပြောင်းလဲမှုတွေ နောက်ကို မလိုက်နိုင်ဘူးဆိုရင် အလိုလိုနောက်ကောက် ကျကျန်ရစ်ခဲ့ပြီး လူပေါ ကြီးတွေ ဖြစ်ကုန်ကြမှာပေါ့။ ကျွန်တော်တို့ဟာ အလိုလိုနေရင်းနဲ့ မီးဖိုဆောင် နောက်ဖေးက ဗီရိုတွေရဲ့နောက်ကို အလိုလိုရောက်ကုန်ကြမှာပေါ့။ ကျွန်တော်တို့ရဲ့ အကြောင်းကို အထူးအဆန်းတွေ ရိုက်ကူးတဲ့ ဒါရိုက်တာ စတီဗင်စပီးလ်ဘာ့ချ် ကတောင် အထူးအဆန်းတွေဆိုပြီး ရုပ်ရှင်ရိုက်ရင် ရိုက်သွားလိမ့်ဦးမယ်။

ကျွန်တော်တို့ဟာ လောကကြီးမှာ ဒီအတိုင်းနေသွားရုံနဲ့တော့ မရဘူး။ ကိုယ့်ရဲ့ အပေါင်းအသင်းမိတ်ဆွေတွေကို တစ်နည်းမဟုတ်တစ်နည်းနဲ့ ဆွဲဆောင် ထားနိုင်အောင် လုပ်ဖို့တော့ လိုတယ်။ ကျွန်တော်တို့အနေနဲ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာ နေနိုင်ဖို့လည်းလိုတယ်။ ဒါမှလည်း ကိုယ့်ရဲ့နောင်လာနောက်သား တွေကို ကိုယ့်ခြေရာနင်းနိုင်အောင် အမွေတွေ ထားပေးနိုင်မှာပေါ့။

ဒါကြောင့်မို့လည်း ဒီစာအုပ်ကို ကျွန်တော် ရေးဖြစ်ခဲ့တာပါ။ အံ့သြစရာ ကောင်းလောက်တဲ့ ဘဝမျိုးနဲ့ ထူးခြားတဲ့ လူတစ်ယောက်ဖြစ်အောင် အဆင့် သုံးဆင့်နဲ့ ကျော်လွှန်ဖြတ်သန်းချင်တဲ့လူမျိုး ဖြစ်နေမယ်ဆိုရင်တော့ စာဖတ်သူ အနေနဲ့ စာအုပ်ကိုဒီနေရာမှာပဲ ပိတ်ထားပြီး လွှင့်သာပစ်လိုက်ပါတော့။ အမှန် ပြောရရင် ဒီစာအုပ်ဟာ မိတ်ဆွေအပေါင်းအသင်တွေကို ဝယ်ပေးချင်တဲ့စာအုပ်မျိုး ပြစ်ရင် ဖြစ်နေလိမ့်မယ်။ သင်နဲ့ အစပ်အဟပ်တည့်ချင်မှလည်း တည့်နိုင်မယ်။ ဒီစာအုပ်က ဘာမှမလုပ်ဘဲ ကြီးပွားချမ်းသာချင်သူတွေအတွက် ရည်ရွယ်ပြီး ရေးထားတဲ့စာအုပ်ဖြစ်နေလို့ပါ။ ဒီစာအုပ်က ဘာမှမလုပ်ဘဲ ဆိုဖာပေါ်မှာ ဖိမ်နဲ့လှဲနေသူတွေအတွက် ရည်ရွယ်ပြီး ရေးထားတဲ့ စာအုပ်တစ်အုပ်ပါ။ ဒီစာအုပ်က လူကောင်းလူချွန်ဖြစ်ရခြင်းရဲ့ အကျိုးအမြတ်တွေကို ဘယ်လိုရိတ်

http://www.cherrythitsar.org



သိမ်းရမလဲဆိုတာ ပြောပြပါလိမ့်မယ်။ ဘာမှမလုပ်ဘဲ၊ ဘာမှ အပင်ပန်းခံစရာ မလိုပဲနဲ့ အကျိုးအမြတ်တွေကို ရိတ်သိမ်းရမှာနော်။

(အမှန် ပြောရရင်တော့ မိတ်ဆွေအနေနဲ့ ဒီစာအုပ်ကို ဖတ်စရာတောင် မလိုပါဘူး။ ဒီစာအုပ်ကိုဝယ်ပြီး သင့်တော်တဲ့နေရာတစ်ခုမှာ လူမြင်ကောင်းအောင် ပြထားရုံနဲ့တင်ပဲ သင့်ကို ဂုဏ်တက်စေပါလိမ့်မယ်။ ပိုပြီး တောက်ပလာစေလိမ့်မယ်၊ ပိုပြီးပျော်ရွှင်ပါစေလိမ့်မယ်။ ပိုပြီး သက်တောင့်သက်သာ ဖြစ်လာစေလိမ့်မယ်။ ကျွန်တော်ရေးသားတဲ့ စာမျက်နှာတွေက ပုံသေနည်းအသစ်တွေဖြစ်ရင် ဖြစ်နေလိမ့်မယ်။ လူအမျိုးမျိုးကလည်း နည်းအမျိုးမျိုးနဲ့ စမ်းသပ်ဖူးကြတယ်)

ကျွန်တော်ရေးသားတဲ့ ဒီစာအုပ်မှာ စာဖတ်သူတွေအနေနဲ့ အသုံးချချင်တာများရှိနေခဲ့မယ်ဆိုရင်လည်း ကျွန်တော့်အနေနဲ့ နောက်ထပ် စာမျက်နှာအလွတ်တွေ ထည့်ပေးထားလို့ရပါတယ်။ စာအုပ်လည်း ပိုထူသွားမယ်။ စာအုပ်စင်မှာထားရင်လည်း ပိုပြီးတော့ ဟန်ကောင်းသယောင်ယောင် ဖြစ်သွားမယ်။ ဒါပေမယ့် ဒီစာအုပ်ကို စာဖတ်သူရဲ့ အတွင်းရေးမှူးတို့၊ တစ်သက်တာလက်တွဲဖော်တို့က သူတို့ကိုယ်ပိုင် သိမ်းထားချင်လို့ ဝယ်ဖတ်မယ်ဆိုရင်တော့ မိတ်ဆွေအတွက် သတင်းဆိုးတစ်ခုလို ဖြစ်နေမှာ သေချာတယ်။ ကျွန်တော့်အတွက်တော့ သတင်းကောင်းပေါ့လေ။ စာအုပ်တွေ ပိုရောင်းရတာကိုး။

ဒီတော့ စာဖတ်သူမိတ်ဆွေတွေအနေနဲ့ ကျွန်တော့်နောက်ကို လိုက်ခဲ့စေချင်တယ်။ ကျွန်တော်က စာဖတ်သူတွေကို ပိုပြီး ရဲရင့်ပြတ်သားတဲ့ ကမ္ဘာတစ်ခုကို ခေါ်သွားမယ်လေ။ ကျွန်တော်ခေါ်သွားမယ့်နေရာမှာ ကျွန်တော်တို့ရဲ့ သူရဲဘောကြောင်မှုကို ကောင်းကောင်းကြီး သိမ်းဆည်းထားနိုင်တယ်နော်။ ကျွန်တော်တို့အတူ ခရီးဆက်နေရင်းနဲ့ မိမိတို့ရဲ့ဂါထာမန္တရားတွေကိုလည်း သတိရကြပါ။ မိမိကိုယ်မိမိလည်း ဆုတောင်းဂါထာတွေ ရွတ်ဆိုစေချင်တယ်။ ပြီးတော့ ကိုယ့်ရဲ့အတွေ့အကြုံ အယူအဆတွေကိုလည်း ကတ်တစ်ခုပေါ်မှာ ပုံနှိပ်ပြီး ရေခဲသေတ္တာတံခါးမှာပဲဖြစ်ဖြစ်၊ ကားဒတ်ချ်ဘုတ်မှာပဲဖြစ်ဖြစ် တင်ထားလိုက်ပေါ့။ လုပ်ရဲမယ်ဆိုရင်တော့ ခါးမှာတောင် စာတန်းချိတ်ထားလို့ ရသေးတယ်။

မိတ်ဆွေတို့မှာကိုယ်တိုင်ရေးထားပြီးတဲ့ ဂါထာမန္တရားတွေရှိလား။ သြော် ကျွန်တော်မေ့သွားလို့။ ကျွန်တော် စောစောကတည်းက ပြောထားပြီးပြီပဲ။

http://www.cherrythitsar.org



ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ဂါထာမန္တရားက "ဘာပဲဖြစ်ဖြစ် တုပလို့ရတယ်"ဆိုတဲ့ ဂါထာပဲ။ ဟုတ်တယ် မဟုတ်လား။ သင့်အနေနဲ့ ဒီလောက်နဲ့မလုံလောက်သေးဘူးဆိုရင်တော့ "အုံ"တွေ၊ "ဖွ"တွေထပ်တိုးရင် တိုးလို့ရပါသေးတယ်။

ကဲ မိတ်ဆွေတို့အနေနဲ့ အဆင်သင့်ဖြစ်နေပြီလား။ အသင့်ဖြစ်ပြီလား။ အသင့်ပဲဆိုရင် ကျွန်တော်တို့ ရှေ့ကိုခရီးဆက်ကြမယ်။

*

http://www.cherrythitsar.org


# မြန်မာပြန်သူ၏ ဝန်ခံချက်

ကျွန်တော် အခုစာအုပ်ကို ဘာသာပြန်တယ်ဆိုတာထက် မြန်မာစာဖတ်ပရိသတ်တွေ အတတ်နိုင်ဆုံး နားဝင်လွယ်အောင် ပြန်ရေးတယ်ဆိုတင် ပိုပြီးမှန်ပါလိမ့်မယ်။ ဘာကြောင့် ခရေစေ့တွင်းကျ မြန်မာမပြန်တာလည်းလို့ မေးစရာအကြောင်း ရှိပါတယ်။ အကြောင်းကတော့ တခြားမဟုတ်ပါဘူး။ ဒီစာအုပ်ထဲမှာပါဝင်တဲ့ အကြောင်းအရာတချို့ဟာ ကျွန်တော်တို့မြန်မာတွေရဲ့ ဓလေ့စရိုက်နဲ့ ယှဉ်တွဲနားလည်ကြည့်လို့မရအောင် ဖြစ်နေတဲ့အပြင် အနောက်တိုင်းသားတွေသာ နားလည်နိုင်လောက်တဲ့ ခေတ်ပေါ် အသုံးအနှုန်းတွေ သုံးစွဲထားတာကြောင့်ပါပဲ။ ဒီအချက်တွေအပြင် မူရင်းစာရေးသူက စာကို အတည်အခန့်ရေးတာထက် အပြောင်အပြက်တွေ ရေးရတာ ပိုပြီး အားသန်နေတဲ့အတွက် ကျွန်တော့်အနေနဲ့ ဘာသာပြန်တယ်ဆိုတာထက် မြန်မာလို ဆီလျော်အောင် ပြန်ရေးထားတာဖြစ်ကြောင်း ဝန်ခံချက်ရေးရခြင်းပါ။

မြန်မာလိုဖတ်ရှုတဲ့အခါမှာ အဆင်မပြေတာများ ရှိခဲ့မယ်ဆိုရင်တော့ မူရင်းစာရေးသူထက် မြန်မာလိုရေးသူ ကျွန်တော့်မှာသာ တာဝန်ရှိတယ်လို့ပဲ ဆိုပါရစေ။

**ညီသစ်**

http://www.cherrythitsar.org

# ရှာဖွေခြင်းနှင့် တွေ့ရှိခြင်း



မျိုးဆက်သစ် စာပေ

# ရှာဖွေခြင်းနှင့် တွေ့ရှိခြင်း

ဒီကနေ့ခေတ်ကာလကြီးမှာ ပျင်းပျင်းရိရိနေတတ်တဲ့ လူတစ်ယောက်ဖြစ်ဖို့ ဆိုတာ သိပ်ပြီးလွယ်လှတာ မဟုတ်ပါဘူး။ ဒီအချက်ဟာ ခေတ်အဆက်ဆက်တိုင်းမှာ မှန်ကန်နေတယ်ဆိုတာကို ကျွန်တော်က သတိပေးချင်တာပါ။ ပျားပန်းခတ်နေတဲ့ လူအုပ်က အချည်းအနှီးဖြစ်နေတဲ့ အားထုတ်မှုကို ဘယ်လိုလုပ်ပြီး ဂရုထားနိုင်မှာလဲ။ အကြောင်းပြချက်တစ်ခုကို နားထောင်ဖို့ ခေါင်းမာမာနဲ့ပဲငြင်းမှာပေါ့။ အသုံးဝင်မှုနဲ့ သည်းခံမှုကိုပဲ တောင်းဆိုမှာပေါ့။ ကျွန်တော်တို့ တတွေ သိလိုက်ရမှာက ကျွန်တော်တို့ရဲ့ အနုပညာကို ချဲ့ထွင်ဖို့အတွက် စည်းကမ်းနဲ့ ရည်မှန်းချက်မျိုးတွေ လိုအပ်တယ် ဆိုတာလောက်ပဲရှိတယ်။ နောက်ဆုံးတော့ ကျွန်တော်တို့ရဲ့ဝန်ထုပ်ဝန်ပိုးတွေကို ကျွန်တော်တို့ပဲ ပြန်ထမ်းကြရ ပြန်တာပါပဲ။

ဒါတောင်မှ ကျွန်တော်တို့ဟာ ဒီကနေ့လို ခေတ်ကြီးမျိုးမှာ မိမိကိုယ်မိမိ ပိုပြီး ကောင်းအောင်လုပ်ဖို့ အတားအဆီးအမျိုးမျိုးကို တုံးတိုက်တိုက် ကျားကိုက်ကိုက် တိုက်ခိုက်နေရတုန်းပါပဲ။ အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ပိုပြီး ကြည့်ပျော်ရှုပျော် ဖြစ်လာဖို့အတွက်၊ အရက်သေစာကို နည်းနည်းလောက်ပဲ သောက်ဖို့အတွက်၊ မချောလေးတွေနဲ့ စံမြန်းနိုင်ဖို့အတွက် ဒီလို တိုက်ခိုက်နေကြရတာပါ။

ငယ်စဉ်က သန်တုန်းမြန်တုန်းအရွယ်ကတော့ ကျွန်တော် ကိုယ်တိုင်လည်း ပိုပြီး ပြီးပြည့်စုံတဲ့ဘဝရဲ့ လျှို့ဝှက်ချက်ကို ရှာဖွေဖို့ ကမ္ဘာကို ပတ်ခဲ့ဖူးတာပဲ။ ကျွန်တော် တောင်အမေရိကတိုက်ဖက်ကို ခရီးသွားတယ်။ ချီလီနိုင်ငံကို

သွားတယ်။ အက်တာကာမာ ကန္တာရရဲ့ ပူလောင်ခြောက်သွေ့လှတဲ့ ဖုန်းဆိုးမြေ ရှိရာအရပ်တွေကို ခရီးသွားခဲ့တယ်။ အဲဒီအရပ်ကိုရောက်တော့ တောင်တန်းတွေ ပေါ်မှာ ပညာရှိကြီးတစ်ယောက်နေတယ်ဆိုတဲ့ သတင်းစကားတွေကို ကျွန်တော် ကြားသိခဲ့ရတယ်။ ကျွန်တော်ကလည်း အဲဒီသတင်းစကားကြောင့် ပညာရှိကြီးကို ကံကြိုက်တုန်း တွေ့သွားမှဖြစ်မယ်လို့ ဆုံးဖြတ်ချက် ချခဲ့တယ်။ အဲဒီအရပ်မှာ နေထိုင်ကြတဲ့ အရပ်သားတွေကလည်း ပညာရှိကြီးရှိရာကို ညွှန်ပြကြပါတယ်။ မတ်စောက်တဲ့ ကျောက်စွန်းတွေရှိရာဆီ ထိုးတက်သွားတဲ့ ပြောင်ချောချော ကျောက်တုံးတွေကြားထဲက လူသွားလမ်း မှုန်ပျပျလေးကို ညွှန်ပြကြတယ်။ ပညာရှိကြီးက အသက်လည်းကြီးပြီတဲ့။ မုတ်ဆိတ်မွေးကလည်း ရှည်လျား တယ်တဲ့။ ကျွန်တော်သာ သူရှိရာတောင်ပေါ်ကို တက်သွားမယ်ဆိုရင် မတ်စောက်တဲ့ နေရာမျိုးရောက်ရင် ပညာရှိကြီးက ကျောက်ဆောင်ထိပ်ဖျားမှာ ပေါ်လာပြီး သရက်သီးတွေနဲ့ ပစ်ပေါက်လိမ့်မယ်လို့လည်း သူတို့က ပြောကြတယ်။

"ဒီလိုကန္တာရ လွင်တီးခေါင်ကြီးမှာ သူက သရက်သီးတွေကို ဘယ်က ရသလဲ"လို့ ကျွန်တော်က ဒေသခံတွေကို မေးကြည့်တယ်။ ဒီတော့ ဒေသခံတွေက မြေကြီးကို စိုက်ကြည့်ပြီး သူတို့ရဲ့ ခြေမတွေနဲ့ ကောက်ကြောင်းတွေ ရေးခြစ် ပြတယ်။

"တောင်တန်းတွေပေါ်က ပညာရှိကြီးက အလွန်လျှို့ဝှက်ဆန်းကြယ်တဲ့ အလုပ်မျိုးတွေ လုပ်တတ်တယ်"လို့ ဒေသခံတွေက ကျွန်တော့်ကို ပြောပြကြတယ်။

ဒါကြောင့် ကျွန်တော်လည်း ကျောပိုးအိတ်ကို ထုပ်ပိုး၊ မိုးကာဂျာကင်ကို ဝတ်ပြီး တောင်တန်းတွေရှိရာကို ထွက်ခဲ့တယ်။ ရာသီဥတုက ပူလောင်ပြီး ခြောက်သွေ့လွန်းလှတယ်။ ဒါပေမဲ့ ကန္တာရထဲရောက်နေမှတော့ ဒီလိုရာသီဥတု မျိုးနဲ့ ကြုံရတာဟာ အဆန်းတော့ မဟုတ်ပါဘူး။

တောင်တန်းတစ်နေရာရဲ့ အမတ်စောက်ဆုံးနေရာကို ကျွန်တော်ရောက် သွားတဲ့အခါမှာတော့ ကျွန်တော်ရဲ့ မိုးကာအင်္ကျီကို ခေါင်းပေါ် ခြုံလိုက်တယ်။ ဒီလောက်ခက်ခဲတဲ့နေရာကို ရောက်တော့မှတော့ ဘယ်လိုလူက သရက်သီးနဲ့ အပေါက်ခံချင်မှာလဲ။ ကျွန်တော့်ရဲ့ အတက်ခရီးက ပိုပြီးမတ်စောက်တဲ့နေရာကို ရောက်သွားလေလေ တောင်တန်းပေါ်က ပညာရှိကြီး ပေါ်မလာဘူးဆိုတာကို သတိထားမိလေလေပဲ။ ကျွန်တော့်ကို သရက်သီးနဲ့လာမပေါက်မှတော့ ကျွန်တော့်

http://www.cherrythitsar.org



အနေနဲ့ ဒီတောင်တန်းပေါ်က ပညာရှိကြီးကို ဘယ်လိုလုပ်ပြီး တွေ့နိုင်မှာလဲ။ အဲဒီအချိန်မှာ တောင်တန်းပေါ်က ပညာရှိကြီး ကျွန်တော့်ကို ပေးလိုက်တဲ့ ပထမဦးဆုံး အတွေးအခေါ် တစ်ခုကတော့ အောက်ပါအတိုင်းပါပဲ။

**"ကျွန်တော် အဆိုးဝါးဆုံးကို မျှော်လင့်နေတယ်။ ဒါပေမယ့် အဆိုးဆုံးက ရောက်မလာလို့ ကျွန်တော် စိတ်ပျက်မိတယ်။ ကျွန်တော်ဟာ မိမိရဲ့ ကိုယ်ပိုင် တုန်လှုပ်ခြောက်ခြားမှုရဲ့ ဗိသုကာပညာရှင်ဖြစ်တယ်"**

အမှန်မှာတော့ ကျွန်တော် အထက်မှာ ဖော်ပြခဲ့တာဟာ ဒုတိယမြောက် ရရှိခဲ့တဲ့ အတွေးအခေါ်အပိုင်းအစပါ။ ပထမဦးဆုံး ရရှိခဲ့တဲ့ အတွေးအခေါ်ကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

**"တကယ်လို့ သင်ဟာ မိုးကာဂျာကင်အင်္ကျီကို ခေါင်းပေါ်ခြုံပြီး တောင် တန်းရဲ့ အမတ်စောက်ဆုံးနေရာကို တက်သွားမယ်ဆိုရင် သင်ဘယ်နေရာကို သွားနေသလဲဆိုတာ မြင်နိုင်မှာ မဟုတ်သလို တကယ်လို့ သင့်ရဲ့မေးစေ့ကို ကျောက်တုံးတစ်ခုနဲ့ ပွတ်တိုက်မိမယ်ဆိုရင်လည်း အံ့ဩစရာ မဟုတ်ပါဘူး"**

ဒါကြောင့်မို့ ကျွန်တော်လည်း ခေါင်းပေါ်က မိုးကာအင်္ကျီကို ဖယ်လိုက် တယ်။ ကျွန်တော် မတ်တပ်ရပ်နေရင်း ကျောက်တုံးကို မေးစေ့နဲ့ ပွတ်တိုက်နေမိ ချိန်မှာတော့ ကျွန်တော့်မျက်စိရှေ့မှာ ကျောက်ဆွယ်တစ်ခုကို တွေ့လိုက်ရတယ်။ အဲဒီကျောက်ဆွယ်ပေါ်မှာ ထိုင်နေတာကတော့ ရှည်လျားစုတ်ပြတ်နေတဲ့ မုတ်ဆိတ်မွေးတွေနဲ့ စုတ်စုတ်ပြတ်ပြတ်အဘိုးအို တစ်ယောက်ပဲ။ အဘိုးအိုက ခြေထောက်နှစ်ဖက်ကို တင်ပလ္လင်ချိတ်ပြီးထိုင်နေတယ်။ ကျွန်တော် ဟောဟဲ ဟောဟဲဖြစ်ရင်း သူ့ခြေရင်းမှာ ပုံခနဲဖြစ်သွားတယ်။ သူ့ခြေရင်းမှာ ပုံခနဲ ထိုင်ချလိုက်တာက ကျွန်တော် အဲဒီပုဂ္ဂိုလ်ကြီးကို ကြည်ညိုတာက တစ်ပိုင်း၊ မတ်စောက်လွန်းတဲ့ တောင်ပေါ်ကို မနားတမ်းတက်လာခဲ့ရတဲ့အတွက် မောဟိုက် လွန်းတာကလည်း တစ်ပိုင်းပါတယ်။ အမောခံနိုင်မယ့် ကိုကာရွက်တွေကို ဒေသခံတွေက လုံးဝမရောင်းချင်ကြဘူးလေ။ ဒီတော့ ကျွန်တော် ဟိုက်နေတာပေါ့။

ကျွန်တော် မောဟိုက်တာတွေ ပြေပျောက်သွားတော့မှ အရေးပါတဲ့ ဘဝသင်ခန်းစာတစ်ခုကို ကျွန်တော် စဉ်းစားမိလိုက်တယ်။

**"တကယ်လို့သာ ကျွန်တော်တို့တတွေဟာ မိမိတို့ရဲ့ခေါင်းပေါ်ကို အပူပိုင်း ဒေသရဲ့သစ်သီးတွေ ကျလာမှာ မကြောက်ဘူးဆိုရင် ကျွန်တော်တို့ရဲ့ ရှေ့မှာ**

http://www.cherrythitsar.org



***ရှိနေတဲ့ စည်းစိမ်ချမ်းသာတွေကို ထင်ထင်ရှားရှား မြင်လာနိုင်စွမ်း ရှိလာမှာ အမှန်ပါပဲ"***

ကျွန်တော်ဟာ အဲဒီစာသားတွေကို ကျွန်တော့်ရှေ့က သဲပြင်ပေါ်မှာ ချရေးနေမိတယ်။ အရေးအကြောင်းရှိရင် ဒီစာသားတွေကို ကျွန်တော် မေ့ပျောက်သွားမှာစိုးလို့ပါ။

ကျွန်တော် ဒီပုဂ္ဂိုလ်ကြီးရဲ့ ရှေ့တော်မှောက်ကို ရောက်ရှိသွားပေမယ့် သူ့ကို ဘယ်လိုပုံစံနဲ့ ချဉ်းကပ်ရမလဲဆိုတာ ရေရေရာရာမသိဘူး ဖြစ်နေတယ်။ ပုဂ္ဂိုလ်ကြီးရဲ့ မျက်လုံးတွေကတော့ ပိတ်ထားဆဲပါပဲ။ သူ့အသက်ရှူပုံက ပြင်းတယ်။ နက်ရှိုင်းတယ်။ ဒါပေမယ့် ပုံမှန်ပဲ။ ပညာရှိ ပုဂ္ဂိုလ်တွေရဲ့ သာမန်နေပုံထိုင်ပုံတစ်ခုအတိုင်း နေထိုင်ကျင့်ကြံနေတဲ့ပုံစံမျိုး။ ကျွန်တော်လည်း တုန်ရီနေတဲ့ လက်တစ်ဖက်နဲ့ သူ့ရဲ့ နံငယ်ပိုင်းအစလေးကို လှမ်းဆွဲလိုက်တယ်။

ပုဂ္ဂိုလ်ကြီးခမျာ ကျွန်တော့်ရဲ့လုပ်ရပ်ကြောင့် တွန့်ခနဲဖြစ်သွားပြီး အသက်ကို ရှူးခနဲမှုတ်ထုတ်လိုက်ရင်း မျက်လုံးပွင့်သွားတယ်။ သူ့မျက်လုံးအစုံဟာ အရေတွေလှဲ့နေတယ်။ ဝီစကီအပြည့်ထည့်ထားတဲ့ ဖန်ခွက်နှစ်လုံးရဲ့ မျက်နှာပြင်လိုပဲ။ သူ့ရဲ့မျက်လုံးအစုံက ကောင်းကင်ကြီးကို မော်ကြည့်နေရင်းနဲ့ "ဘာကိစ္စများ ရှိသလဲ"လို့ ကျွန်တော့်ကို မေးတယ်။

"ကျွန်တော်က ဆရာကြီးကို ဖူးတွေ့ဖို့ရောက်ရှိလာတဲ့ ခရီးသွားတစ်ဦးပါ ခင်ဗျာ"လို့ ကျွန်တော်က ဆံပင်ကို သူ့ခြေထောက်နဲ့ပွတ်တိုက်ရင်း ရိုရိုကျိုးကျိုး ပြောပြလိုက်ပါတယ်။

"ဒီလောက် မတ်စောက်လှတဲ့တောင်ကို မင်း ဘယ်လိုဘယ်ပုံနဲ့များ ရောက်အောင် တက်လာရတာလဲကွယ့်။ မင်းတက်လာတဲ့အသံကိုတောင် ငါ မကြားလိုက်ရပါလား"လို့ ပညာရှိကြီးက ကျွန်တော့်ခေါင်းကို ခြေထောက်နဲ့ ကန်ရင်း မေးတယ်။

ကျွန်တော် လန့်သွားတယ်။ တုန်လှုပ်ခြောက်ခြားသွားတာမျိုးတော့ မဟုတ်ပါဘူး။ စုတ်ပြတ်နေတဲ့ ပညာရှိအိုကြီးက တော်တော်သန်မာလှချည်လား။ ကျွန်တော့်ခေါင်းကို ကန်လိုက်တဲ့ သူ့ခြေထောက်ကန်ချက်က ပြင်းထန်လှချည်လား။ ကျွန်တော့်မှာ ချန်ကိုဆိုတဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်။ ချန်ကိုက လာအိုနိုင်ငံရဲ့ ထူထပ်လှတဲ့ တောအုပ်ထဲက ပညာရှိကြီးတစ်ဦးကို သွားတွေ့

http://www.cherrythitsar.org


ဖူးတယ်။ အဲဒီပညာရှိကြီးက ချန်ကိုနဲ့ ကြွေအန်စာ ကစားရင်း ဒေါသတွေ အကြီးအကျယ်ထွက်ပြီး ချန်ကိုရဲ့ ခေါင်းနဲ့ ပုခုံးကို ဝါးရင်းတုတ်ရှည်နဲ့ ရိုက်ခဲ့ဖူးတယ်။ အုတ်ခဲကျိုးနဲ့လည်း ကောက်ထုခဲ့ဖူးတယ်။

"တစ်ခါတလေကျတော့လည်း ပညာရှိတွေက ခပ်ကြမ်းကြမ်းနည်းတွေ သုံးပြီး ဆုံးမတတ်ကြတယ်ကွ"လို့ ချန်ကိုခမျာ ဝမ်းနည်းပက်လက်နဲ့ ကျွန်တော့်ကို ပြောခဲ့တယ်။

အဲဒီအခိုက်အတန့်မှာပဲ ကျွန်တော်ဟာ ဘဝရဲ့ နောက်ထပ်သင်ခန်းစာ တစ်ခုကို သဲထဲမှာ လက်ညှိုးနဲ့ ရေးခြစ်လိုက်မိတယ်။

"သင့်ရဲ့ စံပြပုဂ္ဂိုလ်တွေမှာ ရွံ့လိုမာတဲ့ ခြေထောက်တွေရှိနေတာကို ရှာဖွေတွေ့ရှိလိုက်ရတဲ့အတွက် ကြောက်ရွံ့မသွားပါနဲ့။ သူတို့မှာသာ ရွံ့လိုမာတဲ့ ခြေထောက်မျိုးရှိနေရင် သူတို့က သင့်ရဲ့ခေါင်းကို ကန်တဲ့အခါ သင်လည်း ပြောပလောက်အောင် နာမှာမဟုတ်ပါဘူး"

တောင်တန်းပေါ်က ပညာရှိကြီးဟာ ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ကျွန်တော့် ခေါင်းကို ခြေထောက်နဲ့ ကန်ကျောက်နေတာ ရပ်လိုက်တယ်။ နေသားတကျ ပြန်ထိုင်လိုက်ပြီးမှ သူ့မျက်လုံးအစုံကို တင်းတင်းပြန်မှတ်ထားတယ်။

"ဆရာကြီးခင်ဗျား။ ကျွန်တော်က ဆရာကြီးရဲ့ စေလိုရာစေ တပည့် တစ်ယောက်ပါ"လို့ ကျွန်တော်က ပြောလိုက်တယ်။

"မင်းဟာ ငါ့ရဲ့ တပည့်တစ်ယောက်ဆိုရင်တော့ ဒီတောင်ပေါ်ကို နောက်ထပ် ဘယ်သူတွေ တက်လာသေးလဲဆိုတာကို မျက်ခြည်မပြတ် စောင့်ကြည့်နေစမ်း။ ငါ့မှာ သရက်သီးတွေ တစ်ပတ်စာလောက် ရှိနေသေးတယ်။ ငါ့ သရက်သီးတွေကို အပုပ်ခံလို့ မဖြစ်ဘူးကွ"လို့ ဆရာကြီးက သူ့နံငယ်ပိုင်းကို ပြင်ဝတ်ရင်း ကျွန်တော့်ကို ပြောတယ်။

"ဒါပေမယ့် ဆရာကြီးရယ်၊ ကျွန်တော်က ဆရာကြီးဆီက ပညာတွေကို သင်ယူဖို့ရောက်လာရတဲ့သူပါ"လို့ ကျွန်တော်က ပြောလိုက်တယ်။

ဒီတော့ သူက ကျွန်တော့်ခေါင်းကို ခြေထောက်နဲ့ ထပ်ကန်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် ကျွန်တော်က သူ့ခြေထောက်ကို ဖမ်းယူလိုက်ပြီး ဆွဲလိမ်ရင်းနဲ့ သူ့ကို မြေကြီးပေါ် လှဲချလိုက်ရတယ်။ အမှန်မှာတော့ အဲဒီ အခြေအနေက ကျွန်တော့်အတွက် တကယ့်ကိုသူရဲဘောကြောင်လှတဲ့ အခြေအနေပါ။ ဒါပေမယ့်

http://www.cherrythitsar.org



လည်း ဘယ်လိုမှ မတတ်နိုင်တော့ဘူးလေ။ ရသမျှ အချိန်ပိုင်းလေး အတွင်းမှာပဲ ကျွန်တော် သဲပြင်ပေါ်ကို အောက်ပါစာသားတွေ ရေးချလိုက်တယ်။

**"အမြော်အမြင်ကြီးမားမှုဟာ သရက်သီးတွေလို မိုးပေါ်က ကျလာတာ မဟုတ်ပါဘူး။ တစ်ခါတလေမှာ သင်ဟာ အမြော်အမြင်ရှိခြင်းနဲ့ နပမ်းလုံးဖို့ လိုတယ်။ အမြော်အမြင်ရှိခြင်းကို ဆတ်တငံ့ငံ့ဖြစ်အောင် လုပ်ထားဖို့လိုတယ်။ အမြော်အမြင်ရှိခြင်းနဲ့ နပမ်းလုံးဖို့ကိုလည်း ဘယ်တော့မှ မကြောက်ပါနဲ့။ တကယ်လို့သာ အဲဒီ အမြော်အမြင်တရားက သတ်မှတ်ထားတဲ့ အချိန်ကာလ တစ်ခုခုအတွက် တောင်ထိပ်ပေါ်မှာ ခြေနှစ်ဖက်ချိတ်ပြီး ထိုင်နေတယ်ဆိုရင် သူ့ခမျာ အနည်းနဲ့အများတော့ အာဟာရချို့တဲ့နေမှာပဲ။ ဒီတော့ ကိုယ့်အနေနဲ့လည်း သူ့ကို ကိုင်တွယ်ဖို့အတွက် ပိုပြီး လွယ်ကူသွားနိုင်တာပေါ့"**

"ကောင်းပြီ၊ ကောင်းပြီ။ မင်း ငါ့ကို ပြန်ထုပေးရင် မင်းရဲ့ မေးခွန်းတွေကို ငါဖြေမယ်"လို့ တောင်တန်းပေါ်က ပညာရှိကြီးက ပလုံးပထွေးလေသံနဲ့ ကျွန်တော့်ကိုပြောတယ်။

ဒီလိုနဲ့ပဲ ကျွန်တော်တို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြတယ်။ ကျွန်တော်တို့နှစ်ယောက်ရဲ့ ကြားထဲမှာတော့ ရန်းရင်းဆန်ခတ်မှုတွေ မရှိတော့ပါဘူး။ တည်တည်ငြိမ်ငြိမ်နဲ့ အေးအေးဆေးဆေး ဖြစ်သွားပါပြီ။

"လူတစ်ယောက်က ဘယ်လိုလုပ်ပြီး တောင်တန်းတွေရဲ့ ပညာရှိ အဘိုးအိုတစ်ယောက် ဖြစ်သွားရတာလဲ"လို့ ကျွန်တော်က မေးလိုက်တယ်။

ပညာရှိကြီးက ပခုံးတွန့်ပြတယ်။ ပြီးမှ နှာခေါင်းရှုံ့ပြီး သူ့မုတ်ဆိတ်မွေးတွေကို လေထဲမှာ ခါယမ်းလိုက်တယ်။

"ဒီလောက်ကြီးလည်း မဟုတ်ပါဘူးကွယ်လို့ဆိုရင်း သူက ကျွန်တော့်ကို အောက်ပါ ပုံပြင်လေး ပြောပြတယ်"

"ငါလည်း မင်းလိုပါပဲကွာ။ ပညာအလင်းရောင်ကိုရှာဖွေနေတဲ့ လူငယ် **တစ်ယောက်ပါ။ သူ့ကိုယ်သူ ကားလို့စ် ကက်စတန်နီဒါလို့ဆိုတဲ့ လူတစ်ယောက်နဲ့** ငါ တွေ့ခဲ့ဖူးတယ်။ အခုချိန်မှာ ပြန်တွေးကြည့်တော့လည်း ငါတွေ့ခဲ့တဲ့သူဟာ ကားလို့စ်ကက်စတန်နီဒါပဲ ဖြစ်မှာပါလေ။ သူဟာ ဂစ်တာကို ကျွမ်းကျွမ်းကျင်ကျင် တီးခတ်တတ်တဲ့ သူတစ်ယောက်ဖြစ်သလို အလွန်ပညာရှိလှတဲ့ လူတစ်ယောက် လည်းဖြစ်တယ်လို့ လူတိုင်းက ပြောကြတယ်။ သူက ငါ ဝါးဖို့ဆိုပြီးရှားစောင်း

http://www.cherrythitsar.org



စလေးတစ်ခု ငါ့ကိုပေးခဲ့တယ်။ အဲဒီအချိန်တုန်းကတော့ "ဒီလူသာ တကယ်ပညာရှိလွန်းတဲ့သူဆိုရင် ရှားစောင်းသားတစ်ခုကို မဝါးခင် ဘာကြောင့် ဆူးကိုမနှုတ်ရတာလဲ"လို့ ငါ တွေးနေမိခဲ့တယ်။ ဒါပေမယ့် အဲဒီတုန်းကတော့ ငါက ငယ်သေးတာကိုး။ ပြီးတော့ အမြင်တွေ မှောက်မှား စေနိုင်လောက်တဲ့ ဆေးတစ်ခုပေးတဲ့အတွက်လည်း သာယာနေမိခဲ့တယ်လေ။

"ဒီတော့ ငါလည်း သူပေးတဲ့ ရှားစောင်းသားကို စားလိုက်တယ်။ အဲဒီမှာတင် အလွန့်ကို ထူးခြားတဲ့အရာတွေ ဆက်တိုက်ဖြစ်လာတော့တာပဲ။ အနတ္တသဘောရဲ့ အဖွဲ့တ္တလုပ်ဆောင်မှုတွေကို ငါ မြင်လာရတယ်။ ငါမြင်လာတဲ့ အမြင်တွေကို သဲပြင်ပေါ်မှာ လက်ညှိုးနဲ့ ချရေးလိုက်တယ်။ ဒီလိုသာ မရေးမိခဲ့ရင် မေ့သွားမှာပဲဆိုတာ ငါ သိနေတယ်လေ။ ဒါပေမယ့် သဲပေါ်မှာ ရေးချလိုက်တဲ့ စာတွေက ဘယ်လိုဖြစ်သွားလဲဆိုတာ မင်းသိလား။ ရေးချထားလိုက်တဲ့ စာတွေက ကောင်းနေတာ မှန်ပေမဲ့ ကိုယ်နဲ့မကွာ ယူသွားလို့ မဖြစ်ဘူးဆိုတာ ငါတွေ့လိုက်ရတယ်။

"နောက်တော့ ဘဝနဲ့ အနတ္တသဘောရဲ့ အဖွဲ့တ္တလုပ်ဆောင်မှုအမြင်တွေ ပျောက်သွားပြီးတဲ့အခါမှာ ငါ့ရဲ့အာရုံအမြင်ထဲကို စနိုပီပုံနဲ့ အစွယ်ငေါငေါ မကောင်းဆိုးဝါးတစ်ကောင် ရောက်လာတယ်"

ဒီအချိန်မှာတော့ ကျွန်တော် ကြားဝင်ရတော့တယ်။

"စနိုပီ ဟုတ်လား"

"ဟုတ်တယ် စနိုပီပဲ။ စနိုပီဆိုတဲ့ ခွေးလေးက အပြစ်ကင်းစင်ပုံရပေမယ့် ထင်သလောက်လည်း အပြစ်မကင်းစင်ဘူး ဖြစ်နေတယ်။ စနိုပီက ငါ့နောက်ကို လိုက်ကိုက်တယ်ကွာ။ ငါ့မှာ အမေရိကအလယ်ကနေ ထွက်ပြေးလိုက်ရတာ။ ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျလောက်အောင် မနားတမ်းပြေးလာခဲ့ရတာ ဒီနေရာကို ရောက်လာရတဲ့ အထိပါပဲကွာ။ ဒီကို ရောက်တဲ့အချိန်မှာတော့ ဘာတွေဖြစ်သွားသလဲဆိုတာ ငါ မသိတော့ဘူး။ ငါ့အထင်ပြောရရင်တော့ အာရုံအမြင်တွေ မှားစေတဲ့ ရှားစောင်းသားရဲ့ အာနိသင်တွေ ပြယ်သွားတယ်လို့ ယူဆရတာပဲ။ စနိုပီလည်း ဘယ်ပျောက်သွားမှန်းတောင် မသိတော့ပါဘူး။ ဒါပေမယ့် ငါ့မှာတော့ ဖတ်ဖတ်မောနေပြီ။ မင်းပဲ စဉ်းစားကြည့်လေ ဒီလောက်တောင် ပြေးခဲ့ရမှတော့ ကောင်းကောင်းအနားယူချင်ပြီပေါ့။ ချီလီနိုင်ငံ

http://www.cherrythitsar.org



မှာကလည်း အိမ်ငှားခတွေက မင်းတို့ငါတို့ထင်သလောက် ဈေးပေါလှတာမဟုတ်ဘူး။ ဒါကြောင့် အနားယူဖို့ နေရာရှာရင်းနဲ့ ငါဒီကျောက်ဆွယ်ကို ရောက်လာခဲ့ရတာပဲ။ ဒီနေရာလေးက နေရထိုင်ရာလည်း သက်တောင့်သက်သာ ရှိတယ်။ မိုးရွာတဲ့အချိန်နဲ့ အေးတဲ့ညတွေမှာ ငါ့ချိုင်းကြားထဲ မြွေတွေလာခိုပြီး အနွေးဓာတ်ရှာတဲ့ အချိန်တွေကလွဲရင်တော့ နေပျော်စရာ နေရာတစ်ခုပါပဲ”လို့ ပညာရှိကြီးက ဆိုတယ်။

“ဒီမှာက မိုးအတော်ရွာလား”လို့ ကျွန်တော်က မေးလိုက်တယ်။

“လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကာလအထိတော့ မိုးမကြီးပါဘူးကွ” လို့ သူက အိမ်ခြံမြေလုပ်ငန်းမှာ အမြော်အမြင်ရှိရှိနဲ့ ရင်းနှီးမြှုပ်နှံထားတဲ့ လူတစ်ယောက်ရဲ့လေမျိုးနဲ့ ကျွန်တော့်ကို ပြန်ဖြေတယ်။

“ဒါနဲ့ ပညာရှိကြီး ဖြစ်လာရတာနဲ့ ပတ်သက်ပြီးတော့ရော”လို့ ကျွန်တော်က မေးလိုက်တယ်။

“သြော်… ဒါလား။ ငါ ဒီနေရာကိုရောက်လာပြီး ခဏကြာတော့ လင်းတအသိုက်က လင်းတဥတွေ စားနေရင်းနဲ့ နောက်ထပ်ဘာတွေလုပ်ရင် ကောင်းမလဲဆိုပြီး စဉ်းစားနေမိတယ်။ ပါတာဂိုနီယာအထိ ဆင်းသွားပြီး ခရီးသွားစာအုပ် တစ်အုပ်လောက်ရေးရရင် ကောင်းမလားဆိုပြီး စဉ်းစားမိတယ်။ ဒါမှမဟုတ် နယူးယော့ခ်ကိုသွားပြီး ဓာတ်ကရင် ကောင်းမလားဆိုပြီးတော့လည်း စဉ်းစားသေးတယ်။ အဲဒီအချိန်မှာပဲ အောက်က အသံတွေကို ငါကြားလိုက်ရတယ်။ ကြည့်လိုက်တော့ ဒေသခံသုံးယောက်က အစားအသောက်တွေ ထည့်ထားတဲ့ခြင်းတောင်းကြီးတစ်ခုကို ခက်ခက်ခဲခဲသယ်ပြီး တောင်ပေါ်တက်လာနေတာကို တွေ့လိုက်ရတယ်။ အဲဒီတောင်းကြီးထဲမှာ အီလ်မာ ဒိန်ခဲအဝိုင်းကြီး တစ်ခုလည်းပါတယ်ကွ။ ငါကလည်း အီလ်မာ ဒိန်ခဲဆိုရင် သိပ်ကြိုက်တာကိုး”

“ဟုတ်လို့လားဗျာ၊ ကျွန်တော်ကတော့ နည်းနည်းလေးသလားလို့” ကျွန်တော် သူ့ကို ပြောလိုက်တယ်။

“မင်းပြောသလောက်ကြီး မဟုတ်ပါဘူးကွာ။ ဒိန်ခဲနဲ့ပတ်သက်ပြီး သေသေချာချာ သုံးသပ်တတ်ဖို့ မင်းလေ့လာသင်ယူစရာတွေ ရှိသေးတယ်။ ဒါတွေ ထားလိုက်ပါတော့ကွာ။ အဲဒီဒေသခံတွေက သူတို့ကို ဩဝါဒစကားတွေ ပြောပြရရင် သူတို့ကလည်း ငါ့ကို အစားအသောက်တွေ ပြန်ပေးတယ်ကွ။

http://www.cherrythitsar.org



သူတို့ကတော့ ငါ့ကို ပညာရှိထင်ပြီး ဩဝါဒစကားတွေ ချွေခိုင်းတာပေါ့ကွာ။ ငါကလည်း ပွင့်ပွင့်လင်းလင်းပဲ၊ သူတို့လိုချင်တဲ့ ပညာရှိစကားတွေ ငါ့မှာ မရှိဘူးလို့ ပြောလိုက်တယ်။ ဒါပေမယ့် "ပဥ္စလက်နဂါးကို ချီးမွမ်းခန်း"ဆိုတဲ့ သီချင်းထဲက နှစ်ပိုဒ်လောက်ကို ငါ ရွတ်ပြလိုက်တယ်။ ဒီတော့ သူတို့ကလည်း နားထောင်ပြီး ခေါင်းတညိတ်ညိတ်နဲ့ ဖြစ်သွားကြတယ်။ ငါ့သီချင်းလည်း နားထောင်ပြီးသွားကြရော သူတို့တတွေလည်း တစ်ယောက်ကိုတစ်ယောက် တစ်တောင်နဲ့တွက်ပြီး ထွက်သွားကြတယ်။ ဒီတော့မှပဲ သူတို့တွေဟာ အင်္ဂလိပ် စကားကို နားမလည်ကြဘူးဆိုတာ ငါ သဘောပေါက်သွားတော့တယ်။ ဒါပေမယ့် ဘာသာစကားကလည်း ပြဿနာ မဟုတ်သေးပြန်ဘူးကွ။ ဒီလိုနဲ့ပဲ ဒေသခံတွေဟာ ငါ့ဆီကို နေ့တိုင်းရောက်လာကြတော့တာပဲ။ သူတို့နဲ့အတူ အစားအသောက်တွေကိုလည်း ယူဆောင်လာကြတယ်။ ပြီးတော့ ငါဆိုပြလိုက်တဲ့ သီချင်းနှစ်ပိုဒ်ကို နားထောင်ကြတယ်။ တစ်ခါတလေမှာ ငါ စိတ်ပါလက်ပါရှိရင် လည်း သူတို့ကို ဘီးတဲလ်စ်ရဲ့ "အိုဘလာတီး၊ အိုဘလာတာ"သီချင်းပါ ဆိုပြလိုက်တယ်"လို့ သူကပြောပြတယ်။

ကျွန်တော်လည်း သူပြောပြတဲ့ ဇာတ်လမ်းကို ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ပြီး အောက်ပါဘဝသင်ခန်းစာကို သဲပြင်ပေါ်မှာ ချရေးလိုက်တော့တယ်။

***"တစ်ခါတလေမှာ အမြော်အမြင်ကြီးမားဖို့အတွက် ပညာရှိရဲ့ သင်ကြားမှုကို ခံယူဖို့ဆိုတာမျိုးလည်း မလိုအပ်ပါဘူး။ တစ်ခါတရံမှာ ပညာရှိတယ်ဆိုရုံလောက်နဲ့တင်ပဲ လုံလောက်နေပါပြီ။ တစ်ခါတလေမှာ အမြော်အမြင်ကြီးမားမှုဆိုတာကလည်း အဓိပ္ပာယ် မရှိလှပါဘူး"***

ဒါပေမယ့်ဗျာ ကျွန်တော့်အနေနဲ့ အမှန်အတိုင်းပြောရမယ်ဆိုရင် ဘဝရဲ့ သင်ခန်းစာတွေကို ချရေးနေရတာကိုလည်း နည်းနည်းတော့ ညည်းငွေ့နေပါပြီ။ ပိုပြီးဆိုးတာက ဒီတောင်တန်းပေါ်က ပညာရှိကြီးဆိုတဲ့ လူကြီးရဲ့ စကားတွေကို ကြာကြာနားထောင်လာရလေလေ ပညာရှိခြင်းဆိုတဲ့အပေါ် ကျွန်တော် သံသယ ဖြစ်လာလေလေပဲ။

ဒါနဲ့ ကျွန်တော်လည်း ပြန်တော့မယ်လို့ ပြင်ပြီးမှ "နောက်ဆုံးတစ်ခု မေးချင်သေးတယ်ဗျာ၊ သရက်သီးကိစ္စက ဘာသဘောလဲ"လို့ သူ့ကို မေးလိုက်တယ်။

http://www.cherrythitsar.org



တောင်တန်းပညာရှိကြီးက သူ့နှာခေါင်းကို လက်ညှိုးနဲ့တောက်၊ မျက်နှာကို ရှုံ့မဲ့ပြီး ပြန်ဖြေတယ်။

**“လူတိုင်းလူတိုင်းမှာ လျှို့ထားတဲ့တစ်ကွက်တော့ ရှိစမြဲပေါ့ကွာ။ ငါ့ဆီကို** တစ်ပတ်တစ်ခါ ဈေးလာပြီးရောင်းတဲ့ ခရီးသွား ဈေးသည်တစ်ယောက် ရှိတယ်ကွ။ ဒါပေမယ့် သူလာတဲ့လမ်းက နောက်ဖေးလမ်းကြောင်းကနေလာတာ။ ဒီတော့ ဒေသခံတွေက ဒီဈေးသည် ငါ့ဆီလာတာကို မသိကြဘူးပေါ့ကွာ။ ငါ့နေရာရဲ့ နောက်ကျောဖက်မှာ လမ်းတစ်လမ်း ရှိသေးတယ်ကွ။ ဈေးသည်က အဲဒီလမ်းကနေ သူ့ရဲ့ကားလေးနဲ့ မောင်းတက်လာပြီး ငါ့ဆီ ဈေးလာရောင်းတာ။ အခု သူက ငါ့ကို သရက်သီးသိပ်ပြီး မရောင်းချင်တော့ဘူး။ သဘော်သီး ရောင်းဖို့ ဆွယ်နေတယ်။ သဘော်သီးက သရက်သီးထက် ပိုပြီး ဈေးကြီးတယ်။ ဒါပေမယ့် ပိုပြီးအရည်ရွှမ်းတယ်ကွ။ ပြီးတော့ သဘော်သီးဆိုရင် သူက ငါ့ကို စည်သွပ်ပြီး သားပါ ရောင်းနိုင်တယ်။ စည်သွပ်ထားတာဆိုတော့ ရေရှည်ခံ တာပေါ့ကွာ”

ကျွန်တော်လည်း သူ ရှင်းပြတာကို နားထောင်ပြီး တောင်အောက်ကို ပြန်ဆင်းဖို့ ပြင်ဆင်ရတော့တယ်။ နောက်ထပ်ဘာတွေဖြစ်လာမလဲဆိုတာကို ကျွန်တော့်ရဲ့ စိတ်ထဲမှာ ကြိုပြီး ခံစားသိနေသလိုပဲ။ ကျွန်တော့်အထင်ကလည်း မမှားပါဘူး။ ဒီအဘိုးကြီးက လက်တော့ အတော်ဖြောင့်တဲ့လူကြီး။ ကျွန်တော် အမတ်စောက်ဆုံးနေရာရဲ့ တစ်ဝက်လောက်ပဲ ရောက်သေးတယ်။ ကျွန်တော့်ကို သဘော်သီးလေးလုံးနဲ့ လှမ်းပစ်တယ်လေ။ သူ့သဘော်သီးကလည်း မျောက်ဥသာသာလောက် ရှိတာ။ အခုတော့ ကျွန်တော် သူ့ကို အပြစ်မတင်ချင်တော့ပါဘူး။ ဒါပေမယ့် သူ ကျွန်တော့်ကို ပစ်ပေါက်လိုက်တဲ့ သဘော်သီးတွေဟာ စည်သွပ် မထားရင် သိပ်ကောင်းမှာပဲလို့ ကျွန်တော် ဆန္ဒပြုနေမိတယ်။

## အောက်ခြေမှတ်စု

ကျွန်တော့်အနေနဲ့ ဒီဇာတ်လမ်းကို ဒီမှာတင်ပဲ အဆုံးသတ်စေချင်တယ်။ စိတ်မကောင်းဖြစ်စရာကတော့ ဇာတ်လမ်းက ဆုံးမသွားတာပဲ။ ကျွန်တော် နှစ်ပေါင်းအတန်ကြာတဲ့အထိ ကမ္ဘာအနှံ့ ခြေဆန့်နေမိတယ်။ ခြေဆန့်ရတဲ့ အကြောင်းရင်းကလည်း ရည်ရွယ်ချက်ရယ်လို့မရှိဘဲ အသိပညာကို လိုက်ရှာရုံသက်သက်ပါ။ ဒီလိုနဲ့ တစ်နေ့မှာတော့ တောင်တရုတ်ပင်လယ်ရဲ့ မုတ်သုန်

မုန့်တိုင်းဒဏ်ခံရပြီး စုတ်ပြတ်နေတဲ့ ငါးဖမ်းလှေတစ်စင်းပေါ်က ကြိုးပုခက်ပေါ်မှာ လှဲနေရင်းနဲ့ "တော်ပြီကွာ၊ ငါ အိမ်ကိုပဲပြန်တော့မယ်။ အိမ်မှာဆိုရင် နွေးနွေး ထွေးထွေးနဲ့ ရုပ်မြင်သံကြားလည်း ကြည့်လို့ရတယ်"လို့ တစ်ကိုယ်တည်း စဉ်းစားနေမိတယ်။

ဒါကြောင့် ကျွန်တော် အိမ်ပြန်ဖို့ လက်မှတ်ဝယ်လိုက်တယ်။ ဒါပေမယ့် ကျွန်တော့်လေယာဉ်နံပတ်ကို ခေါ်မယ့်အချိန်စောင့်ရင်း လေဆိပ်စာအုပ်ဆိုင် တစ်ဆိုင်မှာ ရပ်နေမိရင်းနဲ့ ရောင်းအကောင်းဆုံး စာအုပ်စင်ပေါ်ကို ကျွန်တော့် မျက်စိက ရောက်သွားတယ်။ အဲဒီစင်ပေါ်မှာ စာအုပ်တစ်အုပ်ရှိတယ်။ စာအုပ်ရဲ့ မျက်နှာဖုံးက လူတစ်ယောက်ရဲ့ မျက်နှာပုံ။ အင်း... နေစမ်းပါဦး၊ ကျွန်တော် ဒီမျက်နှာနဲ့ ရင်းနှီးနေသလိုလိုပဲ။

ဟုတ်တာပေါ့၊ ကျွန်တော် ဒီမျက်နှာကို ကောင်းကောင်းကြီး သိတာပေါ့။ ကျွန်တော် ဒီမျက်နှာကို နောက်ဆုံးမြင်တွေ့ခဲ့စဉ်ကတော့ မွဲတေတေ၊ စုတ်ချာချာ ကိုး။ စာအုပ်ရဲ့ နာမည်ကတော့ "တောင်တန်းပေါ်မှာ သွားပြော"တဲ့။ စာအုပ် အဖုံးပေါ်မှာ အနီရောင် စတစ်ကာလေးတစ်ခု ကပ်ထားတယ်။ စတစ်ကာ ပေါ်က စာသားကတော့"အုပ်ရေ တစ်သန်းကျော် ရောင်းချပြီး"တဲ့။

**စာအုပ်ရဲ့ ခေါင်းစဉ်ငယ်တစ်ခုကတော့ "ပိုမိုပြီး ပြည့်စုံသော ဘဝတစ်ခုမှ** သင်ယူရရှိသော သင်ခန်းစာဆယ်ခု"တဲ့။ ကျွန်တော်အဲဒီစာအုပ်ကို ဖွင့်ကြည့်ဖို့ တွန့်ဆုတ်၊ တွန့်ဆုတ် ဖြစ်နေပေမဲ့လည်း ဖွင့်ကြည့်မိပါတယ်။ ပထမဦးဆုံး အခန်းကို အောက်ပါအတိုင်း စဖွင့်ထားတယ်။

**"တကယ်လို့သာ ကျွန်တော်တို့တတွေဟာ မိမိတို့ရဲ့ ခေါင်းပေါ်ကို အပူပိုင်းဒေသရဲ့ သစ်သီးတွေ ကျလာမှာ မကြောက်ဘူးဆိုရင် ကျွန်တော်တို့ရဲ့ ရှေ့မှာရှိနေတဲ့ စည်းစိမ်းချမ်းသာတွေကို ထင်ထင်ရှားရှား မြင်လာနိုင်စွမ်း ရှိလာမှာ အမှန်ပါပဲ"**

ကျွန်တော်စာအုပ်ကို ပြန်ပိတ်လိုက်ပြီး ကျွန်တော့်လေယာဉ်မီအောင် **အမြန်ပြေးခဲ့ရတယ်။ ပြီးတော့ ကျွန်တော့်စိတ်ထဲမှာ နောက်ဆုံးသင်ခန်းစာတစ်ခုကို** ကျက်မှတ်လိုက်တယ်။ အဲဒီစာသားတွေကို သဲပြင်ပေါ်ချပြီး မရေးရပေမယ့် ကျွန်တော်ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ဘူးဆိုတာ သေချာပါတယ်။

http://www.cherrythitsar.org



“မိမိ၌ ကိုယ်ပိုင်မြော်မြင်စဉ်းစားမှုမရှိလျှင် ကိုယ့်ထူးကိုယ်ချွန် စာအုပ်တွေကို ဖတ်နေလျှင်လည်း ဘာမျှထူးခြားလာမည် မဟုတ်ပါ။ ထိုစာအုပ်တွေကို ဖတ်ရမည့်အစား ချရေးမှသာ ဖြစ်ပါလိမ့်မည်”

http://www.cherrythitsar.org

# မိမိ၏ဥကို ရှာဖွေခြင်း



# မိမိ၏ဥကို ရှာဖွေခြင်း

တောင်တန်းတွေပေါ်က ဆရာသမားတွေဟာ ကျွန်တော်တို့ရဲ့ရည်မှန်းချက်တွေအတွက် မကောင်းလှဘူးဆိုတာကို ဆင်ခြင်ကြဖို့လိုပါတယ်။ အဲဒီလို လူမျိုးတွေဟာ ဘယ်သူရဲ့ရည်မှန်းချက်အတွက်မဆို ကောင်းမှာလည်း မဟုတ်ဘူး။ အကျိုးထူးပေးနိုင်မှာလည်း မဟုတ်ဘူး။ ပြီးတော့ အပျင်းကြီးတဲ့ လူမျိုးတွေအတွက်ဆိုရင် ပိုပြီးတော့တောင်ဆိုးသေးတယ်။ အဲဒီလိုတောင်တန်းတွေပေါ်က ဘိုးတော်တွေဟာ တောထဲတောင်ထဲမှာ မုတ်ဆိတ်ရိတ်တဲ့ ဓားတစ်ချောင်းတောင်မရှိတဲ့ ရူးကြောင်ကြောင် ဘိုးတော်မဟုတ်ဘဲ ဘိုးတော်အစစ်အမှန်တွေဆိုရင်တောင်မှ အဲဒီလိုလူမျိုးကို တွေ့ဖို့ရာ ပိုလို့တောင် ခဲယဉ်းသေးတယ်။ ဘီယာတစ်လုံးသောက်ပြီး အိမ်ပြန်ဖို့တက္ကစီငှားစီးနေချိန်မျိုးမှာဆိုရင် အဲဒီလို ဘိုးတော်တွေကို ဆရာသမားတွေကို ဘယ်လိုလုပ်တွေ့အောင် ရှာနိုင်မလဲ။ ကံကောင်းချင်တော့ ကျွန်တော်တို့အားလုံး သိသင့်တယ်လို့ ယူဆရတဲ့ ဇာတ်လမ်းတစ်ပုဒ်က ကျွန်တော့်ရဲ့ လက်တစ်ကမ်းမှာ ရှိနေတယ်။ အဲဒီဇာတ်လမ်းလေးကို အခုနားထောင်ကြည့်ပါဦး။ ဒီဇာတ်လမ်းလေးက ကျွန်တော်တို့အားလုံး လက်ခံနိုင်တဲ့ ရိုးရိုးရှင်းရှင်း ဇာတ်လမ်းလေးတစ်ပုဒ်ပါ။ ဒီဇာတ်လမ်းလေးက ကျွန်တော်တို့ရဲ့ အဇ္ဈတ္တနှလုံးသားကို ရည်ညွှန်းပြောတဲ့ ဇာတ်လမ်းလေးပါပဲ။

အဲဒီအချက်အပြင် ပိုပြီးကောင်းတာ ဘာတွေရှိသေးလဲဆိုတော့ ဒီဇာတ်လမ်းလေးဟာ ရှေးဟောင်းရိုးရာနဲ့ ပျောက်ကွယ်နေပြီဖြစ်တဲ့ ယဉ်ကျေးမှုတစ်ခုရဲ့ အတွေးအခေါ်အဆီအနှစ်တွေလည်း ပါတယ်။ အဲဒီ အတွေးအခေါ်

http://www.cherrythitsar.org



အဆီအနှစ်တွေဟာ ကျွန်တော်နားလည်မိသလောက်ဆိုရင်တော့ ဒီကနေ့ခေတ်ကာလကြီးမှာ တော်တော်လေး အံဝင်ခွင်ကျ ရှိလှတယ်လို့ ဆိုရမယ်။

ဒီဇာတ်လမ်းလေးကတော့ အာဖရိကတောင်ပိုင်း တိုင်းရင်းသားတွေရဲ့ ဇာတ်လမ်းလေးပါ။ အဲဒီတိုင်းရင်းသားတွေကို ချုနေလူသားလို့ ခေါ်မယ်ဆိုရင်လည်း ဖြစ်တယ်။ ဆန်တိုင်းရင်းသားတွေလို့ ခေါ်မယ်ဆိုရင်လည်း ဖြစ်တာပဲ။ ဒါမှမဟုတ် သူတို့ရဲ့ ဓလေ့ထုံးတမ်းအခေါ်အဝေါ်အတိုင်း အတိအကျခေါ်ရင်လည်း ဖြစ်တယ်။ သူတို့ထုံးစံအတိုင်း ခေါ်မယ်ဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ **ဘယ်လိုစာလုံးပေါင်းရမလဲဆိုတာ သိမှာမဟုတ်သလို၊ ဘယ်လို အသံထွက်ရမယ်ဆိုတာကိုလည်း သိနိုင်မှာမဟုတ်ဘူး။ ဒီလိုဆိုရင် ကျွန်တော်တို့ ပြောနေတဲ့ အကြောင်းအရာတွေကလည်း ဘာတွေကို ဆိုလိုမှန်း သိနိုင်ကြမှာ မဟုတ်ဘူး။**

**အဲဒီလူမျိုးတွေကို ဒီကနေ့ခေတ်မှာ ဘယ်လိုပဲ နာမည်တွေ ပေးထားပါစေ။** သူတို့ဟာ လူသားထဲမှာ တကယ့်ကို ရှေးအကျဆုံးဆိုတာကတော့ သေချာတယ်။ သူတို့သိတဲ့ အကြောင်းအရာက တစ်ခု ဒါမှမဟုတ် နှစ်ခုတော့ ရှိတယ်။

**ကျွန်တော် ဂရေးဟောင်းန် ဘတ်စ်ကားစီးတော့ ကျွန်တော့်ဘေးမှာထိုင်တဲ့** သမင်ရေအင်္ကျီဝတ်ပြီး၊ ခြောက်ကပ်ရှုံ့တွနေတဲ့ လူက ဒီဇာတ်လမ်းကို ပြောပြခဲ့တာပါ။ အဲဒီလူက သမင်ရေအင်္ကျီကလွဲပြီး တခြားဘာမှ ဝတ်မထားဘူး။ ဒီတော့ ကျွန်တော့်မှာ နေရထိုင်ရတာ သိပ်ကို ခက်ရတယ်။ သူ့ကို ကျော်ပြီး ရေချိုးခန်းသွားတဲ့နေရာမှာ ကျွန်တော့်အတွက် ပိုပြီးအခက်တွေ့ရတယ်။ ဒီတော့ **ကျွန်တော့်မှာ ဆီးသွားချင်တာကို ကြိတ်မှိတ်ပြီးအောင့်ထားရင်းနဲ့ပဲ အဲဒီပုဂ္ဂိုလ်ဆီက** အလွန်အဖိုးတန်လှတဲ့ ပုံပြင်လက်ဆောင်ကို ကြားနာခဲ့ရတယ်။ သူပေးတဲ့ အဲဒီလက်ဆောင်ကို နှစ်ပေါင်းများစွာ ကြာတဲ့အထိ ကျွန်တော်တွေ့တိုင်း လူတိုင်းကို မျှဝေပေးခဲ့တယ်။ နားထောင်တဲ့လူတိုင်းက သူတို့အတွက် အကျိုးရှိတယ်လို့ပဲ ပြောကြတော့ စာဖတ်သူတွေ အနေနဲ့လည်း အကျိုးတစ်စုံတစ်ရာ ရရှိမယ်လို့ ကျွန်တော် ယူဆမိပါတယ်။

## ဥပုံပြင်

ကမ္ဘာမြေပေါ်မှာ တိရစ္ဆာန်တွေကြီးစိုးပြီး လူသားတွေက ဦးတည်ရာမဲ့ သွားလာနေတဲ့ ရှေးပဝေသဏီအခါတုန်းက ဇမ် ဆိုတဲ့ လူငယ်လေးတစ်ယောက်

http://www.cherrythitsar.org



ရှိသတဲ့။ အဲဒီဇမ် ဆိုတာက လူငယ်လေးရဲ့ နာမည်အရင်းနော်။

ဇမ်က လူငယ်လေးတစ်ယောက် ဆိုပေမယ့်လည်း အမဲလိုက်တဲ့နေရာမှာ အလွန်ကျွမ်းကျင်တယ်။ သူဟာ အမဲလိုက်တဲ့နေရာမှာ ဘယ်လောက်အထိ ကျွမ်းကျင်သလဲဆိုရင် သူ့ရဲ့ နံငယ်ပိုင်းကို မျက်လုံးမှာစည်းပြီး ကျောက်စရစ် တောထဲမှာ ငှက်ကုလားအုပ်ကို လိုက်ဖမ်းနိုင်တဲ့အထိ ကျွမ်းကျင်တယ်။ သူ အဲဒီလို အမဲလိုက်တဲ့အခါတိုင်း မိန်းမပျိုလေးတွေက သူ့ကို အလွန်သဘောကျ ကြတယ်။ မြားပစ်တဲ့နေရာမှာလည်း တစ်ဖက်ကမ်းခတ် ကျွမ်းကျင်တယ်။ ည ဆိုရင်လည်း သူဟာ နှုတ်ခမ်းကိုစူပြီး အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်ထုတ်လိုက် လုပ်နေတတ်တယ်။

"ဟဲ့ ကောင်လေး၊ နင် ဘာတွေ လုပ်နေတာလဲ"လို့ သူ့အမေက မေးရင်လည်း သူက"မြားပစ်လေ့ကျင့်နေတာပါ အမေ"လို့ ပြန်ဖြေတတ်တယ်။ ဒီတော့ သူ့အမေကလည်း "အေး ဒါဆိုရင်လည်း နင့်လက်နှစ်ဖက်ကို ငါ မြင်သာအောင် သားရေစောင်အပြင်ဖက်ကို ထုတ်ထားစမ်း"လို့ ပြန်ပြောတတ် တယ်။

ဇမ်ဟာ ကန္တာရဆင်ရိုင်းကြီးကို အမဲလိုက်ဖို့ပဲ စိတ်ကူးယဉ်နေတတ် တယ်။ လူငယ်မုဆိုးတစ်ယောက်ဟာ ခွန်အားကြီးမားလွန်းတဲ့ တောဆင်ရိုင်းကြီး တွေကို ခြေရာခံလိုက်နိုင်ပြီး သတ်နိုင်တော့မှ ယောကျ်ားကောင်း ပီသတယ်လို့ပဲ သူ့စိတ်ထဲမှာ ယုံကြည်နေတာကိုး။

ဒီပုံပြင်ကို သင်ကြားဖူးသလိုလို ထင်နေသလား။ သင်ကိုယ်တိုင်လည်း မအိပ်ဘဲနဲ့ ကန္တာရဆင်ရိုင်းကြီးကို အမဲလိုက်မယ်လို့ရော စိတ်ကူးယဉ်ဖူးသလား။ သင်ဟာ ညဆိုရင် မအိပ်ဘဲနဲ့၊ နှုတ်ခမ်းကိုစူပြီး အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်ထုတ်လိုက် လုပ်နေတတ်လား။ ကျွန်တော်တို့ ခင်ဗျားတို့တတွေ သူ့လို လုပ်မိကြမှာအမှန်ပဲ။ ကျွန်တော်တို့ စိတ်ကူးထဲမှာတော့ တောဆင်ရိုင်း တစ်ကောင်အစားအခြားအရာတစ်ခုခု ရှိနေမှာပေါ့။ ကန္တာရဆင်ရိုင်းဆိုတာ ဥပမာနိုင်းပြီး ပြောထားတယ်ဆိုတာ ကျွန်တော်တို့အနေနဲ့ ဇာတ်လမ်းဆုံးအောင် မပြောခင် သဘောပေါက်မိကြမှာပါ။ ဘာကြောင့်လဲဆိုတော့ စာဖတ်သူတွေ အထဲမှာ ကန္တာရနဲ့အလွန်အလှမ်းဝေးတဲ့ နေရာမှာ နေတဲ့သူတွေလည်း ပါမှာပေါ့။ သင်တို့ရဲ့ ကန္တာရဆင်ရိုင်းဟာ ဂျာမန်ဆီဒင်ကားကြီး တစ်စင်းလည်း ဖြစ်နိုင်

http://www.cherrythitsar.org



တာပဲ။ သင့် လက်တစ်ကမ်းမှာရှိနေတဲ့ အောင်မြင်မှု၊ ကျော်ကြားမှု၊ နှစ်သက်မှု တစ်ခုခုလည်း ဖြစ်နိုင်တာပဲ။ အဲဒီဆင်ရိုင်းကြီးဟာ သင့်ရဲ့ စာသင်ခန်းထဲက ချောချောလှလှ သမိုင်းဆရာမလေးလည်း ဖြစ်နိုင်တာပဲ။ ဒိန်ခဲ အမျိုးအစားတွေ အများကြီးရှိသလို ကန္တာရဆင်ရိုင်း အမျိုးအစားတွေလည်း အမျိုးမျိုး ရှိနိုင်တယ် မဟုတ်လား။ ကျွန်တော် ပြောပြတာတွေထက် ပိုတာတွေလည်း ရှိဦးမှာပေါ့။

ဒီလိုနဲ့ တစ်ရက်မှာတော့ ဇမ် ထက် အသက်အရွယ်ပိုကြီးတဲ့ ကောင်လေးတွေက ဇမ်ဆီကို ရောက်လာပြီး "ငါတို့တတွေ တောဆင်ရိုင်းတွေနောက် အမဲလိုက်ထွက်မလို့ကွ။ ငါတို့တတွေ ရက်အတော်ကြာကြာအဝေးမှာ ရောက်နေကြမှာ။ မင်းကိုလည်း ငါတို့နဲ့အတူ လိုက်ခဲ့စေချင်တယ်ကွာ။ မင်းက မြားပစ်တဲ့နေရာမှာ ကျွမ်းကျင်တယ် မဟုတ်လား။ ပြီးတော့ မင်းအနေနဲ့ကလည်း ကျောက်စရစ်တောနဲ့ ၄က်ကုလားအုပ်ကို အမြဲတွေ့မယ်ဆိုတာ မသေချာဘူးလေ။ မင်း စိတ်မဆိုးဘူးဆိုရင်တော့ ပြောချင်တယ်ကွာ။ ငါတို့က မင်းရဲ့ နံငယ်ပိုင်းကို သူ့နေရာမှာ သူပဲ ရှိနေစေချင်တယ်"လို့ ပြောကြတယ်။

ဒီတော့ ဇမ်ဟာ အတိုင်းအဆမရှိ ပျော်သွားတယ်။ ပြီးတော့ အမဲလိုက် ခရီးပါနိုင်အောင်လို့ သူ့အမေဆီသွားပြီး ခွင့်တောင်းတယ်။ ဒီတော့ သူ့အမေက "မလိုက်ရဘူး"လို့ ပြောတယ်။

"ဒါဆိုရင်လည်း ကျွန်တော် မလိုက်ဘူးအမေ။ ဒါပေမယ့် ဒီညမှာတော့ ဇက်မိသားစုနေတဲ့ ဂူထဲမှာ ကျွန်တော်သွားနေလို့ရမလား"လို့ ဇမ်က သူ့အမေကို မေးတယ်။

"ဒါဆိုရင်လည်း သွားပေါ့ငါ့သား။ ဒါပေမယ့် တစ်လကြာပြီးမှ ကန္တာရဆင်ရိုင်းတစ်ကောင်ကို ဒရွတ်ဆွဲပြီး သယ်လာမယ်ဆိုရင်တော့ မင်း ကောင်းကောင်း ဒုက္ခရောက်လိမ့်မယ်၊ ငါ့သား"လို့ သူ့အမေက ဆိုတယ်။

ဒါပေမယ့်လည်း ဇမ်ဟာ သူ့ထက်ကြီးတဲ့ကောင်လေးတွေ အုပ်စုနဲ့အတူ တောဆင်ရိုင်းလိုက်ဖို့ ခရီးထွက်သွားခဲ့တယ်။ သူတို့တတွေဟာ အဲဒီခေတ်ကာလက လူတွေရဲ့ ထုံးစံအတိုင်းပဲ ပေါ့ပေါ့ပါးပါး ခရီးထွက်ခဲ့ကြတယ်။ ကျွန်တော်တို့ တတွေမှာလည်း အိတ်ကပ်တွေဘာတွေ မရှိရင်တော့ ပေါ့ပေါ့ပါးပါး ခရီးထွက်နိုင်ကြမှာပါ။ ဒါပေမယ့် သူတို့ သယ်သွားကြတဲ့ အရာတွေကတော့ ၄က်ကုလားအုတ်ဥတွေ။ ဥတွေကိုဖောက်၊ အထဲက အကာတွေ၊ အနှစ်တွေကို

သန့်ရှင်းပြီးမှ သောက်ရေတွေ ဖြည့်ထားကြတယ်။ တုတ်ချောင်းလေးတွေလည်း ထုပ်ပိုးသယ်ယူကြတယ်။ သစ်သားစလေးတွေနဲ့ ဥအဝကိုဆို့ထားပြီး တိရစ္ဆာန်သားရေတွေနဲ့ ဥတွေကိုထုပ်ပိုးထားတယ်။ ဖမ်တို့ရဲ့ လူမျိုးစုမှာတော့ သားရေက လေးတာပေါ့လေ။ ကျွန်တော်တို့ခေတ်မှာတော့ ပလပ်စတစ်ကို သုံးကြတယ်။ သူတို့ခေတ်ကတော့ သားရေကို သုံးကြတာပေါ့။ ဒီလိုနဲ့ သူတို့တစ်တွေဟာ ကန္တာရ ဖုန်းဆိုးမြေကြီးကိုဖြတ်ပြီး ခရီးဆက်ကြတယ်။ တစ်နေ့မှာ ငှက်ကုလားအုပ်ဥတစ်လုံးစီ လမ်းမှာ မြှုပ်ခဲ့ကြတယ်။ တုတ်ချောင်းလေးတွေနဲ့လည်း လမ်းမှာ အမှတ်အသားတွေ လုပ်ခဲ့ကြတယ်။

**သင့်ရဲ့ ဘဝကရော ဒီအတိုင်းပဲလားမိတ်ဆွေ။ အရေးကြီးတဲ့ အရာတွေကို နောက်မှာ ချန်ထားခဲ့တတ်လား။ ပိုပြီး အရေးကြီးတဲ့လူတွေကိုရော ချန်ထားခဲ့တတ်** လား။ တစ်နေ့နေ့မှာ ဒီလို အရေးကြီးတဲ့အရာတွေ၊ လူတွေကို ပြန်တွေ့ရဦးမယ်ဆိုတဲ့ မျှော်လင့်ချက်မျိုးနဲ့ပေါ့လေ။ မိတ်ဆွေတို့ ကျွန်တော်ပြောသလိုမျိုး လုပ်ဖူးကြရဲ့လား။ လုပ်ဖူးကြလား။ ဘယ်လိုအမှတ်အသားမျိုးတွေကို သင်တို့ အသုံးပြုတတ်သလဲ။ ကျွန်တော် ကိုယ်တိုင်လည်း ဒီအကြောင်းကို စဉ်းစားနေမိတယ်။ ကျွန်တော်တော့ဖမ်တို့တတွေ လုပ်ခဲ့ဖူးတဲ့ အမှတ်အသားမျိုးတွေ လုပ်ခဲ့ဖူးပါရဲ့လားဆိုတာ အခုအထိ စဉ်းစားပုံဖော်ကြည့်လို့ မရသေးဘူး။ ဒါပေမယ့်လည်း ဒီအတိုင်းထားခဲ့လို့ မဖြစ်ပြန်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအမှတ်အသားတွေဟာ နောက်လာမယ့်ပုံပြင်ရဲ့ နောက်ဆက်တွဲတွေမှာ အရေးပါတဲ့ အစိတ်အပိုင်းတွေ ဖြစ်လာမှာမို့ပါပဲ။

ဖမ်ဟာ အိမ်ကနေ ရေကြီးသုတ်ပြာ လိုက်လာခဲ့ရတာမို့ ငှက်ကုလားအုတ်ဥခွံ တစ်လုံးတည်းပဲ သယ်လာနိုင်ခဲ့တယ်။ ဖမ်ရဲ့ဥက အလွန်ပဲကြီးမားတယ်။ ဖမ်ဟာ သူ့ရဲ့ဥကြီးကို သက်ကြားအို ဘောင်ဘက်သစ်ပင်ကြီးရဲ့ အောက်မှာ မြှုပ်ထားခဲ့တယ်။

**သူတို့တစ်တွေဟာ ခြစ်ခြစ်တောက်ပူလောင်တဲ့ အာဖရိက သဲပြင်အတိုင်း ခရီးထွက်လာခဲ့ကြတာဟာ ပင်လယ်ကိုရောက်မှပဲ နားကြတော့တယ်။ ဒါတောင်မှ သူတို့အထဲက တစ်ယောက်က မတားရင် ရှေ့ဆက်ပြီး ခရီးဆက်ကြမယ့်ပုံမျိုး။ ရှေ့ဆက်ရင်လည်း ပင်လယ်ပဲ ရှိတော့တာမို့ သူတို့တစ်တွေဟာ နောက်ကြောင်းကို** ပြန်လှည့်လာခဲ့ကြတယ်။

http://www.cherrythitsar.org



သူတို့တစ်တွေ နောက်ကြောင်းပြန်လှည့်လာရင်းနဲ့ တစ်နေ့မှာတော့ အလွန်ကြီးမားလှတဲ့ ဆင်ရိုင်းခြေရာတချို့ကို တွေ့လိုက်ကြရတယ်။ ဒီတော့ သူတို့တစ်တွေ တောဆင်ရိုင်းနောက်ကို ခြေရာခံဖို့ ပြင်ဆင်ကြတယ်။ သူတို့တစ်တွေဟာ ဆင်ရိုင်းနောက်ကို ခြေရာခံရင်း လမ်းတွေ မနားတမ်း လျှောက်ကြရတယ်။ တစ်နေ့မှာတော့ အုပ်စုထဲက တစ်ယောက်က ချောင်းဟန့်လိုက်ပြီး ဇမ့်ပုခုံးကို လက်တို့ရင်း "ငါတို့ လျှောက်လာတဲ့လမ်းဟာ သေချာရဲ့လားကွ" လို့ ဇမ်ကိုမေးတယ်။ ဒီတော့မှ သူတို့အားလုံး လမ်းလျှောက်တာရပ်ပြီး တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်ကြတယ်။

"မင်းပြောတာက ဘာသဘောလဲကွ" လို့ ဇမ်က နည်းနည်းဒေါသထွက်ရင်း ပြန်မေးလိုက်တယ်။

"ငါပြောချင်တာက ဒီလိုပါကွာ။ ဆင်ရိုင်းခြေရာရဲ့ဘယ်ဖက်က ခြေဦး၊ ဘယ်ဖက်က ခြေရင်းဆိုတာ ငါတို့တစ်တွေ သေသေချာချာမှာ သိကြရဲ့လားလို့ မေးတာပါ" လို့ တစ်ယောက်က ပြန်ပြောတယ်။

သူတို့အားလုံး တစ်ယောက်ကိုတစ်ယောက် သေသေချာချာ ပြန်ကြည့်မိကြပြန်တယ်။ ဇမ်က ဆင်ခြေရာကို ကြည့်လိုက်တယ်။ "အင်း..." လို့ပြောပြီးမှ သူ့စကားက ရှေ့မဆက်နိုင် ဖြစ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူကိုယ်တိုင်ကလည်း ဘယ်လိုပြောရမလဲဆိုတာ သေသေချာချာ မသိဘူး ဖြစ်နေတာကိုး။

"မင်း ဆင်ရိုင်းခြေရာကို မြင်ဖူးရဲ့လား" လို့ ဇမ်ထက်ကြီးတဲ့ကောင်လေးတွေက ဇမ့်ကို ဝိုင်းပြီး မေးကြတယ်။

ဒီခရီးကို တစ်ယောက်ယောက်က ဦးဆောင်တယ်ထင်ပြီး လိုက်ပါလာခဲ့တဲ့ ဇမ်ဟာ သဲပြင်ပေါ်က ဆင်ရဲ့ခြေရာကိုကြည့်ပြီး "အင်း ..." လို့သာပြောရင်း ရှေ့ဆက်ပြီး ဘာမှမပြောနိုင်အောင် ဖြစ်နေတယ်။

အဲဒီမှာပဲ အကျည်းတန်တဲ့ မြင်ကွင်းတစ်ခု ဖြစ်ပေါ်လာခဲ့တယ်။ တစ်ယောက်ကိုတစ်ယောက် ကုတ်ဖဲ့တာတွေ၊ ကန်ကျောက်တာတွေ၊ ကိုက်ဆွဲတာတွေ (ပြောပြရမှာစိတ်တော့မကောင်းဘူး) ဆဲဆိုအော်ဟစ်တာတွေ ဖြစ်လာတယ်။ နောက်ဆုံးတော့ သူတို့တစ်တွေဟာ အပြန်လမ်းကို လျှောက်ကြရပြန်တယ်။ "ငါတို့တစ်တွေ လာခဲ့တဲ့ ဆင်ခြေရာအတိုင်းကြည့်ပြီး ပြန်ကြတာပေါ့ကွာ" လို့ သူတို့အထဲက တစ်ယောက်က အကြံပေးတယ်။ ပြောတဲ့တစ်ယောက်က

အဲဒီစကားကို နောက်တစ်ခေါက်ထပ်မပြောတဲ့အတွက် သူတို့အားလုံး ဝမ်းသာနေကြတယ်။

ဒီလိုအဖြစ်အပျက်မျိုး မိတ်ဆွေတို့ ဖြစ်ဖူးကြရဲ့လား။ သင်တို့ ဆင်ခြေရာအတိုင်း လျှောက်လိုက်ပြီးမှ ခေါင်းမှန်းမသိ။ အမြီးမှန်းမသိ ပြန်စဉ်းစားရတဲ့ အဖြစ်မျိုးရော ကြုံဖူးကြရဲ့လား။ ရှေ့သွားနေတာလား၊ နောက်ပြန်လှည့်နေတာလားဆိုတာ မသိတဲ့အဖြစ်မျိုး ကြုံဖူးကြရဲ့လား။ ကိုယ်မသိတာနဲ့ပဲ ကိုယ့်ရဲ့ မိတ်ဆွေတွေက ကိုယ့်ကိုရန်လုပ်တာ ခံဖူးကြလား။ ဒီမှာ သိသာလာပြီ နော်။ သင်တို့အနေနဲ့ မိတ်ဆွေအပေါင်းအသင်းကို အမြော်အမြင်ကြီးကြီးနဲ့ ပေါင်းဖို့ လိုလာပြီ။

**ဒီလိုနဲ့ပဲ ဇမ်တို့အုပ်စုဟာ သဲပြင်တွေမျက်စိမဆုံးအောင်ရှိနေတဲ့ ကန္တာရ**ကြီးထဲ လျှောက်ရပြန်တယ်။ သူတို့တစ်တွေ ကျောက်စရစ်တောကို ဖြတ်ရတယ်။ ငှက်ကုလားအုပ်ရဲ့ ခြေချောင်းသုံးချောင်း ခြေရာကိုတော့ အမြီးအမောက်တည့်အောင် ဇမ်ပြောနိုင်တယ်ဆိုတာကတော့ မြေကြီးလက်ခတ်မလွဲပဲ။ သူ စကားပြောမယ်ကြံပြီး ခေါင်းမော့လိုက်တဲ့အခါ ကျန်တဲ့သူတွေ အားလုံးက ဇမ်ကို ဒေါသတကြီးနဲ့ ကြည့်နေတာ တွေ့လိုက်ရတယ်။ ဒီတော့ သူ စကားဆက်မပြောဘဲ ပြင်နေတဲ့ပါးစပ်ကို ပိတ်လိုက်ရတယ်။

သူတို့တစ်တွေ ပြန်လာရာလမ်းတစ်လျှောက်မှာ အုပ်စုထဲက ဇမ်ထက်ကြီးတဲ့ တစ်ယောက်ဟာ လမ်းမှာ သူလုပ်ထားခဲ့တဲ့ အမှတ်အသားလေးတွေ တွေ့လိုက်တိုင်း ငှက်ကုလားအုတ်ဥကို ပြန်ဖော်တယ်။ ပြီးရင် ဥထဲကရေကို သူပဲ သောက်တယ်။ ဒါမှမဟုတ် သူ့သူငယ်ချင်းတစ်ယောက်ကို ပေးတိုက်တယ်။ ဒါပေမယ့် ဇမ့်ကိုတော့ လုံးဝ မတိုက်ဘူး။ ဘယ်သူကမှ ဇမ်ကို ရေပေးမတိုက်ဘူး။ ဇမ်ခမျာ ရေဆာရင် ပုတ်သင်ငယ်လေးတွေနဲ့ ကင်းမြီးကောက်တွေကို ဖျစ်ညှစ်ပြီး ထွက်လာတဲ့ အရည်တွေနဲ့သာ အာဆွတ်နေရတယ်။ ထွက်လာတဲ့အရည်တွေက သောက်လို့တော့ ကောင်းပါရဲ့။ ဒါပေမယ့် ဥထဲမှာရှိတဲ့ သောက်ရေလောက်တော့ ဘယ်လိုလုပ်ပြီး အရသာရှိမှာလဲ။ ပြီးတော့ ကင်းမြီး ကောက်တွေကို အရည်ထွက်အောင် ညှစ်ရတာကလည်း စိတ်မချမ်းသာစရာ ဖြစ်နေတယ်။ ကင်းမြီးကောက်တွေက ပုတ်သင်ညိုတွေလိုလည်း မရှန်းတော့ ပျော်စရာလည်း မကောင်းဘူး။ အဆိပ်ကလည်း ရှိသေးတယ်။ ဇမ်ဟာ ဂူရဲ့ နောက်ဖေးပေါက်မှာ သူ့ကို

http://www.cherrythitsar.org



စောင့်ကြိုနေမယ့် သူ့အမေကိုသာ မြင်ယောင်နေမိတယ်။ ဒီခရီးကို မလိုက်ခဲ့မိရင် ကောင်းမှာပဲ ဆိုပြီးတော့ နောင်တလည်း ရနေတယ်။

နောက်တော့ သူတို့အုပ်စုဟာ ကန္တာရထဲက အပူလောင်ဆုံး၊ အခြောက်သွေ့ဆုံးနေရာကို ရောက်လာကြတယ်။ ပတ်ဝန်းကျင် အခြေအနေကို ကြည့်လိုက်တဲ့အခါမှာ အရာရာတိုင်းဟာ အညိုရောင်သဲတွေနဲ့ပဲ ဖုံးလွှမ်းနေတယ်ဆိုတာကို **တွေ့လိုက်ရတော့ ဒီနေရာမှာ သဲမုန်တိုင်းကြီးတစ်ခု တိုက်ခတ်သွားတယ်ဆိုတာကို** သူတို့ သိလိုက်ကြရတယ်။ ဒီတော့ သူတို့ မှတ်သားထားခဲ့တဲ့ အမှတ်အသားတွေလည်း သဲပြင်တွေအောက်မှာ ရောက်သွားတဲ့အတွက် လမ်းစတွေပျောက်သွားတယ်။ သူတို့လည်း ဘာမှ မစားရ မသောက်ရဘဲနဲ့ လမ်းကို လျှောက်ပြီးရင်း လျှောက်ရင်းနဲ့ပဲ ခရီးဆက်ခဲ့ကြတယ်။ ကန္တာရနေကလည်း တဖြည်းဖြည်း ပူလောင်သည်ထက် ပိုပူလာတယ်။

ဒီလိုနဲ့ တစ်မနက်ခင်းမှာတော့ အဝေးမှာ အရွက်အကိုင်းတွေ ခါယမ်းနေတဲ့သက်ကြားအို ဘောင်ဘက် သစ်ပင်ကြီးကို ဇမ် လှမ်းတွေ့လိုက်တယ်။ ဒီသစ်ပင်ကြီးက ဇမ် ငှက်ကုလားအုတ်ဥ မြှုပ်ခဲ့တဲ့ သစ်ပင်ကြီးပဲ။ ဇမ်ဟာ ပူလောင်လှတဲ့ အဲဒီသစ်ပင်ကြီးဆီရောက်အောင် သဲပြင်ထဲမှာ မနားတမ်း ပြေးလွှားသွားတယ်။ သစ်ပင်ကြီးဆီရောက်တော့မှ အပင်ခြေရင်းမှာ ဒူးထောက်ပြီး သဲတွေထဲကို မနားတမ်းတူးဆွတယ်။ နောက်ဆုံးတော့ သူ အိမ်ကနေ သယ်လာတဲ့ ငှက်ကုလားအုပ်ဥကြီးကို တူးဖော်ရလိုက်တယ်။ ဒါပေမယ့် သူ ဥကြီးကို ကိုင်ကြည့်လိုက်တော့ ဥရဲ့ အလေးချိန်ဟာ မူလကထက် ပိုပြီး ပေါ့ပါးနေတယ်ဆိုတာကို တွေ့လိုက်ရတယ်။ နောက်တော့မှ ဥကို ဆို့ခဲ့တဲ့ အဆို့ရယ်၊ ပတ်ထားတဲ့ သားရေစရယ်က လျော့တိလျော့ရဲဖြစ်နေတာမို့ ဥထဲကရေတွေဟာ သဲတွေထဲကို ယိုဖိတ်စီးဝင်သွားခဲ့တာပဲဆိုတာကို သူ သိလိုက်ရတော့တယ်။

**ဒီလို အဖြစ်မျိုး မိတ်ဆွေတို့မှာလည်း ဖြစ်ပျက်ခဲ့ဖူးမယ်ဆိုတာ ကျွန်တော်** ခန့်မှန်းကြည့်လို့ရပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဒီလိုအဖြစ်အပျက်မျိုး ကြုံခဲ့ဖူးတာပဲ။ ကျွန်တော်တို့ လုံးဝ မကြုံခဲ့ဖူးဘူးဆိုရင်တောင် တစ်နေ့မဟုတ်တစ်နေ့တော့ ကြုံရဦးမှာပါ။ သားရေစကို ပျော့ပျောင်းအောင် မလုပ်ထားခဲ့မိတဲ့အတွက် ဥထဲကရေတွေဟာ သဲပြင်ထဲကို ယိုစီးသွားပြီပေါ့။ ကျွန်တော်တို့တစ်တွေ ဒီလို အဖြစ်မျိုးကြုံဖူးမှာပါ။ ဒါနဲ့ခဏနေဦး။ ဒီအချိန်ဟာ အရေးအကြီးဆုံး

http://www.cherrythitsar.org



အချိန်ကို ရောက်နေပြီ။ ဇမ်ဟာ သူ လက်ငင်းကြုံတွေ့လိုက်ရတဲ့ အခြေအနေကို ဘယ်လို ကိုင်တွယ်ဖြေရှင်းလဲဆိုတာ စောင့်ကြည့်ကြရအောင်။

ဇမ်ဟာ သူ့ရဲ့ဥထဲမှာ ရေကို မတွေ့လိုက်ရတဲ့အတွက် စိတ်မချမ်းမသာ ဖြစ်သွားတယ်။ ဒါပေမယ့်လည်း သူ့ရဲ့အဖော်တွေက သူ့ကို အသုံးမကျရပ့်မလား ဆိုပြီး ဆင်ခြေရာကို မပြောနိုင်တုန်းကလို ရိုက်နှက်မှာကိုလည်း သူ စိုးရိမ်နေတယ်။ ဒါကြောင့်မို့ သူဟာ သားရေတွေနဲ့ တုတ်ချောင်းတွေကို သူ့နေရာသူ ပြန်ထားလိုက်ပြီး ဥကို သူ့အဖော်တွေဆီ သယ်သွားတယ်။ အဖော်တွေအားလုံးက ဇမ်ကို ကြည့်နေကြတယ်။ ဇမ်တစ်ယောက် ရေမော့သောက်လေမလားအထင်နဲ့ သူတို့ စောင့်ကြည့်နေကြတယ်။ ဒါပေမယ့် ဇမ်က သူတို့ထင်သလို ရေကို မော့မသောက်ဘဲနဲ့ ဥကို ချိုင်းကြားထဲညှပ်ပြီး ဘာမှမပြောဘဲ သူတို့ဘေးမှာ ထိုင်ချလိုက်တယ်။

ဒီလိုနဲ့ သူတို့တစ်တွေ လမ်းဆက်လျှောက်ကြတယ်။ ကျန်တဲ့သူတွေကတော့ ဇမ်ကို မျက်ထောင့်ကပ်ပြီး စောင့်ငဲ့ကြည့်ကြတာပေါ့။ သူတို့အနေနဲ့ ဇမ်ကို ရေသောက်စေချင်နေကြတယ်။ ဒါပေယ့် ဇမ်ကလည်း ဥကိုသာကိုင်ထားတယ်။ လုံးဝမသောက်ဘူး။ တစ်ခါတလေကျရင်တော့ သူ သယ်ထားရတဲ့ ဥက လေးသလိုလို ဘာလိုလိုနဲ့ လက်တစ်ဖက်ကနေ တစ်ဖက်ကို ပြောင်းကိုင်တယ်။ ဒါပေမယ့် သူဟာ ဘယ်သူ့ကိုမှလည်း စကားမပြောဘူး။ ရေကိုလည်း မသောက်ဘူး။

ဒီတော့ ကျန်တဲ့သူတွေကလည်း သို့လော သို့လောနဲ့ စဉ်းစားစပြုလာကြတော့တာပေါ့။ သူတို့ စဉ်းစားနေမိကြတာက ဇမ်ဟာ ရေတွေ ဒီလောက်ပါနေတဲ့ ဥကြီးထဲကနေ ဘာကြောင့် မသောက်တာလိမ့်ပေါ့။ သူတို့အထဲက တစ်ယောက်ကတော့ "ဒီကောင်က ငါတို့မသိတာ တစ်ခုခုကို သိနေလို့များလား မသိဘူးကွ။ ငါတို့ ရေမပါဘဲနဲ့ အိမ်နဲ့အဝေးဆုံးနေရာ ရောက်နေတယ်ဆိုတာ ဒီကောင်သိနေတာလည်း ဖြစ်နိုင်တယ်။ ဒီလောက်ကျယ်ပြောတဲ့ ကန္တာရကြီးထဲမှာ အိမ်ကို ချောချောမောမော ပြန်ရောက်နိုင်ဖို့အတွက် သူ ဒီဥကြီးကို လိုအပ်နေမှာပဲ" လို့ ပြောတယ်။

နောက်တစ်ယောက်ကလည်း "ဒီကောင့်မှာ မြင့်မြတ်တဲ့ သဘောထားရှိတာလည်း ဖြစ်နိုင်တာပဲကွ။ ငါတို့တွေအားလုံး ရေငတ်နေချိန်မှာ သူတစ်

ယောက်တည်း တစ်ကိုယ်ကောင်းဆန်ပြီး မသောက်ချင်တာလည်း ဖြစ်နိုင်တာပဲ" လို့ ဆိုပြန်တယ်။

နောက်တစ်ယောက်ကလည်း "ငါတို့တွေအားလုံး ရေကို အဆာကြီး ဆာတော့မှ ငါတို့နဲ့အတူမှျသောက်မယ်ဆိုပြီး စောင့်နေတာလည်း ဖြစ်နိုင်တယ်ကွ" လို့ ဆိုတယ်။

သူတို့တွေအားလုံး တစ်ပြိုင်နက်တည်း တွေးမိကြတာကတော့ "ငါသာ သူ့အပေါ် စောစောပိုင်းက ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့ရင် သူက ငါ့ကို ရေနည်းနည်းတော့ တိုက်မှာပဲ။ ရေဆာလိုက်တာ" ဆိုတဲ့ အတွေးပါပဲ။

ဒီတော့ သူတို့အားလုံးဟာ ဇမ်ကို အရင်ကလို ရိုင်းရိုင်းပျပျ မဆက်ဆံတော့ဘဲ အချိုးပြောင်းပြီး ဆက်ဆံလာကြတော့တယ်။ ဇမ်ကို စကားပြောတာတွေ ဘာတွေ လုပ်လာကြတယ်။ သူတို့မှာ ပါလာတဲ့ အသားခြောက်တွေကိုလည်း မှျပြီး ကျွေးမွေးတာမျိုးတွေ လုပ်လာကြတယ်။ ပုတ်သင်ညိုတွေ၊ ကင်းမြီးကောက်တွေကို ဇမ်အတွက် ဖမ်းကူပေးပြီး အရည်တွေ ဘာတွေ ညှစ်ပေးကြတယ်။ သူတို့အထဲက တစ်ယောက်ကဆိုရင် "ငါတို့တွေ အိမ်ပြန်ရောက်ကြရင် မင်း ငါ့ညီမလေးနဲ့ စကားပြောကြည့်မလား။ ငါ့ညီမက မဆိုးဘူးနော်။ ရုပ်ကသာ လူကြီးပုံစံပေါက်နေတာ၊ အသက်က ငယ်ငယ်ပဲ ရှိသေးတယ်ကွ" လို့ တောင် ဇမ်ကိုပြောတယ်။

သူတို့တွေက ဇမ်ရဲ့ဥကြီးကို သယ်ပေးမယ်ဆိုပြီးတော့တောင် စေတနာတွေပိုကြတယ်။ ဒါပေမယ့် ဇမ်က သူတို့ထင်သလောက် မထုံဘူးလေ။ ဆင်ခြေရာ အမြီးမုန်းခေါင်းမုန်း မသိခင်ကတည်းက ကောင်းကောင်းကြီး ခံစားဖူးခဲ့ပြီကိုး။ ဒီတော့ သူတို့တွေက ဘယ်လောက်ပဲပြောပြော သူ့လက်ထဲကဥကို ပေးမသယ်ခိုင်းဘူး။ အရင်ကထက်လည်း စကားနည်း နှုတ်ဆိတ်လာတယ်။ ဒီတော့ကျန်တဲ့ သူတွေ အားလုံးကလည်း ဇမ်မှာ လျှို့ဝှက်ထားတာ တစ်ခုခုတော့ရှိနေပြီ ဆိုတာကို ပိုပြီး ရိပ်စားမိလာတယ်။

ဒီလိုနဲ့ သူတို့တွေအားလုံး အိမ်ကိုလည်း ပြန်ရောက်သွားကြရော တစ်ရွာလုံးမှာ ရှိတဲ့လူတွေက ဇမ်နဲ့ပါသွားတဲ့ လူငယ်တွေဟာ ဇမ်ရဲ့စကားဆိုရင် မြေဝယ်မကျ နားထောင်ပြီး ဇမ် အရိပ်ပြရင် အကောင်ထင်အောင် လုပ်တဲ့လူတွေ ဆိုတာ ရိပ်မိသွားကြတယ်။ ညညတွေဆိုရင်လည်း ဇမ်အိပ်ဖို့အတွက် ချွန်မြနေတဲ့

ကျောက်တုံးတွေကို ရှင်းလင်းပြီး ချောချောမွေ့မွေ့ဖြစ်အောင် စီစဉ်ပေးကြတယ် ဆိုတာကိုလည်း သိသွားကြတယ်။ ကြာလာတော့ ဇမ်ထက် အသက်ပိုကြီးတဲ့ လူငယ်မှန်သမျှဟာ ဇမ်ကို အစားအသောက်တွေ ခွဲဝေကျွေးတာ၊ ဇမ်ရဲ့စကား မှန်သမျှ နားထောင်ကြတာတွေကို ရိပ်မိသွားကြပြီး တစ်ရွာလုံးဟာ ဇမ်ကို တစ်နေ့ထက်တစ်နေ့ပိုပြီး လေးစားလာကြတယ်။ ဒီလိုနဲ့ အချိန်ကာလတွေ ကြာမြင့်လာတာနဲ့အမျှ ဇမ်ဟာ တစ်ရွာလုံး၊ အသိုင်းအဝိုင်းတစ်ခုလုံးက လေးစားရတဲ့ လူတစ်ယောက် ဖြစ်လာခဲ့ရတယ်။

တစ်ချို့တွေကတော့ ဇမ်ရဲ့ နံငယ်ပိုင်းမှာ အပေါက်သေးသေးလေးတွေ ရှိကြတယ်လို့ မဟုတ်မဟတ်တွေ ပြောဆိုကြတယ်။ အပေါက်လေးတွေက မီးခတ်ကျောက် ချွန်ချွန်မြမြနဲ့ တမင်ဖောက်ထားတဲ့ အပေါက်မျိုးလေးတွေ လို့လည်း ဆိုကြတယ်။ အဲဒီအပေါက်လေးတွေက နံငယ်ကို မျက်လုံးမှာစည်းပြီး ငှက်ကုလားအုပ်အမဲလိုက်တဲ့နေရာမှာ မြင်သာရုံလေး ဖောက်ထားတဲ့အပေါက် လေးတွေလို့လည်း ဆိုကြတယ်။

အဲဒီလို ကောလာဟလ ပြောကြတာတွေဟာ ဇမ်ရဲ့ အောင်မြင်မှု၊ လူအရိုအသေခံရမှုတွေ ပျောက်ပျက်သွားလောက်အောင်တော့ မကြီးကျယ်ပါဘူး။ **သူတို့အသိုင်းအဝိုင်းရဲ့ ကြားထဲမှာတော့ ဇမ်ရဲ့ အလေးစားခံနေရာဟာ ပျောက်ပျက်** မသွားပါဘူး။

**ဒီလိုနဲ့ပဲ ဇမ်ဟာ အသက်ရှည်ရှည်နေထိုင်သွားရင်း မိတ်ဆွေတို့ သေကာနီး** အချိန်မှာပျော်ရသလို အပျော်မျိုးနဲ့ ပျော်ပျော်ကြီး သေသွားခဲ့ပါတယ်။

ဒီတော့ ကျွန်တော်တို့အနေနဲ့ ဇမ်ရဲ့ ဇာတ်လမ်းနဲ့ ငှက်ကုလားအုတ်ဥ ကနေ ဘယ်လိုသင်ခန်းစာမျိုးတွေရရှိနိုင်ပါသလဲ။ ကျွန်တော်တို့တတွေ ယူနိုင် မယ်ဆိုရင်တော့ ဘဝရဲ့လျှို့ဝှက်ချက်တွေအားလုံး ဒီဇာတ်လမ်းလေးထဲမှာ ရှိနေ တယ်ဆိုတာကို တွေ့နိုင်ပါတယ်။ သေချာတာ တစ်ခုကတော့သင့်ဘဝမှာ အောင်မြင်မှု ရရှိဖို့အတွက် ကန္တာရတောဆင်ရိုင်းကို လိုက်ဖမ်းနေစရာ မလိုဘူး ဆိုတာပဲ။ ပြီးပြည့်စုံတဲ့ဘဝမျိုး ရရှိနိုင်ဖို့အတွက် နွားရိုင်းတွေနဲ့အတူ ပြေးနေ စရာလည်း မလိုပါဘူး။ မော်ဘီဒစ်ခ်ကို မှိန်းနဲ့လိုက်ထိုးနေစရာလည်း မလိုဘူး။ သမိုင်းသင်တဲ့ ဆရာမချောချောလေးကိုလည်း စိတ်ကူးယဉ်နေစရာ မလိုဘူး။ တကယ်လို့သာ လက်ပစ်ဘောကစားတဲ့ ဂါရီဇီဖရွန် အဝတ်လဲခန်းထဲမှာ

http://www.cherrythitsar.org



ပြောခဲ့တဲ့စကားတွေဟာ အမှန်တွေ ဖြစ်ခဲ့မယ် ဆိုရင်ပေါ့လေ။

အမှန်ပြောရရင်လည်း သင်တို့အနေနဲ့ ဘာကိုမှ ပြီးစီးအောင် ဆုံးခန်းတိုင်အောင် လုပ်နေစရာ မလိုပါဘူး။ လိုအပ်တာတစ်ခုကတော့ ကိုယ်လိုအပ်နေတာကို မင်ကောင်းကောင်းနဲ့ တုပနေထိုင်တတ်ဖို့ပဲ လိုတာပါ။

**ကျွန်တော်တို့အားလုံးရဲ့ အဇ္ဈတ္တထဲမှာ မိမိတို့ကိုယ်တိုင်နဲ့ ပတ်သက်နေတဲ့** လျှို့ဝှက်တဲ့ အမှန်တရားရှိနေတယ်။ အဲဒီအမှန်တရားကလည်း ရေတစ်စက်မှ မရှိတော့တဲ့ ငှက်ကုလားအုတ်ဥခွံလို ဟောင်းလောင်းဖြစ်နေတဲ့ အမှန်တရားပါပဲ။ ကျွန်တော်တို့အနေနဲ့ အဲဒီဟောင်းလောင်းဖြစ်နေတဲ့ အမှန်တရားကို ပွေ့ဖက်ထား **နိုင်ဖို့ပဲ လိုတယ်။ ကိုယ်ပွေ့ဖက်ထားတဲ့ ဟောင်းလောင်းဖြစ်နေတဲ့ အမှန်တရားကို** စပ်စုနိုင်ဖို့ အခွင့်အရေးကိုတော့ သူများတွေကို ပေးထားလိုက်ပါ။

ကိုယ်မဟုတ်တဲ့ သူများတွေက ကျွန်တော်တို့ကိုယ်တိုင်ထက်တောင် သူတို့ကိုယ်သူတို့ မလုံမလဲ ဖြစ်ကြတယ်။ မိမိကိုယ်မိမိ သံသယရှိနေတတ်တယ် ဆိုတာကို ဘယ်တော့မှမမေ့ပါနဲ့။ သူတို့က အဲဒီလျှို့ဝှက်ချက်အတွက် သင့်ကို ဖြည့်ဆည်းပေးကြလိမ့်မယ်။ ဒီတစ်ချက်ကိုသာ သင်နိုင်နိုင်နင်းနင်း ထိန်းထားနိုင်မယ်ဆိုရင် သင်ဘယ်လောက်ဆိုးဆိုး၊ ဘယ်လောက်ပဲကောင်းကောင်း အရေးမကြီးတော့ဘူး။ ကျွန်တော်တို့တွေသွားချင်တဲ့လမ်းဟာ ဒီလမ်းမျိုးပဲ ဖြစ်တယ်ဆိုတဲ့ အကြောင်းကို ကျွန်တော် ပြောပြနေတာနော်။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ အဇ္ဈတ္တထဲက ငှက်ကုလားအုတ်ဥခွံကို တွေ့ဖို့တော့ လိုတာပေါ့လေ။

■

http://www.cherrythitsar.org

# မိမိ၏အဖော်ကို ရှာဖွေခြင်း



# မိမိ၏အဖော်ကို ရှာဖွေခြင်း

အဇ္ဈတ္တ ငှက်ကုလားအုတ်ဥခွံဟာ အခြေအနေပေါင်း များစွာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကို အများကြီး အထောက်အကူပြုနိုင်ပါတယ်။ မေတ္တာတရားကိုပဲ စဉ်းစားကြည့်လေ။ မေတ္တာတရားလို့ မဆိုချင်ရင်လည်း ကျွန်တော်တို့ရဲ့အဖော် အပေါင်းတွေကို ပြောပြတဲ့ ပူစပ်စပ်၊ ယားကျိကျိခံစားချက်တွေဟာ မေတ္တာတရားပဲ ဖြစ်နေလိမ့်မယ်။ လူတိုင်းလူတိုင်းက မေတ္တာတရားကို လိုချင်ကြတယ်။ မလို ချင်ဘူးဆိုရင်တောင်မှ အနည်းဆုံးတော့ ယားယံတာကို ပျောက်ကင်းဖို့အတွက် ပူစပ်စပ်ခံစားမှုကိုတော့ ခံစားချင်ကြတယ်။ အမှန်မှာတော့ ချစ်ခြင်း မေတ္တာတရား ဆိုတာ ခမ်းနားထည်ဝါမှုတွေ ပြီးပြည့်စုံတဲ့အရာပါ။

(ချစ်ခြင်းမေတ္တာမှာ ဝီစကီနဲ့ မတူတဲ့အချက်ကတော့ ဝီစကီဆိုတာက အမျိုးအမည်ပေါင်းများစွာကို ပေါင်းစပ်ထားတဲ့အရာ ဖြစ်နေလို့ပါပဲ။ ဒီတော့ ချစ်ခြင်းမေတ္တာတရားက ဝီစကီကို အသာလေးအလဲထိုး အနိုင်ယူလိုက်နိုင်တာ ပေါ့။ ဒါနဲ့ ခဏလေးနေဦး။ ကျွန်တော် ဒီစာသားတွေကို တစ်နေရာမှာရေးထား ပြီးသားရှိတယ်။ အင်း... ဟုတ်ပြီ။ ဝီစကီနဲ့သာဆိုရင် တစ်ခါတလေမှာ သင့် အတွက် ရောစပ်စရာ ရေခဲကုန်သွားတာမျိုးတွေ ကြုံရတတ်တယ်။ ဒီတော့ အပြင်ထွက်ပြီး ဘေးအိမ်ကနေ ရေခဲတောင်းရမ်းရတာမျိုးတွေ အလုပ်ပိုလာတယ်။ တစ်ခါတလေကျတော့လည်း အချိန်ဘယ်လောက် နှောင်းနေပြီလဲ၊ နောက်ကျ နေပြီလဲဆိုတာ သင်သတိထားမိချင်မှထားမိမယ်။ ဘာကြောင့်လဲဆိုတော့သင်ဟာ ဝီစကီနဲ့ အလွန်အရည်အသွေးရှိတဲ့ အချိန်တွေဖြုန်းနေတဲ့အချိန်မှာ အချိန်ကာလ

http://www.cherrythitsar.org



ဆိုတာ သင့်အတွက် ဘာအဓိပ္ပာယ်မှ မရှိလို့ပဲပေါ့။ ဒီတော့ သင့်အနေနဲ့ရေခဲရဖို့ အတွက် ဘေးအိမ်က အိမ်နီးနားချင်းတွေကို နှိုးရမယ်ဆိုတာ ဗေဒင်မေးနေစရာ တောင်မလိုဘူး။ ဘေးအိမ်ကို နှိုးတော့လည်း သူတို့က သူတို့ရဲ့ စာတိုက်သေတ္တာ ထဲက သင်ခိုးယူသွားတဲ့ တနင်္ဂနွေနေ့ထုတ်သတင်းစာကို သူတို့ မြင်တဲ့အကြောင်း ပြောပြီး သင့်ဆီက သတင်းစာကို ပြန်တောင်းလိမ့်မယ်။ ဒီတော့ သင်ကလည်း သူတို့အိမ်ကို မီးရှို့မယ်ဆိုပြီး ပြန်ခြိမ်းခြောက်မယ်။ ဘာကြောင့်လဲဆိုတော့ ဝီစကီဆိုတာမျိုးက သင့်ရဲ့စိတ်ကို ပြောင်းလဲလွယ်စေတယ်။ တစ်ခါတလေမှာ မလုပ်သင့်တာတွေကို လုပ်မိစေတယ်။ နောင် သင် သတိထားမိလိုက်ချိန်မှာတော့ ဖြစ်ပျက်ပြီးသမျှဟာ ဘာမှ အဖတ်ဆယ်လို့ မရနိုင်လောက်အောင် လက်လွန်သွား ပြီလေ။ ချစ်ခြင်းမေတ္တာတရားမှာတော့ ဒီလိုကိစ္စမျိုးတွေ မရှိဘူး။ အိမ်နီးချင်း တွေက စကြဝဠာမယ်ရွေးပွဲပြနေတဲ့ ရုပ်မြင်သံကြားကိုကြည့်နေချိန်မှာ သင့်ရဲ့ အချစ်ကို အော်ကြီးဟစ်ကျယ် ရင်မဖွင့်ဘူးဆိုရင်တော့ ဝီစကီမှာ ဖြစ်သလို ကိစ္စမျိုးတွေ ဖြစ်လာနိုင်မှာ မဟုတ်ပါဘူး)

ဘယ်လိုနေရာကပဲ ကြည့်ကြည့် ချစ်ခြင်းမေတ္တာတရားဟာ ကောင်းတယ် ဆိုတာကတော့ သေချာပါတယ်။ တကယ့်ပုဂ္ဂိုလ်ကြီးတွေ အားလုံးကလည်း ချစ်ခြင်းမေတ္တာတရားနဲ့ ကြီးကျယ်မြင့်မြတ်မှုအကြောင်း စာဖွဲ့ခဲ့ကြတာ အားလုံး အသိပါပဲ။ အထူးသဖြင့် စာဆိုတော်ကြီး ဝီလျမ်ရှိတ်စပီးယားပေါ့။ သူက ချစ်ခြင်းမေတ္တာတရားကို ချီးမွမ်းခန်းဖွင့်တဲ့နေရာမှာ ရက်ရောသလို လက်တွေ့ လည်း ကျလွန်းလှတယ်။ သူက ပြောတယ်လေ။ အချစ်ဆိုတာရဲရဲနီတဲ့နှင်းဆီနီ တစ်ပွင့်တဲ့။ အင်း... ကျွန်တော်ကလည်း တစ်ယောက်ယောက်အကြောင်း တွေးနေမိလို့ ဖြစ်မှာပေါ့လေ။ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ ချစ်ခြင်းမေတ္တာတရားမှာ အလွန်အကျိုးရှိတဲ့ တန်ပြန်သက်ရောက်မှုတွေ ရှိနေတတ်တယ်။ ကျွန်တော်တို့ လမ်းပေါ်မှာ မူးလဲမကျခင် နောက်ထပ် မာတီနီကို ဆက်မသောက်အောင်လို့ ချစ်ခြင်းမေတ္တာတရားက ဖျောင်းဖျနိုင်တယ်။ ကျွန်တော်တို့ကို အိပ်ရာမဝင်ခင်မှာ သွားတိုက်အောင် စေစားနိုင်တယ်။ တစ်ခါတရံမှာဆိုရင် ရုံးမှာလုပ်တဲ့ ခရစ္စမတ် ပါတီပွဲမှာ မိမိကိုယ်မိမိ လူပေါကြီးမဖြစ်အောင် နည်းနည်းပါးပါး ကူညီစောင်မ တတ်တယ်။ ဒါတွေအပြင် သိပ္ပံပညာရှင်တွေက ပြောတာရှိသေးတယ်။ အချစ်စိတ် ဝင်နေခြင်းဟာ အဆီဓာတ်ကိုလည်း ကျစေတယ်တဲ့။ ကျွန်တော့် အတွေ့အကြုံအရ

http://www.cherrythitsar.org



ဆိုရင်လည်း သိပ္ပံပညာရှင်တွေပြောတာ မှန်တယ်လို့ ဆိုရပါမယ်။ ကျွန်တော်ချစ်တဲ့သူတွေက ကျွန်တော့်ကို မနက်စာ အသားကြော်တုံးနဲ့ အပြာရောင်ဒိန်ခဲချဉ် မကျွေးတဲ့အခါမျိုးမှာပေါ့။

(တစ်ဖက်က ကြည့်မယ်ဆိုရင်လည်း အချစ်ဟာ စီလိန်းဒီယွန်အတွက် သီချင်းတွေ အများကြီး ဖြစ်စေခဲ့သလို မိုက်ကယ်ဂျက်ဆင်ကိုလည်း လူပြောများစေခဲ့တယ်။ ကွာရှင်းပြတ်စဲမှုတွေ လုပ်ပေးတဲ့ ရှေ့နေတွေရဲ့ အမှုဆောင်ခကိုလည်း တိုးစေတယ်။ ဆင်ခြေဖုံးတွေနဲ့ ချစ်သူများနေ့တွေကိုလည်း လူစည်ကားစေတယ်။ ထားလိုက်ပါတော့လေ။ ကျွန်တော်တို့အနေနဲ့ ဆန့်ကျင်ဖက်ရလဒ်တွေကို မေ့ထားလိုက်ပါတော့)

ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်ပြီးတော့ အကြီးမားဆုံးပြဿနာက အဆုံးမရှိအောင်ရှိနေတဲ့ အတားအဆီးက အမှန်တကယ်တွေ့ရတဲ့ ချစ်သူတွေဟာ သင့်ကို သူတို့ကိုယ်ပေါ်မှာ လဲလျောင်းခိုင်းပြီး သင့်ရဲ့ ချစ်လှချည်ရဲ့၊ မြတ်နိုးလှချည်ရဲ့ဆိုတဲ့ စကားသံမျိုးတွေကိုသာ တစ်ချိန်လုံး ပြောနေစေချင်တာပဲ။ ဒီပြဿနာက အမြဲကြုံတွေ့နေကြရတဲ့ ပြဿနာပါပဲ။ ဒီလိုကိစ္စမျိုးတွေက မိန်းမသားတွေအတွက်တော့ တော်တော်လေးအခက်တွေ့မှာ အမှန်ပါ။ အလယ်ခေတ်က မိန်းမသားတွေက အစဉ်အလာအရ မျှော်စင်တွေပေါ်မှာပဲ သော့ခတ်ခံပြီး နေတတ်ကြရတာကိုး။ နဂါးတွေအောင်းတဲ့ဂူတွေရဲ့ရှေ့မှာ မတ်တပ်ရပ်နေကြရတဲ့ မိန်းမသားမျိုးတွေလည်း ရှိတယ်။ သူတို့ကို အချိန်တန်ရင် မလေးရှားသူဌေးတွေက ခေါ်သွားလေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ကလပ်တွေမှာ ခုနစ်လွှာကပွဲ ဆင်နွှဲနေရတဲ့ မိန်းကလေးတွေလည်းရှိတယ်။ ဒါပေမယ့် မိန်းကလေးတွေတင် ဒုက္ခဖြစ်တာ မဟုတ်ဘူး။ ယောကျ်ားလေးတွေအတွက်လည်း အချစ်ဆိုတာ အပျော်ခရီးထွက်ရတာမျိုး မဟုတ်ဘူးလေ။ အထူးသဖြင့် ငွေကြေးဥစ္စာလည်းမရှိ၊ မလေးရှားသူဌေးတွေလိုလည်း မချမ်းသာတဲ့ ကျွန်တော်တို့လို ယောကျ်ားမျိုးတွေအတွက်တော့ တကယ့်ကို စွန့်စားခန်းကြီးပါပဲ။ ကျွန်တော် ကိုယ်တိုင်ကလည်း ချမ်းသာကြွယ်ဝတဲ့သူမျိုး မဟုတ်ဘူး။ တကယ်လို့ မိတ်ဆွေတို့ကလည်း ကျွန်တော်တို့လူစားမျိုးတွေ ဖြစ်နေမယ်ဆိုရင်တော့ အချစ်နဲ့ ပတ်သက်လာရင် ဘယ်လိုလုပ်ပြီး အဆင်ပြေချောမွေ့နိုင်မှာလဲ။

http://www.cherrythitsar.org



(ဒီအခန်းဟာ ကမ္ဘာလောကကြီးထဲမှာ ရှိနေတဲ့ ယောကျ်ားသားအများစုကို ကျွန်တော် ရည်ညွှန်းထားတာပါ။ ဒါပေမယ့်လည်း ဒီအခန်းကို မိန်းမသားတွေက ဖတ်ဖြစ်ရင်လည်း ဖတ်ဖြစ်ကြမှာပါ။ မိန်းမသားတွေအနေနဲ့ ဒီအခန်းကို မဖတ်ဘဲ ကျော်ဖတ်သွားမယ်ဆိုရင်တော့ ဒီစာအုပ်ကို ကိုယ့်ရဲ့ ခင်ပွန်းထက် အရင်ပြီးသွားမှာ သေချာတယ်။ သင်က ပြီးနေတဲ့အချိန်မှာ သင့်ရဲ့ခင်ပွန်းက နောက်ဆုံးအခန်းရဲ့ အစလောက်ကိုပဲ ဖတ်နေတုန်း ဖြစ်လိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဒီစာအုပ်ကို ကျွန်တော်က စနစ်တကျ ရေးသားထားတာကိုး)

**ကိုယ့်ရဲ့ ကြင်ဖော်ကြင်ဖက် ရှာတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ အကြံပြုချက်**တွေ ထွက်ပေါ်နေခဲ့တာ နှစ်ပေါင်းများစွာ ကြာမြင့်နေပါပြီ။ အခုအချိန်အထိလည်း ထွက်ပေါ်နေဆဲပါပဲ။ အဲဒီအကြံပြုချက်တွေထဲက တချို့ကတော့ တော်တော်လေး အသုံးဝင်ပါတယ်။

"သင့်အတွက် တင်းပုတ်ကောင်းကောင်းတစ်ချောင်းနဲ့ နံရံဆေးရေး ပန်းချီကားတစ်ချို့ကို ယူဆောင်ပြီး သင့်မိဘတွေရဲ့ ဂူထဲကနေ ပြောင်းရွှေ့လိုက်ပါ" ဒီစကားကတော့ ဩစတြေလျပ်ပစ်သီးကပ်စ်ကို အကြံပေးခဲ့တဲ့စကားပါ။

"အလုပ်တစ်ခု၊ ကားတစ်စင်းနဲ့ နက်ပြာရောင်ဝတ်စုံ ဝတ်ဆင်နိုင်အောင် လုပ်ပါ"ဆိုတဲ့ စကားကတော့ ၁၉၅၀ ခုနှစ်တစ်ဝိုက်က ယောကျ်ားသားတွေကို အကြံပေးတဲ့ စကားပါ။

"မိမိကိုယ်မိမိ ဆံပင်အရှည်ထားပါ။ မူးယစ်ဆေး မှီဝဲပါ"ဆိုတဲ့စကားကတော့ ၁၉၆၀ ခုနှစ်တစ်ဝိုက်က ယောကျ်ားတွေကို အကြံပြုတဲ့စကားပါ။ (အမှန်ကို ပြောရရင်တော့ ဘယ်လို နယ်ပယ်မှာပဲဖြစ်ဖြစ် မူးယစ်ဆေးဆိုတဲ့ အရာမျိုးဟာ လုံးဝမသုံးစွဲသင့်တဲ့အရာပါ)

"မိမိကိုယ်မိမိ ကကြိုးကကွက်တွေ တတ်မြောက်အောင် သင်ယူပါ။ လည်ပင်းမှာ ရတနာတွေ တွဲလောင်းကျနေအောင် ကြိုးစားပါ။ ပါးမုံးမွေးတွေ **ထားပါ။ ပေါင်းစပ်ထုတ်ယူလို့ရတဲ့ ရုပ်အင်္ကျီတစ်ထည် ဝတ်နိုင်အောင်ကြိုးစားပါ"** ဆိုတဲ့ အကြံပေးစကားကတော့ ၁၉၇၀ ခုနှစ် တစ်ဝိုက်မှာ ယောကျ်ားတွေကို ပေးတဲ့အကြံပါ။ "အိုး၊ မူးယစ်ဆေးကိုလည်း မမေ့မထားနဲ့ဦး"တဲ့။

**"ဖက်စ်တစ်လုံးပိုင်ဆိုင်အောင်လုပ်ပါ။ ကြိုးမဲ့ဖုန်းတစ်လုံး ပိုင်ဆိုင်အောင်** လုပ်ပါ။ အားကစားရုံမှာ အဖွဲ့ဝင်ဖြစ်အောင်လုပ်ပါ။ ဘာမှမဟုတ်ပေမယ့်

http://www.cherrythitsar.org



သူများတွေကို ပြောရင်စိတ်ဝင်စားသွားစေမယ့် အလုပ်အကိုင် တစ်ခုခုကို ပိုင်ဆိုင်အောင်လုပ်ပါ။ သင် မတတ်နိုင်တဲ့ ကားတစ်စီးကို ပိုင်ဆိုင်နိုင်အောင် လုပ်ပါ။ မူးယစ်ဆေးတချို့ကိုလည်း မမေ့နဲ့ဦး”ဆိုတဲ့ အကြံပေးစကားကတော့ ၁၉၈၀ ခုနှစ်တစ်ဝိုက်မှာ ယောကျ်ားတွေကို ပြောတဲ့ စကားတွေပါ။ အမှန်ဆိုရရင်တော့ ကိုယ်မတတ်နိုင်တဲ့ ကားမျိုးကို အရင်ကြိုးစားကြပါစို့။

“ချောမွေ့ပြောင်လက်နေတဲ့ အမျိုးသမီးများအတွက် မဂ္ဂဇင်းကို လစဉ်ကြေးပေးပြီး ဝယ်ဖတ်ပါ။ သင့်အတွက် ကိုယ်ကာယလေ့ကျင့်ပေးမယ့် နည်းပြ၊ အားကစားလေ့ကျင့်ပေးမယ့်ဆရာ၊ ယောကျ်ားတွေအတွက် သီးသန့်လုပ်ထားတဲ့ မျက်နှာပြင်အလှကုန်တွေကို ပိုင်ဆိုင်နိုင်အောင် လုပ်ပါ။ သင့်အတွက် လိုလေသေးမရှိတဲ့ ဘဝကို ပိုင်ဆိုင်နိုင်အောင်လုပ်ပါ။ အမြဲဖြေဖို့ မလိုဘူးထင်တဲ့ ဆဲလ်ဖုန်းတစ်လုံး ပိုင်ဆိုင်အောင်လုပ်ပါ။ ဟင်းအမယ် သုံးမျိုးလောက်တော့ ချက်ပြုတ်တတ်အောင် သင်ထားပါ။ သင့်ထံ အိမ်တိုင်ယာရောက်လာပို့မယ့် မူးယစ်ဆေး ရောင်းသူတစ်ယောက်ရှိအောင် လုပ်ထားပါ” ဒီအကြံပေး စကားကတော့ ၁၉၉၀ ခုနှစ်တစ်ဝိုက်မှာ ယောကျ်ားတွေကို ပြောတဲ့စကားပါ။

အထက်ပါ အကြံပေးစကားတွေကို ကြည့်မယ်ဆိုရင် ရှိသင့်ရှိထိုက်တဲ့ အရာတွေဟာ ဆယ်စုနှစ်တစ်နှစ်ပြီးတစ်နှစ် ပိုတိုးလာတယ်ဆိုတာ စာဖတ်သူတွေ သိမြင်နိုင်လောက်ပါပြီ။ ဒီလို စာရင်းတိုးလာရတာကလည်း မိန်းမတွေက ယောကျ်ားတွေဆီကနေ တောင်းဆိုချက်တွေ တဖြည်းဖြည်း ပိုများလာတာကြောင့် မဟုတ်ပါဘူး။

အမှန်မှာတော့ လူဆိုးလူမိုက်တွေ၊ အလေအလွင့်ငနဲတွေ၊ များသောအားဖြင့် အခြေအမြစ်မရှိတဲ့သူတွေဟာ မိန်းမချော မိန်းမလှလေးတွေနဲ့ လမ်းအတူတွဲလျှောက်သွားတာကို ခင်ဗျားတို့ ကျွန်တော်တို့မြင်တွေ့ဖူးကြမှာပါ။ ကျွန်တော် ဒီလိုပြောလိုက်တော့ မိန်းမတွေဟာ အဆင့်အတန်းမရှိတဲ့ ယောကျ်ားတွေကိုပဲ တွဲခုတ်တတ်ကြတယ်လို့ထင်ရင် ထင်သွားလိမ့်မယ်။ ကျွန်တော့်ရဲ့ ဆိုလိုရင်းက ဒီလိုလည်း မဟုတ်ရပါဘူး။ တောင်းဆိုချက်စာရင်းတွေ များပြားလာရတဲ့ အကြောင်းအရင်းက ကျွန်တော်တို့ဟာ မိမိကိုယ်မိမိ ထင်ထားတာတွေ များပြားလာတာကြောင့်ပါပဲ။ အဲဒီအတွက် ကျွန်တော်တို့ရဲ့ မျက်လုံးတွေကိုပဲ အပြစ်တင်ကြရမှာပါ။

http://www.cherrythitsar.org



ပြီးတော့ ကျွန်တော်တို့တွေ ကိုယ်တိုင်ကပဲ–

"အိုး ကိုယ်ဟာ တစ်ဖက်တည်းကိုသာ မြင်တတ်ကြတဲ့၊ အယူသည်း **တတ်တဲ့ လူစားမျိုးပါကွယ်။ မင်းလေး ပြောခဲ့တာတွေက ကိုယ်အယူသည်းနေသမျှ ကာလပတ်လုံး မှန်ကန်ခဲ့တာပဲ။ ကိုယ့်ရဲ့ အဝတ်ဘီရိုတွေကို အရောင်တင်ဖို့ လိုနေပြီ၊ ကျွန်တော်တို့ရဲ့ ဘဝနေထိုင်မှုပုံစံကို လူရိုသေ ရှင်ရိုသေဖြစ်အောင်လုပ်ဖို့** လိုနေပြီ။ ဒီလိုနေထိုင်နိုင်မှလည်း မင်းလေးလို နတ်သမီးလေးနဲ့ ပျော်စံခွင့် ရနိုင်မှာပေါ့။ ကိုယ့်ကိုပဲ ကြည့်လေ။ ကိုယ်ဆိုရင် ဆူးကောက်ပင်ကိုတောင် ဟင်းဖြစ်အောင် ချက်တတ်နေပြီ။ ဒီနာမည်ကြီးကြားရတာတော့ မနိပ်ဘူး ပေါ့ကွယ်။ ဒါပေမယ့် ကိုယ်က တကယ်ချက်တတ်တာနော်။ ဒါ့အပြင် ကိုယ့်ရဲ့ ဝင်ငွေလစာကလည်း ကောင်းနေပြန်သေးတယ်။ ဗိုက်ကို အဆီမတက်အောင် လို့လည်း အားကစားရုံသွားပြီး ပုံမှန်လေ့ကျင့်ခန်းဆင်းနိုင်သေးတယ်။ မင်းလေး ကိုယ့်ကိုချစ်ပါကွယ်။ အိမ်တွင်း အပြင်အဆင်တွေကို အလှဆုံးဖြစ်အောင် လုပ်နိုင်တဲ့ အရည်အချင်းတွေလည်း ကိုယ့်မှာ ရှိနေပါသေးတယ်။ ကဲ ... ကိုယ်ဟာ ဘက်စုံထူးချွန်တဲ့ လူတစ်ယောက်ဆိုတာ မင်း သိပြီ မဟုတ်လား။ ပြီးတော့လည်း မင်းလေးရေးနေတဲ့ "ဘုရားသခင်နဲ့ စကားပြောခြင်း"ဆိုတဲ့ စာမူကိုလည်း မင်းရေးပြီးပြီးချင်း ကိုယ်ဖတ်နိုင်ပါသေးတယ်"ဆိုပြီး ပြောတတ် နေကြဆဲပါပဲ။

ဒီစကားမျိုးကို ကြားရတဲ့ မိန်းမသားကတော့ "အံ့သြစရာကြီးနော်"လို့ ဆိုမှာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုစကားမျိုးတွေကို ယောကျ်ားအချင်းချင်း ပြောကြရင်တော့ ယုံနိုင်မှာ မဟုတ်ဘူးလို့ပဲ သူတို့က မျှော်လင့်ထားကြတာကိုး။ ဒါ့အပြင် ဒီလို စကားမျိုးတွေကို သူတို့ကိုယ်တိုင်ကလည်း အယုံအကြည် မရှိတာ သေချာတယ်။ ယုံလည်း မယုံချင်ကြဘူး။ ယောကျ်ားတွေဟာ လမ်း မသိရင် လမ်းမှာ တွေ့တဲ့လူတစ်ယောက်ကို ရပ်ပြီး မေးရင်း ကိုယ်သွားချင်တဲ့ လမ်းကို ရောက်အောင်သွားတတ်တဲ့ မရိုးနိုင်တဲ့ အစဉ်အလာတစ်ခုကို အမြဲ ကျင့်သုံးခဲ့ကြတာပဲ မဟုတ်လား။ ကျွန်တော်တို့တွေဟာ တချို့ကိစ္စတွေမှာ ဟန်ဆောင်ဖို့လိုတယ်ထင်လို့ ဟန်ဆောင်နေကြတာပဲ မဟုတ်လား။ ဒါပေမယ့်လည်း မိန်းကလေးတွေက ကျွန်တော်တို့ကို တစ်ဖက်သတ် အညှို့ခံခိုင်းတဲ့ ကိစ္စမျိုးတွေ

ဖြစ်လာတဲ့အခါမှာတော့ သူတို့တွေက "အင်းပါ၊ ကိုလူချောရယ်"ဆိုတာလောက်နဲ့ပဲ ပြီးသွားကြတာပဲ မဟုတ်လား။

မိန်းကလေးတွေဖက်က ကြည့်မယ်ဆိုရင်လည်း သူတို့အနေနဲ့ တချို့နေရာ၊ တချို့အချိန်အခါတွေမှာ ရက်ရက်ရောရော ပေးမှရတယ်။ သူတို့သာ အခါအခွင့်သင့်သလို မနေတတ်ဘူးဆိုရင် ဦးနှောက်မရှိတဲ့သူတွေ ဖြစ်ကုန်မှာပေါ့။ မိန်းမတွေ သဘောမကောင်းတတ်တဲ့ အခါမျိုးတွေက ပိုတောင်များတတ်ပါသေးတယ်။

၁၉၈၀ ခုနှစ်တစ်ဝိုက်မှာ ရှရှားတွေက ရော်နယ်လ်ရေဂင်ကို ဖုန်းလှမ်းဆက်တယ်။

**"ရဲဘော်၊ ကျွန်တော်တို့အနေနဲ့ ဒီကိစ္စကို စဉ်းစားဖို့လိုနေပြီ။ ဒီဒုံးကျည်** ပစ်စနစ်တွေနဲ့ နျူကလီးယား ကျည်ဖူးစနစ်တွေက သူတို့ရဲ့တန်ဖိုးထက် ဒုက္ခပေးနိုင်တာက ပိုများနေတယ်။ ဒီတော့ ကျွန်တော်တို့အနေနဲ့ ဒီလက်နက်တွေကို ပြန်ဖြုတ်မှ ဖြစ်မယ်။ လက်နက်တွေရဲ့ အစိတ်အပိုင်းတွေကို နယူးဇီလန်နားက ပင်လယ်ထဲမှာ လွှင့်ပစ်ရမယ်။ ရဲဘော်အနေနဲ့ ဒီပစ္စည်းတွေကို အသုံးပြုဖို့ အစီအစဉ်မရှိဘူးဆိုရင်ပြောတာပါ။ ရဲဘော်သာ သဘောကျမယ်ဆိုရင် နောက်တစ်ခါစာပို့ရင် ဒီလက်နက်တွေကိုပါ တစ်ပါတည်း ပို့လိုက်ရမလား။ သေသေချာချာထုပ်ပိုးပြီး ပို့လိုက်မှာပါဗျာ။ ကျွန်တော်တို့ရဲ့ လက်နက်တွေကို ခင်ဗျားတို့ရဲ့အမြောက်တပ်မှာ အင်အားဖြည့်ထားနိုင်တာပေါ့။ ပို့ခကိုလည်း ကျွန်တော်တို့ကပဲ တာဝန်ယူပြီးပို့ပေးမှာပါ။ ခင်ဗျားအမြင်မှာ ကောင်းမယ်ဆိုရင် ကျွန်တော်တို့ ရှရှားတွေ ဖော်ဒကာအရက်သောက်တာ ဖြတ်လိုက်မယ်"

ဒီတော့ သမ္မတရေဂင်ကလည်း ဒီကိစ္စကို သေသေချာချာ ပြန်ပြီး စဉ်းစားတယ်။ ပြီးမှ ပြန်ပြောတယ်။

"ခင်ဗျားတို့ ဖော်ဒကာကို ဖြတ်စရာ မလိုပါဘူးဗျာ။ ကျုပ်တို့တွေက မိတ်ဆွေတွေပဲ။ ခင်ဗျားတို့အနေနဲ့ ကျွန်တော်တို့ကို အခုလို စေတနာထက်သန်တဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ ပြီးတော့ ကျွန်တော်တို့တွေက ရင်းနှီးကြတယ်ဆိုပေမဲ့ တစ်ယောက်အကြောင်းတစ်ယောက် ထဲထဲဝင်ဝင် မဖြစ်သေးဘူးလေ။ အခုအချိန်မှာတော့ ကျွန်တော် ခင်ဗျားကို ဓာတုစစ်ပွဲတွေအကြောင်း

http://www.cherrythitsar.org



ပြောပြချင်နေတယ်။ အခုလို အချိန်မျိုးကလည်း ကျွန်တော်တို့အတွက် အချိန်ကောင်း ဖြစ်မယ်ထင်တယ်”

ဒီတော့ ကျွန်တော်တို့အနေနဲ့ ရောင်က ရှရှားရဲ့ ကမ်းလှမ်းချက်တွေကို လက်ခံလိုက်တာ အပြစ်ပြောလို့မရဘူးလေ။ ဒါပေမယ့် လက်ခံလိုက်တာပဲဖြစ်ဖြစ်၊ ငြင်းဆန်လိုက်တာပဲဖြစ်ဖြစ် ကျွန်တော်တို့အတွက်တော့ မကောင်းတာအမှန်ပဲ။ စစ်လက်နက်ပစ္စည်းတွေ ဖြစ်နေတာကိုး။ သေချာတာက ကျွန်တော်တို့အတွက် ကောင်းကျိုးကို ဆောင်ကျဉ်းပေးလာနိုင်မှာ မဟုတ်ဘူးဆိုတာပဲ။ သင့်ရဲ့ ဝိုင်ခရိုမိုဇုန်းမ်တွေက မခံမရပ်နိုင် ဖြစ်နေချိန်မှာ သင့်အနေနဲ့ ဘယ်လောက်ပဲ ကြိုးစားကြိုးစား အချည်းအနှီးပဲ ဖြစ်နေလိမ့်မယ်။

**အရမ်းလည်း ကြိုးစားတယ်။ အောင်လည်း မအောင်မြင်ဘူး၊ သင့်အနေနဲ့** ဆုံးရှုံးမှုကြီးတစ်ခုလိုပဲ ခံစားနေရတယ်ဆိုရင် သင့်ဘဝအတွက် ကောင်းကျိုးဆိုတာ ဘယ်လိုလုပ်ပြီး ရှိလာတော့မှာလဲ။ သင် တကယ်လို့ အောင်မြင်မှုရခဲ့တယ်ပဲ ထားဦး၊ လုပ်သမျှနဲ့ရသမျှဟာ သင့်အတွက်မတန်လှဘူးလို့ဆိုရမယ်။ ကျွန်တော်တို့ရဲ့ သူတစ်ပါးအပေါ်မှာ ပြုမူချက်တွေကလည်း မခံမရပ်နိုင်လောက်အောင် ဖြစ်လာမယ်။ လူသားမဆန်တာမျိုးတွေ ဖြစ်လာနိုင်တယ်။ ကျွန်တော် တို့ကိုလည်း လူတွေက ရွံရှာလာလိမ့်မယ်။

ဒီတော့ ကျွန်တော်တို့အနေနဲ့ စနေနေ့တစ်နေ့လုံး ဘောလုံးပွဲတွေ ထိုင်ကြည့်နေမယ့်အစား။ တနင်္ဂနွေနေ့တစ်နေ့လုံး ကားပြိုင်ပွဲတွေ ထိုင်ကြည့်နေမယ့်အစား ကိုယ့်ကိုယ်ကို ကျေနပ်မှုရှိတယ်ဆိုတဲ့ ပုံစံမျိုးနဲ့ ဟန်ထုတ်ပြီး နေကြည့်လိုက်စမ်းပါ။

“ကိုယ်တို့နှစ်ယောက်ရဲ့ ဆက်ဆံရေးအခြေအနေအကြောင်းကို မပြောချင်တော့ဘူးကွာ”လို့ ပြောမယ့်အစား “ကိုယ်တို့နှစ်ယောက်ရဲ့ ဆက်ဆံရေးအခြေအနေအကြောင်းကို ကိုယ်သိပ်ပြီး ပြောပြချင်နေတယ်ကွာ၊ ဒါပေမယ့်လည်း ကိုယ့်ရဲ့ ခန္ဓာကိုယ်လှုပ်ရှားဆောင်ရွက်မှုကိုပြတဲ့ ဆေးစာက ကိုယ်ဟာ အခုလို **အချိန်မျိုးမှာ စိတ်ခံစားမှုနဲ့ ပတ်သက်ပြီး လွန်လွန်ကဲကဲ တွေ့ကြုံခံစားနေရတယ်လို့** ပြနေတယ်ကွာ။ ကိုယ့်ရဲ့ စိတ်ခံစားမှုနဲ့ ပတ်သက်တာတွေက အကောင်းဖက်ကို ဦးတည်နေနိုင်တာမို့ တိမ်မည်းတွေ မစွန်းစေချင်ဘူး။ အဆိုးဖက်ကို ဦးတည်တဲ့ စိတ်ခံစားမှုတွေက အဖျက်သဘောဆောင်တဲ့ဖက်ကို ဦးစားပေးလိုက်ရင် ဘားဆိုင်

http://www.cherrythitsar.org



သွားပြီး အရက်သောက်တာမျိုးတွေ၊ ဟိုသွား ဒီသွားလုပ်တာမျိုးတွေ ဖြစ်လာတတ်တယ်ကွ”လို့ ပြောကြည့်ပါ။

တကယ်တော့လည်း မိန်းမသားတွေခများ ပျော်ရရှာတာ မဟုတ်ပါဘူး။ မိန်းမသားတွေကလည်း ယောကျ်ားတွေလိုပါပဲ၊ ဘာမှ မထူးပါဘူး။ သူတို့တွေဟာ ကျွန်တော်တို့တွေလိုပဲ နေလာခဲ့တာ နှစ်ပေါင်းများစွာ ကြာပါပြီ။ သူတို့တွေဟာ ကျွန်တော်တို့လိုပဲ သူလိုငါလို နေထိုင်ခဲ့တာ ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ကျွန်တော်တို့ထက် သူတို့က ဘာတွေပိုတယ်၊ ဘာတွေလိုတယ် ဆိုတာကိုတော့ ကျွန်တော်လည်း မစဉ်းစားတတ်လောက်အောင်ပဲ။ နားမလည်နိုင်လောက်အောင်ပဲ။ ကျွန်တော် နားမလည်တာကလည်း ဘဝရဲ့ အချက်အလက်တွေထဲက တချို့လိုပါပဲ။ ဉပမာ ရုပ်မြင်သံကြားတစ်ခုက ဘယ်လို လုပ်ဆောင်သလဲဆိုတာမျိုးတို့၊ မီးပွိုင့်တစ်ခုမှာ မီးနီနဲ့ မီးစိမ်းက သူ့အချိန်ပိုင်းနဲ့သူ တိတိကျကျ လုပ်ဆောင်တာမျိုးတို့လိုပေ့ါ။ ဒါတွေကို ကျွန်တော်တို့ နားမလည်ဘူး ဆိုပေမယ့် ယုံကြည်လက်ခံမှုတော့ ပြုနေရတာပဲ။ နားမလည်တာနဲ့ ပတ်သက်ပြီး မေးခွန်းတွေ ထုတ်မနေဘူးဆိုရင်တော့ ရှုပ်ထွေးပြီးရင်း ရှုပ်ထွေးလာမှာ အမှန်ပဲ။ ကျွန်တော်တို့ နေထိုင်လုပ်ကိုင်လာတာတွေကလည်း အဲဒီအတိုင်း တစ်ထပ်တည်း ဖြစ်နေတယ်။ ဒီတော့ ကျွန်တော်တို့တွေက ရှုပ်ထွေးမှုကို မလိုချင်ဘူး၊ ရှင်းရှင်းလင်းလင်း ဖြစ်သွားချင်တယ်။ ဒီတော့ မေးခွန်းတွေ ထုတ်လာရတယ်။ ပိုပြီးကောင်းတဲ့ အနေအထားတစ်ခုကိုရောက်အောင် ပြင်ဆင်ရတယ်။

(ဒီစကားမျိုးတွေ ပြောနေမိချိန်မှာပဲ“ပိုပြီးကောင်းအောင် လုပ်မနေပါနဲ့၊ လုပ်ရင်လည်း မတန်ဘူး”ဆိုတဲ့ အကြောင်းအရာတစ်ခုက ကျွန်တော့်ခေါင်းထဲ ဝင်လာတယ်)

ကျွန်တော်တို့ဟာ မိန်းမတွေက စိတ်ပျက်လက်ပျက် မကျေမနပ်နဲ့ ချစ်နေရတဲ့၊ မချစ်ဘဲ အောင့်နမ်းနေရတဲ့ ယောကျ်ားသားတွေ မဟုတ်တော့ပါဘူး။ ဒီတော့ မိန်းမသားတွေ ဆိုတာကလည်း ကျွန်တော်တို့ ယောကျ်ားတွေလိုပဲ စာရင်းမရှိအင်းမရှိဆိုတာ၊ အုတ်အရောရော ကျောက်အရောရောဆိုတာ သိလောက်ပါပြီ။ ဒါပေမယ့် မိန်းမသားတွေဟာ နောက်ဆုံးမှာ သူတို့လိုချင်တာကို ရသွားတဲ့အတွက် ပိုလို့တောင်ဆိုးသွားသေးတယ်။ သူတို့ကလည်း အဆိုးကိုမှ ခံစားချင်ကြသူတွေကိုး။

http://www.cherrythitsar.org



မိန်းမသားတွေကလည်း ထိုင်ပြီး တွေးရင် တွေးနေမှာပေါ့။ ငါ့ရဲ့ အနက်ရှိုင်းဆုံး တစ်နေရာက ခံစားမှုက ဘယ်လိုလဲ။ ရိုမီရိုနဲ့ ဂျူးလိယက် ဇာတ်ကားကြည့်ပြီး နောက်ဆုံးမှာ ပေါင်းမပေါင်းဆိုတာလောက်ပဲပိုပြီး အလေးထားမယ့် ယောကျာ်းတစ်ယောက်ကို ငါ့ရဲ့ဘဝမှာ လက်တွဲသွားနိုင်ပါ့မလား ဆိုတာလောက်ပဲ စဉ်းစားနေမှာပေါ့။ ငါကိုယ်တိုင်ကလည်း စိတ်ထဲမှာ ကြိတ်ပြီး ရိုမီယိုနဲ့ တိတ်တိတ်လေး ချစ်ကျွမ်းမဝင်ချင်ဘူးလား။ ဒီလိုနဲ့ပဲ မိန်းမသားတွေက စိတ်ကူးယဉ်ရင် ယဉ်နေကြပါလိမ့်မယ်။

ဒါကြောင့်မို့ ရာစုသစ်က ယောကျာ်းလေးတွေကို ကျွန်တော်ကရိုးရှင်းတဲ့၊ လျော့ရိလျော့ရဲ အကြံပေးချင်နေတာပေါ့။ နော်ဝေဂျီယန် ပရိဘောဂတွေလို ပေါ့ဗျာ။ (ကျွန်တော့်အနေနဲ့ နော်ဝေဂျီယန် ပရိဘောဂအကြောင်းကို ပြောရင် **ရာစုသစ်ရဲ့ ကိုယ်တော်ချောလေးတွေက ကောင်းကောင်းနားလည်နိုင်မှာ မဟုတ်တဲ့** အတွက် ဒီနေရာမှာ ရပ်လိုက်ပါ့မယ်)

ရိုးရိုးပြောရရင် ကိုယ့်ရဲ့ အဓ္ဈတ္တငှက်ကုလားအုတ်ဉကို ရှာပါလို့ပဲ ပြောချင်ပါတယ်။

ကျွန်တော် ပြောချင်တာကဒီအတိုင်းပါပဲ။ မိမိရဲ့ အဓ္ဈတ္တငှက် ကုလားအုတ်ဉကို ရှာဖွေကြပါ။

ကျွန်တော်ပြောတဲ့ အကြောင်းအရာက စာဖတ်သူအတွက် အသစ်အဆန်း တစ်ခုလိုဖြစ်ရင် ဖြစ်နေမှာပါ။ ရှင်းပြဖို့ လိုဦးမယ်ထင်တယ်။

ကျွန်တော် စောစောပိုင်းမှာ ပြောပြခဲ့ဖူးတဲ့ ဇမ်နဲ့ သူ့ရဲ့ ငှက်ကုလားအုပ်ဉခွံပုံပြင်လေးကို မှတ်မိကြသေးရဲ့လား။ သူဟာ ဘာမှမပါတဲ့ ငှက်ကုလားအုတ်ဉခွံကို မလွတ်တမ်း ကိုင်ထားတဲ့အတွက် ကျန်တဲ့သူတွေအားလုံးက သူ့ရဲ့ လျှို့ဝှက်ချက်ဟာ ဘာလဲဆိုတာ သိချင်နေကြတယ်ဆိုတာကိုရော မှတ်မိကြသေးရဲ့လား။ ဇမ်မှာ လျှို့ဝှက်ချက်တစ်ခု ရှိနေတယ်ဆိုတာကို ကျန်တဲ့သူတွေအားလုံးက တစ်ပြေးညီ လက်ခံထားကြတယ်ဆိုတဲ့အချက်ကိုရော မှတ်မိကြသေးရဲ့လား။ တကယ်လို့သာ ဇမ်ရဲ့ လက်ထဲက ငှက်ကုလားအုတ်ဉထဲမှာ ရေသာရှိနေရင် သူကိုယ်တိုင်သောက်ပြီး သူများတွေကိုပါ မျှပေးရင် ပေးမှာပေါ့။ ဒီရေတွေကို သူဘယ်လိုလုပ်ရမလဲဆိုတာကို စဉ်းစားရင် စဉ်းစားနေမိမှာပေါ့။ တကယ်လို့သာ သူဟာ ဉခွံထဲမှာ ဘာမှမပါဘူးဆိုတာ ပြောပြလိုက်ရင် သူ့ရဲ့

http://www.cherrythitsar.org


လူမျိုးစုထဲမှာ အာဏာရှိတဲ့ သြဇာရှိတဲ့လူတစ်ယောက် ဘယ်လိုလုပ်ပြီးဖြစ်လာတော့မှာလဲ။

**လျှို့ဝှက်ချက်တစ်ခုဆိုတာဟာ လျှို့ဝှက်ချက်တစ်ခုအဖြစ် တည်မြဲနေနိုင်**မှသာ အစွမ်းရှိတယ်လေ။

**အဲဒီ ဝှက်ကုလားအုတ်ဥခွံဟာ ကျွန်တော်တို့အားလုံးရဲ့ အဖွဲ့တွေထဲမှာ** တည်ရှိနေတယ်။ ကျွန်တော်တို့သာ အဲဒီဥကို မြတ်နိုးတန်ဖိုးထားမယ်ဆိုရင် ပိုးမွေးသလို မွေးထားမယ်ဆိုရင်၊ ဘယ်လိုအခြေအနေမျိုးပဲကြုံကြုံ ကျွန်တော်တို့ရဲ့ဥကို လှစ်ဟမပြဘူး၊ သူတစ်ပါးတွေကို ရှာဖွေခွင့် မပေးနိုင်ဘူးဆိုရင်သူများတွေက ကျွန်တော်တို့ရဲ့ ဥခွံထဲမှာ ဘာတွေများ ရှိနေသလဲဆိုတာ တဖြည်းဖြည်းနဲ့ စဉ်းစားလာကြမှာပါ။ သိချင်လာကြမှာပါ။ မိန်းမသားတွေကလည်း သူတို့ကိုယ်သူတို့ သီးခြားမြင်တတ်ကြတယ်။ သူတို့စိတ်ကူးနဲ့သူတို့ နေတတ်ကြတယ်။ ပြီးတော့ သူတို့ရဲ့ စိတ်ကူးတွေက အဆုံးမရှိလှသလို လက်ရှိအခြေအနေထက် ပိုပြီးတော့ ဆွဲဆောင်မှုရှိတယ်။ စိတ်ဝင်စားစရာကောင်းတယ်။

ဒီတော့ ကျွန်တော်ပြောတာကို သတိထားပြီး နားထောင်ကြည့်ပါ။ မိတ်ဆွေတို့အနေနဲ့ မိမိကိုယ်မိမိ တိုးတက်အောင် လုပ်မယ့်အစား သူများတွေကို ကိုယ့်အတွက် တိုးတက်အောင်လုပ်ပေးခိုင်းပြီး အဲဒီအပေါ်မှာ အကျိုးအမြတ်တွေ ရိတ်သိမ်းပစ်လိုက်စမ်းပါ။ သင့်ရဲ့ မိတ်ဆွေတွေကို ရေငုံနှုတ်ပိတ်နေပါစေ။ သင့်မိတ်ဆွေတွေက သင့်အပေါ်မှာ အမြဲတအံ့တသြ ဖြစ်နေပါစေ။ အလွန်ထူးခြားတဲ့ သူတစ်ယောက်က ပြောခဲ့တဲ့စကားတွေကို ရုတ်တရက် ပြန်လည်အမှတ်ရမိလာသလိုလိုနဲ့ နက်နက်နဲနဲ ပြုံးမိတာမျိုး၊ ဘာရယ်မဟုတ်ဘဲ ရုတ်တရက် မျက်မှောင်ကြုတ်မိတာမျိုး၊ ဘာမဆို သိနေတဲ့ပုံစံမျိုးနဲ့ ကျင့်သား ရနေအောင် နေထိုင်ပါ။

သင့်အနေနဲ့ သွားရေတမြားမြားကျပြီး ထိုင်မနေဘူးဆိုရင်၊ သူများပြောသမျှဟာသတွေကို မရယ်ဘဲနေမယ်ဆိုရင်၊ ကိုယ့်ကိုယ်ကို ဘယ်လို ပျော်ရမလဲဆိုတာကိုတောင် မသိတဲ့လူတွေက သင့်ကို အာရုံစိုက်လာမိကြလိမ့်မယ်။ **အလေးအနက် ထားလာကြလိမ့်မယ်။ ဒီလို ဖြစ်လာလိမ့်မယ်လို့လည်း သင့်အနေနဲ့** ထင်ထားမှာ မဟုတ်ဘူး။ ဘာရယ်မဟုတ်တဲ့ အစီအစဉ်မျိုးနဲ့ တမဟုတ်ချင်း ကိုယ့်ကိုယ်ကို အမြင့်ရောက်သွားအောင် လုပ်စမ်းပါ။

http://www.cherrythitsar.org



စကားတွေ အလွန်အကျွံပြောတဲ့အတွက် အကြီးအကျယ် အန္တရာယ် ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်လေးတစ်ခုကို ကျွန်တော်ပြောပြချင်တယ်။

ကျွန်တော့်မိတ်ဆွေ ချန်ကိုဆိုတဲ့လူတစ်ယောက်က မိန်းမတွေနဲ့ ပတ်သက်လာရင် လုံးဝအကောင်းမြင်တတ်တဲ့ သူတစ်ယောက်ပဲ။ ဒီထက်ဆိုးတာက သူဟာ အရောင်းအဝယ်လုပ်တဲ့ သူတစ်ယောက် ဖြစ်နေတာပဲ။ သူဟာ သူ့တစ်သက်တာလုံးမှာ သင့်တော်တဲ့ မိန်းကလေးတစ်ယောက်ကိုများ တွေ့လေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ဟိုသွားဒီသွားလုပ်လိုက်၊ ဘိုးလင်း သွားလိုမ့်လိုက်နဲ့ အချိန်တွေကုန်ဆုံးခဲ့ရတယ်။ (ဘာကြောင့် ဘိုးလင်းသွားပစ်တာလဲ ဆိုတာကိုတော့ ကျွန်တော့်ကို မမေးပါနဲ့။ချန်ကိုဟာ အရောင်းအဝယ် လုပ်ရင်တော့ လုပ်မယ်၊ ဒါပေမယ့်လည်း ဒီလောက်အကင်းပါးလှတဲ့ သူတစ်ယောက်တော့ မဟုတ်ဘူး။)

ပြီးခဲ့တဲ့နှစ်ကဆိုရင်ပဲ ချန်ကိုဟာ ဘာရယ်မဟုတ်ဘဲနဲ့ စာအုပ်ဆိုင်ထဲမှာသာ အချိန်တွေ ကုန်နေခဲ့တယ်။

“မိန်းမဆိုတာမျိုးက ငါးစာတပ်ပြီး ငါးမျှားတဲ့ နေရာမျိုးတွေမှာ လမ်းသလားတတ်ကြတာမျိုး မဟုတ်ဘူးကွ။ မင်းအနေနဲ့ ကိုယ်ထူးကိုယ်ချွန် စာအုပ်**တွေကိုပဲ ဖတ်နေမယ်ဆိုရင် အဲဒီစာအုပ်မျိုးတွေဖတ်တဲ့ မိန်းမမျိုးနဲ့ပဲ တွေ့မှာပဲ”လို့** သူက ကျွန်တော့်ကို ပြောပြဖူးတယ်။

မကြာသေးခင်က သူကျက်စားတဲ့ နေရာဟာ စူပါမားကက်တွေဖြစ်တယ်။ ကျွန်တော်က သူ့ကို တားပါသေးတယ်။ ဒါပေမဲ့ သူကလည်း ဇွတ်သမား။

**“မင်း ငါနဲ့ လိုက်ခဲ့မယ်ဆိုရင် မင်းကို နောက်တစ်နပ် ငါကျွေးမယ်”လို့** သူက ကျွန်တော့်ကို ဆိုတယ်။

ကျွန်တော်တို့ရဲ့ ပထမဦးဆုံး ပစ်မှတ်ကတော့ အနီးအနားမှာရှိတဲ့ စူပါမားကက်ပါပဲ။ ကျွန်တော်တို့နှစ်ယောက် တနင်္ဂနွေနေ့တစ်နေ့မှာ အဲဒီ စူပါမားကက်တစ်ခုကို သွားကြတယ်။

**“ငါတို့ လုပ်ရမှာက ချဉ်းကပ်တဲ့ နည်းလမ်းကို ရွေးချယ်ဖို့ပဲကွ” လို့** ချန်ကိုက ကျွန်တော့်ကို ပြောတယ်။

ကျွန်တော်ကတော့ လတ်လတ်ဆတ်ဆတ် သစ်သီးတွေရောင်းတဲ့ အသီးအရွက်အရောင်းဌာနမှာ နေရာယူလိုက်တယ်။ သစ်သီးတွေ၊ ဟင်းသီးဟင်းရွက်

http://www.cherrythitsar.org



တွေ ရှိတဲ့နေရာကို တကယ့်စည်းစိမ်ရှိတဲ့နေရာအဖြစ် ကျွန်တော် စိတ်ကူးယဉ်ထားတာကိုး။ သိပ်မကြာခင်မှာပဲ သိပ်မဆိုးလှတဲ့ မချောတစ်ယောက် ရောက်လာတာတွေ့လိုက်ရတယ်။ သူ့ရဲ့ပုံစံကတော့ နှစ်လိုစရာပါပဲ။ ခေါင်းက ဆံပင်တွေကလည်း မကြာသေးခင်ကမှ လျှော်ထားတဲ့ပုံ။ ကျွန်တော် သူ့ကိုကြည့်ပြီး မဝံ့မရဲ ဖြစ်နေချိန်မှာ သူက ထောပတ်သီးတစ်လုံးကို လက်ညှိုးထိုးပြရင်း အားပေးတဲ့ ပုံစံမျိုးသက်ရောက်တဲ့ အပြုံးလေးနဲ့ ပြုံးပြတယ်။ ကျွန်တော်ရဲ့ ဂြိုဟ်စီးဂြိုဟ်နင်းကို ကျေးဇူးတင်ရတော့မလိုတောင် ဖြစ်နေပြီ။ ကံကောင်းနေပြီဆိုရမှာပေါ့။ ထောပတ်သီးတွေက သူမကို ချဉ်းကပ်ဖို့ ဖန်နေတဲ့ လမ်းကြောင်းတွေ ဖြစ်နေပြီလေ။

ကျွန်တော်ကလည်း ရဲရဲဝံ့ဝံ့ကြီးနဲ့ပဲ သူမထံကို ချဉ်းကပ်သွားမိတယ်။ ပြီးတော့

"တူညီတဲ့ ဓာတ်ငွေ့တိုင်းရဲ့ ပမာဏဟာ တူညီတဲ့ အပူချိန်နဲ့ တူညီတဲ့ ဖိအားမှာဆိုရင် ပါဝင်တဲ့ မော်လီကျူးအရေအတွက်နဲ့ ထပ်တူကျတယ်"လို့ သူမကို ပြောလိုက်တယ်။

ကျွန်တော့်စကားကိုကြားတော့ သူမက ကျွန်တော့်ကို ခပ်တန်းတန်း ပြန်ကြည့်တယ်။ နွေးထွေးပုံရတဲ့ သူမရဲ့ မျက်ဝန်းအစုံကလည်း အေးစက်စက် ဖြစ်သွားတယ်။

ပြီးတော့မှ ကျွန်တော့်ကို အောက်ပါအတိုင်း ပြန်ပြောတယ်။

"ရှင် မှားနေပြီထင်တယ်။ အမှန်မှာတော့ ရှင်က အသည်းပုံစံရှိပြီး **အခွံကထူတဲ့၊ အပူပိုင်းဒေသကထွက်တဲ့ အစေ့ကြီးပြီး အသားထူထူထောပတ်သီးကို** အကြောင်းပြပြီး ကျွန်မကို ချဉ်းကပ်ဖို့ ကြိုးစားတာမဟုတ်လား။ ဒီတော့ရှင်ဟာ ထောပတ်သီး**(Avocado)** နဲ့ အက်ဗိုဂါဒြို **(Avogadro)** သီအိုရီနဲ့မှားပြီး ကျွန်မကို လာပြီးချဉ်းကပ်မိတာပဲ။ ဒီသီအိုရီက ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ၁၈ ရာစု ပညာရှင် အမ်မီဂိုအက်ဗိုဂါဒြိုကို အစွဲပြုပြီး နာမည်ပေးထားတာလေ"

ကဲ... အရပ်ကတို့ရေ၊ ကျွန်တော် အခုလို အခြေအနေမျိုးမှာ ရင်ဆိုင်နေရပြီဆိုတော့ သူမကို ဘယ်လိုများပြန်ပြီး တုံ့ပြန်ရပါ့မလဲ။ ဘယ်လိုတုံ့ပြန်မယ်လို့ရော ထင်ထားကြလဲ။ ကျွန်တော်ဟာ လျှို့ဝှက်နက်နဲတဲ့ အပြုံးမျိုးကို ပြုံးပြီး ယဉ်ယဉ်ကျေးကျေးနဲ့ ခေါင်းငုံ့ကာ သူမအနားကနေ ထွက်ခွာသွားလိမ့်

http://www.cherrythitsar.org


မယ်လို့များ ထင်မိကြပါသလား။ ကျွန်တော်ပြောလိုက်တဲ့ ဓာတ်ငွေ့တွေရဲ့ ဂုဏ်သတ္တိအကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ရော ဒီအတိုင်းထားခဲ့မှာလား။ ကျွန်တော် အမှန်တကယ်ပြောချင်တာက ဒီဓာတ်ငွေ့တွေရဲ့ ဂုဏ်သတ္တိအကြောင်းရော ဟုတ်ပါရဲ့လား။

ဒါမှမဟုတ်ရင်လည်း–

"အို ... အင်း မဟုတ်ဘူးလေ။ ကျွန်တော်က အသံထွက်ရင်း စဉ်းစားနေမိတာပါ။ အာ... အာ... သူက တကယ်ပဲ ၁၈ ရာစုမှာ နေခဲ့တာလားဟင်၊ ကျွန်တော်တောင် မသိလိုက်ဘူး။ အဲဒီ... ဟိုဟာ ဆိုပြီးတော့ တောင်တောင်အီအီနဲ့ ပြန်ပြောနေမိလိမ့်မယ်လို့ ထင်နေကြလား။

ကျွန်တော် ဘယ်လိုအနေအထားတစ်ခုကို ရွေးချယ်လိုက်သလဲဆိုတာ စာဖတ်သူတွေကို ထင်မြင်ခွင့် ပေးလိုက်ပါတယ်။ ကျွန်တော်က ဒီစာအုပ်ကို ရေးရုံပဲ ရေးတာလေ။ ဒီစာအုပ်ကနေ ဘာသင်ခန်းစာမှ ကျွန်တော်မရဘူး။ ကျွန်တော့်အခြေအနေက နုံချာလှတာတော့ အမှန်ပဲ။ နည်းနည်းဖြေသိမ့်လို့ရတာကတော့ ကျွန်တော့်သူငယ်ချင်း ချန်ကိုဟာ ရေခဲစိမ် အသားတွေရောင်းတဲ့နေရာမှာ ရောက်နေတာကြောင့်ပါပဲ။ ချန်ကိုဟာ ရေခဲစိမ်ကြက်သားတွေ ရောင်းတဲ့နေရာမှာ ဟိုယောင်ဒီယောင်နဲ့ မိတ်ကပ်လိမ်းမထားတဲ့ ပုံဆိုးဆိုး အမျိုးသမီးတစ်ယောက်ကို ရစ်နေတယ်။ အဲဒီအမျိုးသမီးက ကြက်ခြေထောက်ကို လှမ်းကိုင်လိုက်တဲ့အခါမှာ ချန်ကိုကလည်း ယောင်နနနဲ့ ကြက်ခြေထောက်ကို လှမ်းကိုင်လိုက်တာမို့ သူတို့နှစ်ယောက်ရဲ့ လက်တွေ သွားဆုံမိကြတယ်။

ပုံဆိုးပန်းဆိုး အမျိုးသမီးက သူမရဲ့လက်ကို ဆတ်ခနဲပြန်ရုပ်လိုက်တယ်။ ဒီတော့ ချန်ကိုခမျာ "အင်း... အား... ဆိုပြီး ဘာပြောရမှန်း မသိဖြစ်သွားတယ်။ ဒါပေမယ့် အမျိုးသမီးက ချန်ကို ကို အရှက်ပြေအောင် လမ်းစဖော်ပေးပါတယ်။ အေးခဲနေတဲ့ ကြက်ရင်ပုံ တစ်ခြမ်းကို ကောက်ကိုင်ပြီး "ရှင်က ကြက်ရင်ပုံယူမလို့လား" လို့ ချန်ကို ကို မေးတယ်။

ချန်ကိုရဲ့မျက်နှာမှာ အပြုံးတွေ ဒလဟော ဖြတ်သန်းသွားတယ်။ ကျွန်တော့်တစ်ကိုယ်လုံး အေးစက်သွားတယ်။ ဒါပေမယ့် အခြေအနေက ကျွန်တော်လည်း တတ်နိုင်မှာ မဟုတ်တဲ့ အခြေအနေလေ။ ချန်ကိုက ပါးစပ်ဘယ်တော့မှ အငြိမ်နေလို့ မရဘူးဆိုတာ ကျွန်တော် ကောင်းကောင်းကြီး သိနေတာကိုး။

http://www.cherrythitsar.org



"ဟင့်အင်း၊ မယူတော့ပါဘူး" လို့ ချန်ကိုကပြောပြီး အမျိုးသမီးရဲ့တီရှပ် ရှေ့ပိုင်းကို သေသေချာချာကြည့်ပြီးတော့မှ "ဆွဲဆောင်မှုတော့ အရှိသား" ဆိုပြီး ပြောချလိုက်တယ်။

## အဖော်အပေါင်းကို ထိန်းသိမ်းထားခြင်း

ကျွန်တော်အထက်မှာ ပြောခဲ့တာတွေကို ပြန်ကြည့်မယ်ဆိုရင် ထင်သလောက် သရုပ်မပေါ်ဘူးဆိုတာ သတိထားမိပါတယ်။ ဒါပေမယ့်လည်း ပြဿနာတော့ မရှိပါဘူး။ အခုတော့ နောက်ကျသွားပြီလေ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ပေးတဲ့ အကြံကို လိုက်နာပြီး ဖဲကစားမယ်ဆိုရင် မကြာခင်မှာပဲ မိတ်ဆွေအနေနဲ့ ချစ်ဖော်ကြင်ဖော်တစ်ယောက်ကို အမိဖမ်းနိုင်မှာပါ။ မိတ်ဆွေတို့ရေ စိတ်အေး လက်အေးတော့ မနေစေချင်ဘူး။ အောင်မြင်မှုထက်ပိုပြီး ခက်ခဲတဲ့ အရာကတော့ ဆုပ်ကိုင်ထားနိုင်ခြင်း၊ ထိန်းသိမ်းထားနိုင်ခြင်းပဲ။ သွားမယ့်သွားရင်တော့အရှီးဆုံး အောင်သာ သွားပါ။ သင့်ရဲ့ ချောမွေ့တဲ့ ငှက်ကုလားအုတ်ဥခွံကို ပွတ်သပ်နေပါ။ ခေါက်ကြည့်လိုက်ပါ။ အထဲက ပဲ့တင်သံကို ကြားကြည့်လိုက်ပါ။

သင့်အိမ်ကို ချစ်သူအသစ်တွေ ချက်ချင်းလက်ငင်း ခေါ်ဆောင်မိတာမျိုး တွေကိုရှောင်ပါ။ သင်နေတဲ့နေရာကို သူတို့တစ်တွေ မသိစေချင်လို့ ပြောတာမျိုး မဟုတ်ဘူးနော်။ သူတို့ကို အိမ်ကို ဖိတ်ခေါ်တယ်ပဲထားလိုက်ပါတော့။ သူတို့ကို အိမ်အလည်ခေါ်ပြီးတော့မှ သင့်အိမ်က ရေခဲသေတ္တာထဲမှာ ပေါက်ကရထည့်ထား တာတွေ၊ အံဆွဲထဲမှာ အမှိုက်တွေ ရှုပ်နေတာတွေ တွေ့သွားရင် ဘယ်လိုလုပ် မလဲ။ အဆိုးဆုံးကတော့ သင့်ဇနီးကိုပါ တွေ့သွားခဲ့ရင် ဘယ်လို ဖြေရှင်းမလဲ။

ဒါပေမယ့် သူတို့တွေကို အိမ်ခေါ်မယ်ဆိုရင် အရာခပ်သိမ်းဟာ သန့်သန့် ရှင်းရှင်းနဲ့ သပ်သပ်ရပ်ရပ် ဖြစ်နေပါစေ။ သင့်အိမ်ရဲ့ အပြင်အဆင်ကလည်း သင့်စိတ်တိုင်းကျ၊ သင့်အလိုကျဖြစ်စေမယ့် နားလည်ရခက်တဲ့ ပြင်ဆင်မှုမျိုး ဖြစ်နေပါစေ။ ဥပမာ–ဗီးနပ်စ်ရုပ်တုလိုမျိုး၊ အစာသွပ်ထားတဲ့ အိမ်မြှောင်အရုပ် လိုဟာမျိုး၊ ဆင်စွယ်တွေနဲ့ လုပ်ထားတဲ့ စစ်တုရင်ခုံလို ပစ္စည်းမျိုးလေးတွေ ဆင်ယင်မိဖို့ ကြိုးစားပါ။

ပြီးတော့ ကမ္ဘာအနှံ့အပြားကထွက်တဲ့ ဘီယာသံပူးတွေ အမြောက် အများကို စုဆောင်းထားပါ။ ဒါမှမဟုတ်ရင် ရုပ်ပြောင်တွေပေါ်တဲ့ သင့်ရဲ့

http://www.cherrythitsar.org



ကြည့်မှန်မှာ ခရစ်ကက်ကစားနည်း ဟာသဉပဒေသတွေ ရေးကပ်ထားပါ။ ပြီးတော့ သင့်ရဲ့ ၅ လီတာရှိတဲ့ ဘီယာခွက်ကြီးရဲ့ဘေးမှာလည်း "ကျွန်ုပ်၏ နှစ်သက်ကူး ဆုံးဖြတ်ချက်အရ တစ်နေ့ကို ဘီယာတစ်ခွက်သာ သောက်တော့မည်" ဆိုတဲ့ စာကို ရေးထားလိုက်ပါ။ အဲဒီလိုပဲ သင်နဲ့ သင့်မိတ်ဆွေတွေရဲ့ ဓာတ်ပုံတွေကိုပါ ကပ်ထားလိုက်ပါ။

(က) သင်တို့တစ်တွေ ငါးမျှားထွက်နေကြတဲ့ပုံမျိုးတွေ။

(ခ) သင့်မိတ်ဆွေကီဗင်ရဲ့အိမ်မှာ ယောကျ်ားတွေချည်း စုပြီးလုပ်တဲ့ ပျော်ပွဲ ရွှင်ပွဲမှာ ရိုက်ကူးထားတဲ့ပုံတွေ၊ အထူးသဖြင့် သင့်ကိုယ်သင် "ခေါင်းပေါ်မှာ ပုံးတင်ထားသူသည် ကျွန်တော်ဖြစ်ပါသည်" ဆိုပြီးတော့လည်း ဂုဏ်ဖော်လို့ ရတာပေါ့။

(ဂ) သင် ဘောင်းဘီကို ဝတ်ထားတဲ့ အခါမျိုးတွေရှိတဲ့ ပွဲကပုံတွေကို ပါပါစေ။ ရပ်ဘီကမ္ဘာ့ဖလားပွဲမှာ သင်က ဖလားကြီးကိုင်မြှောက်ထားချိန်မှာ နယ်လ်ဆင်မင်ဒဲလားက သင့်ရဲ့ပခုံးကို ဖက်ပြီး ရိုက်ကူးထားတဲ့ ဓာတ်ပုံမဖြစ်စေနဲ့ပေါ့။ သင့်ကိုယ်သင် ဘောင်းဘီတိုကို တမင်ဝတ်ထားတယ်ဆိုတာမျိုး မဖြစ်စေနဲ့ပေါ့။

ဒါပေမယ့်လည်း သင် အကယ်ဒမီဆုရတဲ့ပုံမျိုးတွေ ငြိမ်းချမ်းရေးနိုဗယ်ဆုရတဲ့ ပုံမျိုးတွေကိုတော့ ဘောင်သွင်းပြီး ချိတ်ဆွဲထားလို့ ရပါတယ်။ ဒီလိုပုံမျိုးတွေ ချိတ်ဆွဲထားမယ်ဆိုရင် သင့်အတွက်လည်း သိက္ခာရှိတယ်။ ပခုံးကို ဟန်ပါပါတွန့်ပြီး သင့်ရဲ့ မိန်းကလေးဆွဲသည်ကိုလည်း ရှက်သလိုရွံ့သလိုနဲ့ ကြွားလုံးထုတ်လို့ ရတာပေါ့။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ သင် အကယ်ဒမီဆုကို နိုဗယ်ဆုကို အမှန်တကယ်ရမှ အဲဒီပုံတွေ ချိတ်ဆွဲထားရမှာနော်။ လံကြုတ်ရိုက်ကူးထားတဲ့ ဓာတ်ပုံမျိုးတွေတော့ လုံးဝမဖြစ်ပါစေနဲ့။

ပြီးတော့ ငြိမ်သက်တိတ်ဆိတ်နေတာ၊ အသိရခက်ခဲတာမျိုးကလည်း ဆွဲဆောင်မှုရှိတယ်။ စကားနည်းတာ၊ နားလည်ရခက်တာကလည်း အမျိုးမျိုးရှိတယ်။ လွန်ကဲသွားတာမျိုးဆိုရင်လည်း မကောင်းပြန်ဘူး။ ကျွန်တော်ပြောပြမယ် နှုတ်ဆိတ်လွန်းလှတဲ့ လူမျိုးတွေကို ရုပ်ရှင်ဇာတ်ကားတွေမှာလည်း တွေ့နိုင်တာပဲ။ ဥပမာ– ဂျိမ်းစ်ဘွန်းဇာတ်ကားထဲမှာ သံပါးစပ်ကြီးအဖြစ် သရုပ်ဆောင်တဲ့ စတိဗ်မက်ကွင်းလိုပေါ့။ နောက်ပြီး စကားအလွန်များတဲ့ ဇာတ်ကောင်တွေလည်း

http://www.cherrythitsar.org



ရှိသေးတယ်။ ဥပမာ ဂူဒီအယ်လင်တို့၊ မာရေးဝေါ့ကားတို့လို မင်းသားမျိုးတွေပေါ့။ သူတို့တစ်တွေက ရုံးခန်းထဲမှာထိုင်ပြီး နောက်ရိုက်ကူးမယ့် စတားဝါးဇာတ်ကားမှာ ဒါ့သ်ဗင်ဒါရဲ့ အမှောင်ကမ္ဘာထဲ စွန့်စားသွားရောက်တော့မယ့်အကြောင်း စကားလို စကားရပြောနေတတ်ကြတယ်။

ဒီနေရာမှာ ကျွန်တော် အမှန်တကယ်ပြောလိုတဲ့ ဆိုလိုရင်းကို စာဖတ်သူတွေသဘောမှ ပေါက်ရဲ့လားမသိဘူး။

မိန်းမသားတွေနဲ့ ပတ်သက်လာရင် မင်သေသေ ရှိနေပါစေ။

တကယ်လို့ "ရှင်ဘာတွေ စဉ်းစားနေတာလဲ" လို့ သင့်ကို မေးလာခဲ့မယ် ဆိုရင် (သင် ဘာကို စဉ်းစားနေသလဲဆိုတာကို သူမက သိပြီးသားပါ) သင် ဘယ်လို ပြန်ဖြေရမလဲဆိုတာ သေသေချာချာ စဉ်းစားနော်။

"မင်း ဘာတွေ စဉ်းစားနေသလဲဆိုတာ ကိုယ်တွေးနေမိတာပါ" ဆိုတဲ့ အဖြေမျိုးတွေ မဖြေမိပါစေနဲ့။ ဒီလို ဖြေလိုက်ရင် မလိုလားတာတွေ ဖြစ်လာ နိုင်တယ်။ ဇာတ်လမ်းက ရှုပ်ထွေးနက်နဲသွားနိုင်တယ်။

"ကိုယ် မင်းကို ဘယ်လောက်အထိ ချစ်ရသလဲဆိုတာ ကိုယ်စဉ်းစားနေ တာပါ" လို့လည်း မဖြေမိပါစေနဲ့။ အမှန်တရားဖြစ်ပေမယ့် ဒီလိုကြီး တိုက်ရိုက်ပြော လိုက်လို့ မကောင်းဘူး။ ပြောလိုက်မိတယ်ဆိုရင် သင့်ရဲ့ နောက်ဆုံးဖဲရဲ့ တန်ဖိုးဟာ သူ့အလိုလို ကျဆင်းသွားလိမ့်မယ်။ သင့်ရဲ့ ဖဲကို ဘယ်သူမှ အသိခံလို့မဖြစ်ဘူး။ တစ်နေ့နေ့မှာ ရှင်းလို့မရတဲ့ အမှိုက်ထုပ်တွေနဲ့ တွေ့ကြုံ လာရရင် ရှင်းနိုင်ဖို့အတွက် ဆက်ပြီးဖဲထားဖို့လိုတယ်။ သင့်ရဲ့ ဖဲကို အင်္ကျီလက်ကြားထဲမှာ သူများတွေ မသိစေဘဲ သိမ်းထားနိုင်တာဟာ သင့်အတွက် ပိုကောင်းတယ်။

ဒါပေမယ့် သင်လုပ်ချင်တဲ့ ဆန္ဒကိုလည်း သေသေချာချာ ဂရုစိုက်ဖို့ လိုတယ်နော်။

ကျွန်တော် မိတ်ဆွေတို့ကို တခြားမဖြေစေချင်တဲ့ဟာတွေလည်း ရှိပါ သေးတယ်။

"စနေနေ့မှာ ပွဲဘယ်တော့စမလဲဆိုတာ ကိုယ်စဉ်းစားနေတာပါကွာ" ဒါမှမဟုတ်" ကိုယ် မိုင်တစ်ရာကျော် တင်မောင်းတဲ့အခါတိုင်း ကားအင်ဂျင်သံက

http://www.cherrythitsar.org



ကလစ်ကလစ်နဲ့ဘာဖြစ်လို့ မြည်နေရတာလဲဆိုတာ စဉ်းစားနေတာပါ" ဆိုတာမျိုးတွေလည်း မဖြေစေချင်ဘူး။

ဒီလိုဖြေမယ်ဆိုရင် သင်ဟာ တစ်ကိုယ်ကောင်းဆန်လွန်းတယ်ဆိုတာ လှစ်ပြလိုက်သလို ဖြစ်သွားလိမ့်မယ်။ တိုက်ရိုက်ဖြေမိတာမျိုးတွေ ဘယ်တော့မှ မလုပ်မိစေနဲ့။ ဝှက်ပဲလေးကို ဝှက်ထားမြဲဝှက်ထားပါ။

သူမေးတဲ့ မေးခွန်းကို တိုက်ရိုက်ဖြေမယ့်အစား ပြတင်းပေါက်အပြင်ဖက်ကို ကြည့်ရင်း...

"ဒီ ဖိုးလမင်းကြီးကိုပဲမိုးဇက်တို့၊ နေခတို့၊ ဂိုလ်ဒါမီယာတို့ တစ်ပြိုင်နက်တည်း ကြည့်ကြတဲ့အကြောင်း စဉ်းစားမယ်ဆိုရင် အပိုတွေဖြစ်နေမလား မသိဘူးနော်" လို့ဖြေရင်ဖြေလိုက်ပေါ့။

ကျွန်တော်ပြောတာကို နားလည်မှု မလွဲနဲ့ဦးနော်။ ကျွန်တော်ပေးတဲ့ အကြံက အချိန်ကာလရဲ့ စိတ်ကူးယဉ်မှုတွေထဲမှာ သင် ပျော်မြူးနေတယ်လို့ တွေးနေတာကို ဆိုလိုတာပါ။ သူမကို အရူးလုပ်ဖို့ ပြောတာမဟုတ်ဘူး။ အမြဲပြောင်းလဲနေတဲ့ ကမ္ဘာလောကကြီးအကြောင်း သင်စိတ်ကူးနေတာကို ပြောပြစေချင်တာပါ။ တကယ်တော့ သင်ပြောတာတွေက အရေးမကြီးပါဘူး။ တကယ်တော့လည်း သင် အမှန်တကယ် စဉ်းစားနေတဲ့ အရာတွေကို သူမ ကလည်း မသိချင်ဘူးဆိုတာ အရှင်းကြီးပါ။

အမှန်မှာတော့ သူမက သင်အမှန်တကယ် ကြိုက်နှစ်သက်မယ့် အနက်ရှိုင်းဆုံး အိပ်မက်ကွက်လပ်ကြီးထဲမှာ သူမကလည်း ဝင်ကူညီပြီး ဖြည့်ဆည်းပေးချင်နေတာပါ။ ကဲ...မိတ်ဆွေတို့ရေ မိမိရဲ့ငှက်ကုလားအုတ်ဥခွံကြီးကို မလွတ်တမ်းပွေ့ဖက်ထားပါလို့ပဲ ဆိုပါရစေ။

# မိမိ၏အဇ္ဈတ္တ“မယန်”ကို ရှာဖွေတွေ့ရှိခြင်း



"မယန်"ဆိုသည်မှာ အမေရိကတိုက် အလယ်ပိုင်းနှင့် မက္ကဆီကို
တို့တွင် အသုံးများသည့် ဘာသာစကားကို သုံးစွဲသော လူမျိုးများ။

# မိမိ၏အရှုတ္တ"မယန်"ကို ရှာဖွေတွေ့ရှိခြင်း

**အခုအချိန်လောက်ဆိုရင် ကျွန်တော်တို့ရဲ့ အဇ္ဈတ္တငှက်ကုလားအုတ်ဥအကြောင်းကို** နားလည်သွားလောက်ပြီလို့ ထင်ပါတယ်။ အလေ့အကျင့်တော့ လိုတာပေါ့လေ။ ကိုယ့်ရဲ့ဥကို ဘယ်လို ကိုင်တွယ်ထိန်းသိမ်းရမလဲဆိုတာ သင်ယူလေ့ကျင့်ပြီးလို့ ဆရာအဆင့် တတ်မြောက်သွားပြီဆိုရင်တော့ ကမ္ဘာလောကကြီးဟာ သင့်ရဲ့ရှေ့မှာ အစွမ်းကုန်ပွင့်လန်းပြီး တစ်လက်လက် တောက်ပနေပါလိမ့်မယ်။ ဒါပေမယ့် သတိထားဖို့တော့ လိုတယ်။

သင်တို့ရဲ့ရှေ့မှာ အန္တရာယ်တွေရှိနေတယ်။ ကိုယ့်ရဲ့အဇ္ဈတ္တဥခွံကို ကောင်းကောင်းကြီး မကိုင်တွယ်နိုင်သေးတဲ့ လူစားတွေလည်း အများကြီးရှိနေတယ်။ ဥခွံကြီးကိုကိုင်ပြီး အထဲမှာ ဘာမှမဖြည့်ရဲသေးတဲ့ လူစားမျိုးတွေကလည်း **သင့်ရဲ့ပတ်ဝန်းကျင်မှာ အများကြီးရှိနေတယ်။ အဲဒီလို လူစားတွေက ကိုယ့်ရဲ့ဥခွံကို** ကောင်းကောင်း အသုံးချလို့ရတယ်ဆိုတာ မသိကြဘူး။

ဒီတော့ သတိထားပြီးသာ နေထိုင်ပါမိတ်ဆွေ။

ကျွန်တော်တို့အထဲမှာ သတိလက်လွတ်ဖြစ်တဲ့ သူတွေကတော့ ကိုယ့်ဥထဲမှာ အမှိုက်သရိုက်တွေ၊ ဒိုက်တွေ ပြည့်နေပြီဆိုတာ သိလာရလိမ့်မယ်။ ကိုယ့်ဥကိုယ် ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင် မသိဘဲ ဖြစ်နေကြလိမ့်မယ်။

http://www.cherrythitsar.org



ကျွန်တော်ဘာတွေ ပြောနေတာလဲဆိုတာကိုရော မိတ်ဆွေသိပါရဲ့လား။ ကျွန်တော် ဘာတွေပြောနေလဲဆိုတာ မိတ်ဆွေတို့ သဘောပေါက်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်။

သင်နဲ့ အနီးစပ်ဆုံး စာအုပ်ဆိုင်တစ်ဆိုင်ကိုသွားပြီး စာအုပ်စင်မှာ ရှိတဲ့ အညံ့ဖျင်းဆုံး စာအုပ်တစ်အုပ်ကို ဆွဲယူလိုက်ပါ။ သင်ကြည့်လေရာ စာအုပ်စင်မှာ အပေါစား၊ အညံ့စားစာအုပ်သစ်တွေဟာ သင့်ကို မြူဆွယ်ဖို့ အမြဲရှိနေတယ်ဆိုတာကို သင်တွေ့နေရလိမ့်မယ်။ စွန့်ပစ်ထားတဲ့ ဘီယာဗူး ခွံထဲကို ဆိပ်ကမ်းကရေတွေ တိုးဝင်လာသလိုပဲ ကျွန်တော်တို့ဆီကို အပေါစား စာပေတွေက စီးဝင်လာလိမ့်မယ်။ ဒီတော့ ကျွန်တော်တို့ ဘာလုပ်ရမလဲ။ ဒီအတိုင်းကြီး ပစ်ထားလို့တော့မရဘူး။ အခွင့်အရေးတော့ ပေးရမယ်လေ။

ရာသီအသစ်တစ်ခုပြောင်းတိုင်း တစ်ဆန်းသစ်တာ တစ်ခုခုကတော့ ရှိနေတာပဲ။ မကြာသေးခင်ကပဲ စာအုပ်စာပေလောကမှာ ဖုန်းရွှေတွေ ခေတ်စား လာတယ်။ ဒီအကြောင်းကို ကျွန်တော်တို့ စဉ်းစားကြည့်ကြပါစို့။ မကြာသေးခင် ကာလကပဲ ဖုန်းရွှေစာအုပ်တွေ ဘုန်းဘောလအော ထွက်လာတယ်။ ထွက်လာတဲ့ စာအုပ်တွေကလည်း အပြင်အဆင်နဲ့ စာရွက်ကအစ အညံ့စားတွေ။ ပြီးတော့ အဲဒီစာအုပ်တွေကပဲ ကျွန်တော်တို့သာ တရုတ်ပြည်မှာ ပရိဘောဂပစ္စည်းတွေ နေရာချထားသလိုပဲ လိုက်ပြီးထားမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဘဝတွေ ပိုပြီး တိုးတက်ဖြစ်ထွန်းလာမယ်လို့ သင်ပေးနေပြန်တယ်။ ကဲ...လုပ်ကြပါဦး အရပ် ကတို့ရေ။ သင့်အနေနဲ့ ဒီကနေ့ခေတ်လူတွေ ယုံကြည်နေတဲ့ အကြောင်းအရာ တွေကို ပြောင်စပ်စပ်နဲ့သရော်ပြီး စာအုပ်တစ်အုပ် ရေးကြည့်ပါလား။ ဘယ်လို လုပ်ပြီး ရေးနိုင်မှာလဲ။ ရေးဖြစ်ခဲ့ရင်ရော အလုပ်ဖြစ်မယ်ထင်သလား။ ဝေလာဝေး ရောပဲ။

ခင်ဗျားသွားလေရာမှာ လူတွေဟာ သူတို့ရဲ့ဧည့်ခန်းတွေမှာ မှန်တွေ ချိတ်ထားတာမျိုး၊ မှန်တွေ သယ်ချနေတာမျိုး တွေ့ရလိမ့်မယ်။ ဘယ်လိုမှန် အမျိုးအစားတွေလဲဆိုတာကိုတော့ ကျွန်တော်လည်း မမှတ်မိတော့ဘူး။

ကော်ဖီသောက်တဲ့ စားပွဲခုံအစွန်းမှာ ကော်စေးအစက်လေးတွေ ကပ် ထားတတ်တဲ့ အမျိုးသမီးကြီးတစ်ယောက်ကို ကျွန်တော်တွေ့ဖူးတယ်။ သူ ဘာရည်ရွယ်ချက်နဲ့ အဲဒီလို လုပ်ထားရတာလဲဆိုတာကိုတော့ ကျွန်တော် မပြောတော့ပါဘူး။

http://www.cherrythitsar.org



"ဒီအစက်လေးတွေက ဒေါင့်စွန်းတွေကို ချောမွတ်သွားစေတယ်။ စွမ်းအင်တွေကိုလည်း တစ်အိမ်လုံးကို ပျံ့နှံ့စေတယ်" လို့ အမျိုးသမီးက ပြောတယ်။

မိတ်ဆွေပဲ စဉ်းစားကြည့်စမ်းပါ။ သူပြောသလို စွမ်းအင်တွေက အိမ်ထဲကို လွတ်လွတ်လပ်လပ် စီးဆင်းနေတယ်ဆိုရင် မီးပြင်ဆရာခေါ်ဖို့လိုတာပေါ့။ **ဒါမှမဟုတ်လည်း အိမ်ထဲမှာ မိုးကြိုးလွှဲတွေ တပ်ထားဖို့လိုတာပေါ့။ ဘာမဟုတ်တဲ့** ကော်စေးတွေကို စားပွဲခုံမှာ တပ်ထားစရာ လိုမယ်မထင်ပါဘူး။

နောက်ပြီး ကျွန်တော်ပြောချင်ပါသေးတယ်။ အိမ်တွင်းပြင်ဆင်မှုနဲ့ ပတ်သက်ပြီး အရှေ့တိုင်းသားတွေကို အကြီးအကျယ်အောင်မြင်မှုရရှိအောင် ဘယ်အရာတွေက လုပ်ဆောင်ပေးနေတာလဲ။ ပုလဲဆိပ်ကမ်းကြီးကို ဂျပန်တွေ အသေခံပြီး ဗုံးကြဲတုန်းကရော ဂျပန်စစ်ဝန်ကြီးချုပ်မှာ ဖုန်းရွှေ့ရှိနေပါရဲ့လားလို့ ကျွန်တော်စဉ်းစားမိတယ်။

ပြီးတော့ မတူညီတဲ့ အချက်တွေက အများကြီး ရှိနေတယ်။ ဂျပန်တွေနေတဲ့ အိမ်တွေကရော ဘယ်လိုတွေများ လုပ်ဆောင်နေပါသလဲ။ ကျွန်တော့်အမြင်ပြောရရင် ဈေးအိမ်တစ်လုံးနဲ့ ဘာမှမထူးပါဘူး။ ဒါပေမယ့် မိတ်ဆွေတို့ကို ကျွန်တော်သတိပေးချင်တာ တစ်ခုကတော့ အိမ်ဆောက်ရင် ဂျပန်တွေဆောက်တဲ့ အိမ်မျိုး မဆောက်မိစေဖို့ပဲ။ ဂျပန်အိမ်တွေရဲ့ အရွယ်အစားကိုရော မိတ်ဆွေတို့ မြင်ဖူးကြရဲ့လား။ အင်း မိတ်ဆွတို့သာ ဂျပန်တွေနေတဲ့ အိမ်မျိုးဆောက်ပြီး နေမိလို့ကတော့ ခင်ဗျားတို့ရဲ့ခေါင်းနဲ့ တံခါးတန်းနဲ့ အမြဲတိုက်မိနေမှာသေချာတယ်။ နံရံတွေကို သတိလက်လွတ်နဲ့မှီပြီး ထိုင်မိလိုက်မယ်ဆိုရင်လည်း အိမ်အောက်ကို ပြုတ်ကျသွားမှာသေချာတယ်။ ဘာဖြစ်လို့လဲဆိုတော့ နံရံတွေကို စက္ကူတွေနဲ့ ကာထားတာဖြစ်လို့ပါပဲ။ ပြီးတော့ အိမ်အသုံးအဆောင် ပရိဘောဂတွေဆိုရင်လည်း ခင်ဗျားတို့ ကျွန်တော်တို့အိမ်တွေမှာထားတဲ့ ဆိုဖာခုံ အကြီးကြီးတွေထားလို့ ရနိုင်မှာ မဟုတ်ဘူး။

ကျွန်တော်တို့အနေနဲ့ ဂျပန်အိမ်တွေနဲ့ ပတ်သက်ပြီး သင်ခန်းစာတွေ ရနိုင်မယ်လို့များ ထင်နေသလား။ ဘယ်လိုမှ မရနိုင်ပါဘူး။ ကျွန်တော် ဒီအကြောင်း ပြောနေတုန်းမှာပဲ ကျွန်တော် စားသောက်နေတဲ့ အရှေ့တိုင်း စားသောက်ဆိုင်မှာ ဘေးစားပွဲမှာ ထိုင်နေတဲ့ လူတစ်ယောက်က ကျွန်တော့်ကို စိတ်ပျက်လက်ပျက်နဲ့ ကြည့်နေတာကို တွေ့လိုက်ရတယ်။ သူ့ပုံစံက သူ မှာထားတာထက်ပိုပြီး

http://www.cherrythitsar.org


စားသောက်မယ့်ပုံမျိုး။ ကျွန်တော်က ဆိုင်ကချပေးတဲ့ တူကို ဘေးဖယ်ထားတာကို သူ မြင်နေတယ်။

ဒီအကြောင်းကို ရှေ့ဆက်မပြောတာ ပိုကောင်းမယ်ထင်တယ်။ ကျွန်တော်တို့တွေ ခက်ရင်းနဲ့စားရတဲ့ အကြောင်းအရင်းကလည်း ဘာမဟုတ်တဲ့ တုတ်ချောင်းကို ကိုက်မိတာထက်စာရင် ခက်ရင်းရဲ့ ချွန်မြတဲ့ အသွားတွေကို ကိုက်မိတာကမှ ပိုပြီး အရသာရှိမယ်ထင်လို့ပါ။ ကျွန်တော် ခက်ရင်းနဲ့ စားသောက်တယ်ဆိုရင် ဘယ်တော့မှ တုန့်နှေးတုန့်နှေး ဖြစ်မနေဘူး။ ကျွန်တော်က ခေတ်သစ်နည်းပညာကို အသုံးပြုနေတဲ့သူပဲလေ။

အင်း... ပြောသာပြောရတာ တော်သင့်ပြီ ထင်တယ်။

**ကျွန်တော်ပြောတဲ့အထဲမှာ အဲဒီလို ကိုယ့်ရဲ့ အရွတ္တဥခွံတွေကို အမျိုးမျိုး** အဖုံဖုံ ဖြည့်ဆည်းနေတဲ့လူမျိုးတွေလည်း အများကြီး ရှိနေတယ်ဆိုတဲ့ ကိစ္စလည်း ပါတယ်။

**ကျွန်တော် အနီးအပါးမှာရှိတဲ့ စာအုပ်ဆိုင်တစ်ဆိုင်မှာ မွှေနှောက်ကြည့်နေ** မိတယ်။ (အဲဒီစာအုပ်ဆိုင်ဟာ သင် ဒီစာအုပ်ကို ဝယ်ခဲ့မိတဲ့ ဆိုင်တစ်ဆိုင်လည်း ဖြစ်နိုင်တယ်) အဲဒီအချိန်မှာပဲ အမျိုးသမီးတစ်ယောက်က စာအုပ်တစ်အုပ်ကို ဇော့ယမ်းပြတယ်။

"ရှင် ဒီစာအုပ်ကို ဖတ်ပြီးပြီလား"လို့ တက်တက်ကြွကြွမေးတယ်။ သူ့အသံက အိတ်ကပ်ထဲက အကြွေတစ်စေ့ထွက်ကျပြီး သမံတလင်းပေါ် ကျသွားတဲ့ အသံမျိုး။

"ဒီစာအုပ်က ရှင့်ဘဝကို ပြောင်းလဲပေးနိုင်တယ်နော်။ ဒီစာအုပ်ထဲမှာ ရှေးဟောင်း မယန်းတွေရဲ့ ပျောက်ဆုံးနေတဲ့ ရှေးဟောင်းအတွေးအခေါ်တွေ ပါတယ်"လို့သူမက ကျွန်တော့်ကိုပြောတယ်။

သူမပြောတဲ့စာအုပ်က **The Avocado Prophecies** ဆိုလား **footprints of the Toucans** ဆိုလား မသိပါဘူး။ အပေါ်စား စာအုပ်တစ်အုပ်ပါပဲ။ ကျွန်တော်လည်း သူမကို ဘာမှမပြောဘဲမကြည့်တဲ့အကြည့်နဲ့ ဘုကြည့် ကြည့်လိုက်မိတယ်။ ကျွန်တော်က အရှုံးသမား လူပေါ်လူဇော်လုပ်နည်းတွေကို နည်းနည်းလေးမှ သည်းမခံနိုင်ဘူး။

http://www.cherrythitsar.org



# အဓိပ္ပာယ်မရှိသော ဝါကြွားမှုများ

ဒီကနေ့ခေတ်မှာ အရှုံးသမား လူပေါ်လူဇော်တွေသာ ခေတ်စားတာ မဟုတ်ပါဘူး။ သင့်ရဲ့ အဓ္ဓဏ္ဍတ္ထဥခွံကို ဖြည့်ဖို့ကြိုးစားရင်း သင့်ကို တစ်စုံတစ်ရာ ရောင်းချဖို့ ကြိုးစားနေတဲ့ ကိုယ့်ထူးကိုယ်ချွန်သမားတွေ၊ ငွေချူတတ်တဲ့သူတွေရဲ့ ဖွဲကောင်းမှုကို ကျွန်တော်တို့အနေနဲ့ လုံးဝလျှော့တွက်လို့ မရဘူး။ သူတို့ရောင်းချနေတဲ့ ပစ္စည်းတွေက အဖိုးမတန်လှဘူးဆိုတာ သူတို့ကိုယ်သူတို့ ကောင်းကောင်းကြီး သိထားပြီးသား။ ဒါကြောင့်မို့လည်း သူတို့တွေက ရောင်းချဖို့ ကြိုးစားတဲ့သူတို့ရဲ့ ထုတ်ကုန်တွေကို ရနိုင်သလောက် တန်ဖိုးတင်နေကြတာပါ။

"မိန်းမသားတိုင်းဟာ နတ်သမီးတွေဖြစ်ကြတယ်"ဆိုတဲ့ စကားကို မကြာသေးခင်ကမှ အမျိုးသမီးတစ်ယောက်က ကျွန်တော့်ကို ပြောသွားခဲ့တယ်။ သူမဟာ အဲဒီစကားကို ပြောနေရင်းနဲ့ပဲ ကျွန်တော့်ကို နတ်သမီးတစ်ပါးရဲ့ မာန်တက်နေတဲ့ အကြည့်မျိုးနဲ့ ကြည့်တယ်။ အမှန်မှာတော့ သူ့ရဲ့အကြည့်ဟာ အခြောက်တိုက်ဘဝင်မြင့်နေတဲ့ မိန်းမသားတစ်ယောက်ရဲ့ အကြည့်မျိုးပါ။ ကျွန်တော်ကတော့ သည်းခံလိုက်ပါတယ်။

အဲဒီအချိန်မှာ အမျိုးသမီးဟာ "**သူတို့ကို ဖုန်းပြန်ဆက်မည့် ဝံပုလွေများကို စောင့်စားနေရင်းနှင့် ပိုးကောင်များနှင့် လိုက်ပြေးသွားသော မိန်းမများ"ဆိုတဲ့** စာအုပ်ကို ဖတ်ပြီးကာစပဲ ရှိသေးတယ်။ (မဟုတ်သေးဘူး။ အမှန်မှာတော့ "ပိုးကောင်တွေ"ဆိုတဲ့ စကားလုံးတွေကို သုံးချင်တာကြောင့် အခုလို ပြောလိုက်ရတာပါ။

"ကဲဗျာ၊ တကယ်လို့သာ မိန်းမသားတွေတိုင်းက နတ်သမီးတွေဆိုရင် နတ်သမီးဖြစ်နေရတဲ့အတွက် ဘာများထူးခြားသွားတာရှိလဲ။ တခြားသာမန် မိန်းမတွေနဲ့ လုံးဝမတူတော့ဘူးလား။ သေချာတာကတော့ "နတ်သမီး"ဆိုတဲ့ ဝေါဟာရမှာ ထူးခြားတဲ့ အဓိပ္ပာယ် သီးသန့်မရှိဘူးလို့ ကျွန်တော်ထင်တယ်။ တကယ်လို့သာ မိန်းမသားတိုင်းက နတ်သမီးတွေဆိုရင် ခင်ဗျားတို့ကိုယ် ခင်ဗျားတို့ ဘာကြောင့်မိန်းမတွေလို့ မသုံးစွဲဘဲ နေရတော့မှာလဲ"လို့ ကျွန်တော် ကလည်း နားမလည်ပါးမလည်နဲ့ သူမကို ပြန်ပြီး မေးခွန်းထုတ်နေမိတယ်။

"အလွန်အင်မတန်မှ ထူးကဲလှတဲ့ အဖြစ်အပျက်တစ်ခုကို ရှင်က ယောကျ်ားတစ်ယောက်ရဲ့ အတွေးအခေါ်နဲ့ အသုံးချပြီး ပြောနေတာကိုး"လို့ နတ်သမီးက ကျွန်တော့်ကို ပြန်ပြောတယ်။

ဘယ်လောက်များ ထူးကဲလှတဲ့ အတွေ့အကြုံတစ်ခုကို ကျွန်တော် ကြုံတွေ့နေရသလဲဆိုတာကိုတော့ ကျွန်တော် မသိပါဘူး။ ဒါပေမယ့် ကျွန်တော် လည်း ပေါက်တဲ့နဖူး မထူးတာမို့ ရှေ့ဆက်ရပါတော့တယ်။

"အင်း ... ဒါဆိုရင်တော့ အဲဒီ နတ်သမီးတွေရဲ့ကမ္ဘာမှာ တိုးတက်မှု အခန်းကဏ္ဍတချို့တော့ ရှိနေမှာပေါ့။ ဒီလောက်မှ တိုးတက်မှုဆိုတာ မရှိရင် ခင်ဗျားဖတ်ဖူးတဲ့ ကိုယ့်ထူးကိုယ်ချွန်စာအုပ်တွေရဲ့ ဆိုလိုရင်းလောက်သာ ရှိနေ မှာပေါ့။ နတ်သမီးတွေမှာလည်း အဆင့်အတန်း ခွဲထားတာမျိုးတွေ ရှိနေလား။ ဥပမာ သာမန်နတ်သမီးတို့ ခင်ဗျားလို တိုးတက်တဲ့အတွေးအခေါ်ရှိတဲ့ နတ်သမီး တို့ဆိုပြီး အဆင့်တွေ ရှိသေးလား"လို့ ကျွန်တော်က ခေါင်းကိုက်ကိုက်နဲ့ပဲ ဆက်ပြီး မေးလိုက်မိတယ်။

သူမက ကျွန်တော့်စကားအဆုံးမှာ ခေါင်းကို ဆင်မယဉ်သာလေး ခါယမ်းလိုက်တယ်။

"ရှင်းရှင်းလင်းလင်း ပြောရမယ်ဆိုရင် သဘောတရားမရှိတဲ့ မြော်မြင် တရားကို ရှင် နားမလည်ဘူးပဲ"လို့ ကျွန်တော့်ကို ပြောတယ်။

အခုလို သူမက ဒီစကားတွေ ပြောလာတော့ ကျွန်တော့်အနေနဲ့ဒီမိန်းမ ကို စကားဆက်ပြီး၊ ပြောချင်တဲ့စိတ် မရှိတော့ဘူးဆိုတာ သိလိုက်ရတယ်။

တကယ်လို့သာ စာရေးဆရာ နေးလ်ဒေါ်နယ်လ်ဝေါလ်ချ်တစ်ယောက် "နတ်သမီးနှင့် စကားပြောခြင်း"ဆိုတဲ့ စာအုပ်တစ်အုပ်ကို ရေးခဲ့ပြီး သူရေးခဲ့တဲ့ နတ်သမီးက ဒီအမျိုးသမီးသာ ဖြစ်ခဲ့မယ်ဆိုရင် အဲဒီစာအုပ်ဟာ လေးအုပ်လောက် ရောင်းရရင်ပဲ ကံကောင်းလှပြီလို့ ဆိုရမယ်။ အဲဒီစာအုပ်ဟာ "ဘုရားသခင်နှင့် စကားပြောခြင်း"စာအုပ်လောက်လည်း ဆိုးဆိုးဝါးဝါးဖြစ်မသွားနိုင်ဘူး။ ဒါပေမယ့် လည်း ကိုယ်ထူးကိုယ်ချွန်စာအုပ်တွေလောက်လည်း အဆင့်အတန်းရှိနိုင်မှာ မဟုတ်ဘူး။ ကျွန်တော့်အထင်ကို ပြောတာပါ။

**ကျွန်တော့်ရဲ့ ဆိုလိုရင်းကတော့ သူတို့တတွေဟာ ဘာမှ အဓိပ္ပာယ်မရှိတဲ့** အရာတွေကို ဂုဏ်ပြုဂုဏ်ယူနေကြတယ်ဆိုတာပါပဲ။ "ကျွန်တော် သိသင့်သမျှကို

http://www.cherrythitsar.org


သူငယ်တန်းကတည်းက သင် ယူခဲ့ပြီးပြီ”ဆိုတဲ့ စာအုပ်ကို ဖတ်ဖူးမလားတော့ မသိဘူး။ မိတ်ဆွေတို့ မဖတ်ရသေးဘူးလို့ ကျွန်တော်မျှော်လင့်တယ်။ အဲဒီ စာအုပ်ကို ရေးသားပြုစုတဲ့ ရောဘတ်ဖူလ်ဂမ်ဟာ သူ့ဘဝမှာ ရိုးရိုးရှင်းရှင်း ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေကို သာမန်မဟုတ်တဲ့ ရှုထောင့်ကနေ ရေးသား တင်ပြသွားခဲ့တယ်။ ဘဝသင်ခန်းစာတွေကို ရေးသွားပေမဲ့ ခက်ခက်ခဲခဲဝေါဟာရ တွေ၊ စကားလုံးတွေကို စာအုပ်ထဲမှာ အသုံးပြုသွားတယ်။

ဒါပေမယ့် သူ့ဆိုလိုရင်းကိုတော့ ရှင်းရှင်းလင်းလင်းဖြစ်အောင် တင်ပြ မသွားနိုင်ဘူး။ တကယ်လို့ သင်ဟာ ကိုယ်ထူးကိုယ်ချွန်စာအုပ်တွေကို ဖတ်တယ် ဆိုရင် ကျွန်တော် မိတ်ဆွေတို့ကို ပြောပြနိုင်တာကတော့ ၄ နှစ်သားလေးကို ပြောပြတာမျိုးဖြစ်တဲ့အတွက် ခင်ဗျားတို့ ကျေနပ်မှုရနိုင်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်လို့ သူက ဆိုထားတယ်။ နောက်တစ်ခု သူပြောထားတာကတော့ လေးနှစ်သားလေးတစ်ယောက်နဲ့ သင့်ရဲ့ ခြားနားချက်တစ်ခုကတော့ သင်ဟာ ကျွန်တော်ရေးတဲ့ စာအုပ်အတွက် မိမိရဲ့ လုပ်အားခနဲ့ ရတဲ့ငွေနဲ့ ကျွန်တော့်စာအုပ် ကို ဝယ်လိုက်ရတယ်ဆိုတဲ့ အချက်ပါပဲ။

ဒီပက်ချိုပရာဆိုတဲ့ ခပ်တုံးတုံး ငနဲတစ်ကောင်တစ်ယောက်အကြောင်း ကိုတော့ ကျွန်တော်ပြောတောင် မပြောချင်ပါဘူး။ ကျွန်တော်သူ့ရဲ့ နာမည်ကို စပြီး ကြားဖူးကာစက သူဟာ လော့စ်အိန်ဂျလိစ် ဂိုင်းစတားရက်ပ်အဆိုတော် တစ်ယောက်ဖြစ်မယ်လို့ ထင်ခဲ့တယ်။ နောက်တော့ ကျွန်တော်သူရေးတဲ့ စာအုပ်တစ်အုပ်ကို ဖတ်ကြည့်မိတယ်။ သူရေးတဲ့ စာအုပ်ကို ဖတ်ကြည့်တော့မှ ကျွန်တော့်အထင်နဲ့လွဲနေတာကို တွေ့လိုက်ရတယ်။ ဒီပက်ချိုပရာဟာ အဆိုတော် တူပက်ရှက်ကာရဲ့ ဘဝအကြောင်းကို တကယ်ကောင်းအောင် ရေးဖွဲ့နိုင်ပါ လားဆိုတာ သိလိုက်ရတယ်။ လှလှပပလည်း ရေးဖွဲ့နိုင်တယ်။ သူ့ရဲ့ အရေး အသားက ကဗျာဆန်တယ်လို့တောင် ဆိုလို့ရတယ်။ ကျွန်တော်က ကိုယ်နဲ့ အတူတူရေးဖော်ရေးဖက် စာရေးဆရာတွေအကြောင်းကို နောက်ပြောင်တာမျိုး မလုပ်ချင်ပါဘူး။ ဒါပေမယ့် ဒီပက်ချိုပရာကိုတော့ ကျွန်တော် ပြောချင်သလို ပြောလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ကျွန်တော့်ရေးဖော်တစ်ယောက် မဟုတ်လို့ပါပဲ။ သူက စာရေးဆရာတစ်ယောက်ရဲ့ ခြေသည်းလောက်တောင် အဆင့်မရှိလို့ပါပဲ။

http://www.cherrythitsar.org



အခု ကျွန်တော် ဖော်ပြမယ့် စာသားတချို့ကိုပဲ ဖတ်ကြည့်လိုက်ပါဦး။

"ရှာဖွေသူတစ်ယောက်သည် ကြည့်မြင်သူတစ်ယောက်အဖြစ် မွေးဖွားလာသောအခါ စင်မြင့်ကြီးတစ်ခု ဖြစ်လာပါသည်။ အကြောင်းမှာ ရှာဖွေသူတစ်ယောက် ရှာဖွေနေသောအရာမှာ ရှာဖွေသူတစ်ယောက်ဖြစ်သည်ကို ရှာဖွေသူက ရှာဖွေတွေ့ရှိသွားသောကြောင့်ဖြစ်သည်။ ရှာဖွေသူကို မြင်သွားသောအခါ သူသည် ကြည့်မြင်သူတစ်ယောက် ဖြစ်သွားလေသည်"

ကဲဗျာ ဒီလိုစာသားမျိုးတွေကို ဒီပက်ချိုပရာ အသည်းစွဲဖြစ်နေသူတွေတောင် ခံစားလို့ ရနိုင်ပါဦးမလား။

ဒီစာကြောင်းတွေကိုလည်း စဉ်းစားကြည့်လိုက်ပါဦး။

"သင်နှင့် သစ်ပင်၏ တစ်ခုတည်းသော ခြားနားချက်မှာ သင်တို့၏ လေးစားအပ်သော ခန္ဓာကိုယ်များ၏ ပြန်ကြားရေးနှင့်စွမ်းအင် ပမာဏတို့သာ ဖြစ်သည်"တဲ့လေ။

အဲဒီအချက်ကလည်း ကျွန်တော်ရယ်၊ သစ်ပင်ရယ်၊ ဂျော့ချ်ဒဗလျူဘုရှ်ရဲ့ ကြားက တစ်ခုတည်းသော ခြားနားချက်ပါပဲ။ နေဦးနေဦး၊ ခြားနားချက်က ဒီတစ်ချက်တည်း မဟုတ်ဘူး။ သစ်ပင်မှာက အရွက်တွေရှိတယ်။ ပြီးတော့ ရေဓာတ်ကို မြေကြီးကနေစုပ်ယူတယ်။ ပြီးတော့ သစ်ပင်တွေက ခွေးတွေ သေးပန်းတာကိုလည်း ခံတယ်။ အောက်မလေးဗျ မလွယ်ပါလား။ ပြီးတော့ ဂျော့ချ်ဒဗလျူဘုရှ်က သစ်ပင်တစ်ပင်နဲ့ နည်းနည်းလေးတူတယ်။ အိုး ကျွန်တော့် ဒီ့ထက်ပိုပြီး မစဉ်းစားတတ်တော့ဘူး။ ကျွန်တော် ဒီပက်ရဲ့စာတွေကို ဖတ်တာ အရမ်းများသွားရင် ဆေးဝါးကို မှီဝဲရတော့တာပဲ။

ကဲ...အခုလောက်ဆိုရင် ကိုယ်ထူးကိုယ်ချွန်စာအုပ်တွေကို သရော်ပြီး ရေးရတာဟာ ဘယ်လောက်အထိ ခက်ခဲလှတယ်ဆိုတာ စာဖတ်သူတွေ နားလည်သွားလောက်ပြီထင်ပါတယ်။ ကိုယ်ထူးကိုယ်ချွန်စာအုပ်တွေနဲ့ ပတ်သက်ပြီး သရော်တာနဲ့ အမှန်တကယ် ရေးသားထားတဲ့ကြားထဲမှာ ရှိတဲ့မျဉ်းကိုတော့ ရေထဲမှာ ခပ်တုံးတုံးခဲတံနဲ့ ရေးထားတဲ့ မျဉ်းကြောင်းဆိုတာပါပဲ။

ကျွန်တော့်သော့တွေကို
ဘယ်သူနေရာရွှေ့သွားသလဲ



# ကျွန်တော့်သော့တွေကို ဘယ်သူနေရာရွှေ့သွားသလဲ

အခုအချိန်မှာ ကျွန်တော့်ရဲ့ စာရှုသူတွေဟာ အိပ်ရာထဲမှာ မိမိရဲ့အဖော်နဲ့ အတူလှဲနေရင်း ကျွန်တော်ရေးတဲ့ "ခင်ဗျားဒိန်ခဲကို ကျွန်တော်နေရာရွှေ့ခဲ့တယ်" စာအုပ်ကို ကိုင်ထားရင်း "ဟေ့ ဒီစာအုပ်ကို ဘာပြစ်လို့ ခင်ဗျားဒိန်ခဲကို ကျွန်တော်နေရာရွှေ့ခဲ့တယ်"လို့ နာမည်ပေးထားတာလဲ။ ဒိန်ခဲအကြောင်းပါတဲ့ နေရာလည်း မရှိသလောက်ပဲ။ ဒိန်ခဲမပါမှတော့ ဘယ်သူက ဒိန်ခဲကို နေရာ ရွှေ့ရမှာလဲ။ ဘယ်သူက ဒိန်ခဲကို ပေးမှာလဲ"ဆိုပြီး တစ်ယောက်ကိုတစ်ယောက် မေးနေလောက်ပြီလို့ ကျွန်တော်ထင်ပါတယ်။

**ကျွန်တော်တို့ဟာ ကိုယ်ထူးကိုယ်ချွန် တက်ကျမ်းစာအုပ်တွေရဲ့ အောင်မြင်** မှုနဲ့ ငွေတွေကို အလွယ်တကူ အမြတ်ထုတ်နိုင်ဖို့ပဲ မျှော်လင့်နေကြတယ်လို့ အဆိုးမြင်ဝါဒီတွေ၊ အယုံအကြည်ကင်းမဲ့သူတွေက ထင်မြင်ကြသလိုတော့ထင်ကြ ဟန် မတူပါဘူး။ ဘာပဲဖြစ်ဖြစ် ပြဿနာမရှိပါဘူးလေ။ သင်တို့ရဲ့ မေးခွန်းတွေကို အချိန်တန်ရင်တော့ ဖြေမိပြီးသား ဖြစ်သွားလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ထား ပါတယ်။ အလုပ်လုပ်ဖို့အတွက်ဆိုရင် အချိန်တော့ ပေးရမှာပေါ့။

အခုအချိန်မှာတော့ အပြောင်းအလဲနဲ့ လိုက်လျောညီထွေဖြစ်အောင် လုပ်တဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်အကြံပြုစကားအချို့ပြောပြချင်ပါသေး တယ်။ အခုအချိန်မှာ ပြောင်းလဲမှုနဲ့အညီ လိုက်လျောညီထွေဖြစ်အောင်နေတတ်ဖို့ ဆိုတာက တော်တော်လေး ခေတ်စားနေတယ်လေ။ မိတ်ဆွေတို့ရဲ့ စိုးရိမ်ကြောင့်

http://www.cherrythitsar.org



ကြမှုတွေကိုလည်း ကျွန်တော် နားလည်ပေးလို့ ရနိုင်ပါတယ်။ မိတ်ဆွေသာ ကျွန်တော့်လို လူမျိုးတစ်ယောက်ဆိုရင်တော့ သင့်ကို အနှောင့်အယှက်အပေးဆုံး၊ စိတ်အညစ်စေဆုံး ပြောင်းလဲမှုကတော့ မနက်ခင်း အိပ်ရာကနေနိုးလာလိုက်တိုင်း ခေါင်းအုံးပေါ် ပြန်လှဲချပြီး "ငါ့သော့တွေ ဘယ်သူနေရာရွှေ့ထားသလဲ"လို့ ပြောမိတဲ့ ပြောင်းလဲမှုမျိုး ဖြစ်နေမှာ အမှန်ပါပဲ။

**ကဲ... ကျွန်တော်တို့အချင်းချင်း ကြားထဲမှာ တစ်ယောက်ကိုတစ်ယောက်** မထိန်ချန်ကြေး ပြောကြရအောင်။ ကျွန်တော်တို့တွေဟာ ကြီးမားတဲ့ပြောင်းလဲမှုကြီးတွေနဲ့ ပတ်သက်ပြီးတော့ သိပ်ပြီး ပူပန်သောကရောက်တတ်ကြတဲ့ သူမျိုးတွေ မဟုတ်ပါဘူး။

**တစ်ခါတုန်းက သင့်ရဲ့ကုမ္ပဏီက ဘယ်သန်သမားတွေအတွက် ရည်ရွယ်**တဲ့ ကြိမ်ကွင်းတွေ (ခါးမှာစွပ်ပြီး ခန္ဓာကိုယ်ကို ဝှေ့ဝိုက်ကာ လေ့ကျင့်ခန်းလုပ်ရသည့်ကြိမ်ကွင်း) ထုတ်လုပ်လာခဲ့ပေမယ့် ဈေးကွက်ရဲ့တောင်းဆိုမှုကြောင့် လုံခြုံရေးဂိတ်တွေ လုပ်ရမယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ ဘယ်လိုလုပ်ပြီး အဆင်ပြေမလဲ။

**မိတ်ဆွေလည်း ကြိမ်ကွင်းစွပ်ပြီး လေ့ကျင့်ခန်းလုပ်နေရင်လုပ်၊ ဒါမှမဟုတ်** သင်ဟာ ဖက်ရှင်ဒီဇိုင်နာတစ်ယောက် ဖြစ်ချင်ခဲ့တာလား၊ ဟိုဒင်းဟိုဟာ ဇာတ်ကားတွေရဲ့ ဇာတ်လိုက်ကျော် ဖြစ်ချင်တာလားဆိုတာ ပြန်ပြီး သတိရလာတဲ့ အချိန်အထိ "ကျွန်ုပ်တို့ဘဝရဲ့နေ့ရက်များ" ဇာတ်လမ်းတွဲကို ထိုင်ကြည့်ပြီး အရက်သမားကြီး လုပ်နေရုံပဲရှိတော့တယ်။ ဖြစ်မဖြစ်ဆိုတာကတော့ မိမိရဲ့ ကံကြမ္မာ အလိုတော်အရပဲလေ။ သင်ဟာ မိမိရဲ့ရှေ့ရေးကို ငါးမိနစ်ထက်ပိုပြီး စဉ်းစားတွေး နေတတ်တဲ့လူစားမျိုး (မဖြစ်နိုင်ပါဘူး) မဟုတ်ခဲ့ရင်တော့သင့်အနေနဲ့ ထူးထူးခြားခြား လုပ်ဆောင်နိုင်တဲ့အရာမျိုး ရှိလိမ့်မယ်လို့ ဘယ်သူကမှ ကံသေကံမ ပြောနိုင်မှာ မဟုတ်ပါဘူး။

ကျွန်တော်တို့ကို ဖိစီးနှိပ်စက်နေတာက ကြီးကြီးမားမားအရာတွေမဟုတ်ပါဘူး။ သေးသေးဖွဲဖွဲ အရာလေးတွေကသာ ကျွန်တော်တို့ကို ခေါင်းမခြောက်ခြောက်အောင် နှိပ်စက်တတ်တာမဟုတ်လား။ မနက် အလုပ်သွားရင် ယာဉ်ကြောပိတ်ဆို့မှုကို ရှောင်ရှားနိုင်အောင်လို့ဆိုပြီး တံခါးပေါက်ကနေ အပြေးအလွှား ထွက်တော့မှ သင့်ရဲ့သော့ကို တစ်စုံတစ်ယောက်က နောက်ထပ် နေရာရွှေ့ထား

တာမျိုးကြုံရတဲ့အခါမှာ ဘယ်လောက်ခေါင်းခြောက်စရာ ကောင်းလဲ။ ဒီကိစ္စမျိုးက မဖြစ်ဘူးလို့ အတတ်ပြောနိုင်တာမှ မဟုတ်တာ။ တကယ့်ကိုပဲ အခုလို သော့နေရာရွှေ့ထားတတ်တဲ့ ကိစ္စမျိုးကို ကျွန်တော်တို့ ကြိမ်ဖန်များစွာ ကြုံကြိုက်ကြရတယ်။ ကျွန်တော်ကတော့ ကိုယ့်ရဲ့သော့ကို ကိုယ်သေသေချာချာ ပြန်တွေ့နိုင်မယ့်နေရာမျိုးမှာ ထားတတ်တယ်။ ဥပမာ ကျွန်တော်မနေ့ကဝတ်ခဲ့တဲ့ ဘောင်းဘီအိတ်ကပ်ထဲမှာတို့ ခုံရှည်ပေါ်က ကူရှင် နှစ်ခုကြားမှာတို့ပေါ့။ တစ်ခါတလေ ကျွန်တော်ညပိုင်းတွေ အလုပ်လုပ်ဖြစ်ရင် သော့ကို ရေခဲသေတ္တာရဲ့ ရေခဲတဲ့အကန့်က ရေခဲခွက်လေးတွေရဲ့ဘေးမှာ ထည့်ထားတတ်တယ်။ အင်း... မနက် မိုးလည်းလင်းရော ထုံးစံအတိုင်းပဲ သော့ကို ထားတတ်တဲ့နေရာတွေမှာ မတွေ့ရတော့ဘူး။ ကျွန်တော့်သော့တွေကို တစ်ယောက်ယောက်က နေရာရွှေ့ထားခဲ့ပြီလေ။

ဒီသော့ပျောက်တဲ့ကိစ္စက တော်တော်ဖိစီးတာပေါ့။ ကျွန်တော့်ရဲ့ သူငယ်ချင်းတွေက "မင်းကို ငါ ပြောသားပဲ၊ သော့ကို သော့ချိတ်တဲ့ချိတ်မှာပဲ ချိတ်ပါလို့။ အကြိမ်တစ်ရာတောင် မကတော့ဘူး။ ဒီတော့မှ မင်းဘယ်ကိုပဲ သွားသွား သော့ဘယ်နားမှာ ရှိနေတယ်ဆိုတာကို သေသေချာချာ သိမှာပေါ့ကွ" ပြောကြတဲ့ အခါမျိုးမှာဆို ပိုလို့တောင် စိတ်ညစ်ရသေးတယ်။

ကျွန်တော့်မှာလည်း ကိုယ့်အကြောင်းနဲ့ကိုယ် ဆင်ခြေပေးစရာက အဆင့်သင့်ရှိတယ်။

"ကျွန်တော့်မှာ သော့တွေအတွက် ချိတ်စရာ ချိတ်မရှိဘူး။ သော့ချိတ်ဖို့ ချိတ်ဆိုတာမျိုး ခင်ဗျားတို့ မြင်ဖူးကြလား။ မမြင်ဖူးဘူးလေ။ ဒါကြောင့်လည်း ကျွန်တော့်မှာ သော့ချိတ်စရာချိတ် မရှိတာပေါ့"လို့ ကျွန်တော်ပြန်ပြောလိုက်ရုံပါပဲ။

ဒီတော့ ကျွန်တော့်ကို အဖော်ဖြစ်တဲ့ သူမကလည်း "မင်းမှာ သော့ချိတ်တစ်ခုလောက်တော့ ရှိသင့်တာပေါ့။ ထားပါတော့လေ၊ ဥပမာ ငါ့ကိုပဲကြည့် သော့ပျောက်တဲ့ဒုက္ခ တစ်ခါမှ မကြုံဖူးဘူး"လို့ ပြောမှာပဲ။

အဲဒီနောက်တော့ ကျွန်တော် တစ်နေရာရာ သွားတော့မယ်ဆိုရင် ပိုပြီးတော့တောင် အချိန်ယူရပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ကိုယ့်သော့ကိုယ်ရှာရမယ့်အပြင် ကျွန်တော့်အဖော်ရဲ့သော့ကိုလည်း သတိရှိရှိနဲ့ ရှာရတော့မယ်လေ။ ကျွန်တော့်အဖော်ရဲ့သော့ကို တွေ့ပြီဆိုရင် သူ့သော့ကို အလွယ်တကူ ပြန်တွေ့လို့

မရနိုင်မယ့်နေရာမှာ ဝှက်ထားရမယ်။ သော့ဝှက်တဲ့ သူက ကျွန်တော်ဆိုတာ ကိုလည်း ရိပ်မိအောင်လုပ်လို့မဖြစ်ဘူး။ ဟုတ်တယ်၊ ဒါ အမှန်ပဲ။ သူ့သော့ကို ကျွန်တော် နေရာရွှေ့ထားလိုက်တယ်။

(အမှန်မှာတော့ သူများသော့ကို နေရာရွှေ့တယ်ဆိုတာ ဘာမှအကျိုးမရှိတဲ့ အစီအစဉ်တစ်ခုပါပဲ။ မိန်းမတွေမှာက ယောကျ်ားတွေမှာမရှိတဲ့ ထူးခြားတဲ့ သဘာဝလက်ဆောင်တစ်ခု ရှိနေတယ်။ မိန်းမတွေက မျက်စိတစ်မှိတ် လျှပ်တစ်ပျက်အတွင်းမှာ ပျောက်သွားတတ်တဲ့ ပစ္စည်းမျိုးတွေကို တွေ့အောင် ရှာနိုင်ကြတယ်။

ကျွန်တော့်အနေနဲ့ အသေးအဖွဲကိစ္စလေးတွေနဲ့ ပတ်သက်ပြီး ချွေးမပြန်သင့်ဘူးလို့ ခင်ဗျားတို့ကတော့ ပြောကောင်းပြောကြလိမ့်မယ်။ အသေးအဖွဲကိစ္စတွေနဲ့ ပတ်သက်ပြီး ခေါင်းမီးတောက်ရတာ၊ ချွေးပြန်ရတာဟာ ကျွန်တော်တို့ကို ပုံမှန်အတိုင်း လုပ်ဆောင်စေတယ်။ စနေနေ့က ခရစ်ကက်ပွဲမှာ ကျွန်တော်တို့ အသင်း ရှုံးသွားတဲ့အတွက် စိတ်ဓာတ်မကျဘူးဆိုရင် ကျွန်တော်တို့ရဲ့ စိတ်ပျက်တတ်တဲ့ သဘောသဘာဝတွေဟာ ပုံမှန်မရှိတော့ဘဲ တကယ့်ကို အကြီးအကျယ် ပြောင်းလဲမှုကြီးတွေအတွက် အားယူနေရသလို ဖြစ်နေမှာပေါ့။ စီးပွားရေးအတွက် ဝေလငါးဖမ်းတဲ့ အလုပ်လုပ်ရတဲ့အခါမျိုး၊ ဟစ်ပ်ဟော့ပ်အဆိုတော် အင်မင်နမ်လို အောင်မြင်မှုအကြီးအကျယ်ရတဲ့ ပြောင်းလဲမှုမျိုးကြီးတွေနဲ့ ကြုံကြိုက်မှပဲ ကျွန်တော်တို့ စိတ်ဓာတ်ကျရမလို ဖြစ်နေမှာပေါ့။

တကယ်လို့သာ ကျွန်တော့်ရဲ့ အဖော်က စနေနေ့မှာ သူ့ရဲ့ မိန်းကလေး သူငယ်ချင်းတွေနဲ့ အတူတူထိုင်မနေခဲ့ဘူးဆိုရင်၊ ကာပါချီနိုတစ်ခွက်သောက်ရင်း "နင်တို့သိတယ်မဟုတ်လား၊ ငါကတော့ သည်းမခံနိုင်တော့ဘူး။ သူကလေ အိမ်ပြန်ရောက်ပြီဆိုရင် သူ့သော့ကို ဘယ်တော့မှ တစ်နေရာတည်းမှာ သတ်သတ်မှတ်မှတ် မထားတတ်တာကို ငါ လုံးလုံး သည်းမခံနိုင်ဘူး"လို့ ပြောမနေခဲ့ဘူးဆိုရင်တော့ သူမဟာ ကျွန်တော်နဲ့ ပတ်သက်ပြီး "ငါလေ သူမနက်ခင်းပိုင်းမှာ အလုပ်ရှိသလိုလို ဘာလိုလိုနဲ့အပြင်ထွက်သွားတာကို ဆက်သည်းမခံနိုင်တော့ဘူး။ သူ လောင်းကစားသွားလုပ်နေတယ်ဆိုတာ ငါ သိနေတယ်။ သူ အယ်လ်လီမက်ဘီးလ်ဇာတ်လမ်းတွဲထဲက သီချင်းကို မဆိုနိုင်ဘူးဆိုပြီး လောင်းတဲ့သူတွေကို

http://www.cherrythitsar.org



အနိုင်ရအောင်လုပ်ပြီး ဆေးလိပ်သောက်၊ ဘီယာသောက်ပဲ လုပ်နေတာ ငါသိတယ်” ပြောနေမှာပါ။

အမှန်မှာတော့ ကျွန်တော် ပြောချင်တာတွေကလည်း သော့တွေအကြောင်း ချည်းသက်သက် မဟုတ်ပါဘူး။ ကျွန်တော့်ပစ္စည်းတွေ နေရာရွှေ့ထားတဲ့ကိစ္စမှာ ကျွန်တော့်ရဲ့ ကံကောင်းတဲ့ အစိမ်းရောင် ခြေအိတ်တွေလည်း ဖြစ်နိုင်တာပဲ။ မီးခြစ်လည်း ဖြစ်နိုင်တာပဲ။ ရေခဲသေတ္တာထဲမှာ အအေးခံထားတဲ့ ကျွန်တော့်ရဲ့ နောက်ဆုံးလက်ကျန် ဘီယာဘူးလည်း ဖြစ်နိုင်တာပဲ။ ကျွန်တော့်ဘီယာဘူးကို ၁၉၉၈ ခုနှစ်ကတည်းက ရေခဲသေတ္တာထဲမှာ ထည့်ထားတဲ့ ဆလတ်ရွက်တွေရဲ့ အောက်မှာ ထည့်သိမ်းထားခဲ့တာ။ အဲဒီနေရာလေးက ကျွန်တော့်ရဲ့ နောက်ဆုံး လက်ကျန်ဘီယာဘူးကို သိမ်းထားနေကျနေရာလေ။ အဲဒီပစ္စည်းတွေ အားလုံးဟာ တစ်နည်းမဟုတ် တစ်နည်းနဲ့ ထားနေကျနေရာမှာ မရှိဘဲအမြဲပျောက်နေတယ်လေ။

ပြဿနာမရှိပါဘူး။ ကျွန်တော် မိတ်ဆွေတို့ကိုပြောချင်တာက ဒေါသသိပ်မဖြစ်နဲ့ဆိုတာပါပဲ။ နည်းနည်းပါးပါး ဒေါသဖြစ်တာလောက်ကတော့ ဖြေရှင်းလို့ရတယ်။ ဒေါသကြီးကြီးပြစ်ရမယ့် ကိစ္စမျိုးတွေနဲ့ ဝေးအောင်နေလို့ရတယ်။ အဲဒီပြဿနာ အသေးအဖွဲလေးတွေက သင့်ကို စိတ်ညစ်အောင်လုပ်မယ်၊ အဓိပ္ပာယ်ရှိတဲ့ အလုပ်မှန်သမျှကို သေသေချာချာ မလုပ်နိုင်လောက်အောင်ပဲ သင့်စိတ်ကိုဒုက္ခပေးတယ်။

ဒါပေမယ့်လည်း အဲဒီသင်ခန်းစာတွေကို အကျိုးရှိတဲ့ ဥပမာလေးတွေနဲ့ ပြတတ်ကြတာဟာ ထုံးစံတစ်ခုလို ဖြစ်နေပါပြီ။ ဒါပေမယ့် အခု ကျွန်တော်ပြောနေတာတွေက အရောင်းစွံနေတဲ့ တက်ကျမ်းစာအုပ်တွေအကြောင်း မဟုတ်ဘူးနော်။ တက်ကျမ်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော့်ရဲ့ သုံးသပ်ချက်တွေ တင်ပြနေတာ မဟုတ်ဘူး။

ကျွန်တော်ပြောတဲ့ ပုံပြင်လေးထဲမှာ ဇာတ်ကောင်လေးကောင် ပါဝင်တယ်။ အဲဒီဇာတ်ကောင်တွေက ဝင်္ကပါတစ်ခုထဲမှာ နေထိုင်ကြတယ်။ အဲဒီအထဲက ဇာတ်ကောင်နှစ်ယောက်ကတော့ ကြွက်နှစ်ကောင်ပါ။ ကျန်တဲ့ဇာတ်ကောင်နှစ်ယောက်ကတော့ ကြွက်တွေရဲ့ ခန္ဓာကိုယ်သာသာလောက်သာရှိတဲ့ လူသေးသေးလေးနှစ်ယောက်။

http://www.cherrythitsar.org



ကျွန်တော်က အခုလို ပြောလိုက်တဲ့အတွက် အဓိပ္ပာယ်မရှိဘူးလို့ မိတ်ဆွေတို့ရဲ့စိတ်ထဲမှာ တွေးကောင်းတွေးနေလိမ့်မယ်။ မယုံရင်တော့လည်း စိတ်မကောင်းစရာပဲပေါ့ဗျာ။

ဒီပုံပြင်လေးရဲ့ အစပိုင်းမှာတော့ သူတို့လေးယောက်ဟာ ဒိန်ခဲရိက္ခာကို ပုံမှန်ရနေတော့ ပျော်ရွှင်နေကြတာပေါ့။

တစ်နေ့ သူတို့လေးယောက်စလုံး အိပ်ရာကနေ နိုးလာတော့ သူတို့မှာ ရိက္ခာဆိုလို့ ဒိန်ခဲအကြွင်းအကျန်တောင် မရှိတော့ဘူးဆိုတာ သိလိုက်ကြရတယ်။ ကြွက်နှစ်ကောင်ကတော့ သူတို့ဟာ ကြွက်တွေဖြစ်နေတဲ့အတွက် ဝင်္ကပါထဲကို ဝင်ရောက်သွားကြပြီး ဒိန်ခဲသွားရှာကြတယ်။ (ကျွန်တော့်စိတ်ထဲမှာ သံသယ ရှိနေတာကတော့ ကြွက်တွေ သွားရှာယူတဲ့ ဒိန်ခဲဟာ တစ်စုံတစ်ယောက် နေရာရွှေ့ထားတဲ့ ဒိန်ခဲတွေ ဖြစ်နေတယ် ဆိုတာကိုပါပဲ)

လူသေးသေးလေးနှစ်ယောက်ကတော့ သူတို့တွေဟာ လူသားတွေ ဖြစ်နေတဲ့အတွက် ထိုင်နေရင်းနဲ့ပဲ သူတို့ရဲ့ ဒိန်ခဲတွေ ဘယ်ရောက်သွားပါလိမ့် ဆိုပြီး မကျေမနပ်တွေ ဖြစ်နေကြတယ်။

အခုလောက်ဆိုရင် ပုံပြင်က ပေးလိုတဲ့ သင်ခန်းစာက အပြောင်းအလဲ တစ်ခုကို ရင်ဆိုင်ပါဆိုတဲ့ အချက်ပဲဆိုတာ တွေ့ကြရပါလိမ့်မယ်။ အပြောင်း အလဲမှာ မိမိကိုယ်မိမိ ဒိန်ခဲမရှိတော့တဲ့ အခြေအနေသစ်တစ်ရပ်ကို လက်ခံ လိုက်ရတာပါပဲ။ ဒီတော့ ဝင်္ကပါထဲသွားပြီး ဒိန်ခဲရှာရတော့မယ်ပေါ့။ ဒါပေမယ့် မိတ်ဆွေရဲ့အမြင် မှားကောင်းမှားနေပါလိမ့်မယ်။ ဟိုသွားဒီသွား၊ ဟိုဟာလုပ် ဒီဟာလုပ်တတ်တာဟာ ကြွက်တွေရဲ့ သဘာဝပဲ မဟုတ်လား။

ဒီတော့ ကျွန်တော်တို့ဟာ လူတွေလား၊ ကြွက်တွေလားဆိုတာ ပြောပြ စမ်းပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ရဲ့ မေးခွန်းအစစ်အမှန်က ကျွန်တော့် သော့တွေကို ဘယ်သူနေရာရွှေ့သွားခဲ့လဲဆိုတဲ့ မေးခွန်းပါပဲ။ (ပုံပြင်ထဲက အတိုင်းဆိုရင်တော့ ကျွန်တော့်ဒိန်ခဲတွေကို ဘယ်သူနေရာ ရွှေ့သွားသလဲပေါ့လေ) ကျွန်တော်ဘာကြောင့် အခုလိုပြောနေရသလဲဆိုတော့ လစ်တဲ့အခိုက်မှာ ဒိန်ခဲ တွေကို နေရာရွှေ့မယ့်လူတွေ တစ်သီတစ်တန်းကြီး ရှိနေမယ်ဆိုရင် ရွှေ့နေကျ လူဟာ သူ့ရဲ့ ရွှေ့တဲ့အကျင့်ကို ချက်ချင်းလက်ငင်းတော့ ဖြတ်နိုင်လိမ့်မယ် မထင်ဘူး။ ဒိန်ခဲကို နေရာရွှေ့တဲ့အကျင့်ရဲ့ ချိုမြိန်တဲ့အရသာကို သိသွားတဲ့အခါ

မှာတော့ ဒိန်ခဲကို နေရာမရွှေ့ဖို့ သူတို့ကို ဘယ်သူကမှ တားဆီးနိုင်မှာ မဟုတ်တော့ဘူး။ သင်က သူတို့ကို တားမရနိုင်တဲ့အတွက် သူတို့ဟာပါးစပ်ကို အင်္ကျီလက်နဲ့အုပ်ပြီး သင့်ကို မထိတထိရယ်မောနေကြလိမ့်ဦးမယ်။

တကယ်လို့သင်ဟာ ရွှေ့သွားတဲ့ဒိန်ခဲနောက်ကို မနားမနေ လိုက်နေမယ်ဆိုရင်တော့ ကိုယ့်ကိုယ်ကို ဒုက္ခနွံထဲရောက်အောင် ဖိတ်ခေါ်လိုက်သလိုဖြစ်သွားလိမ့်မယ်။ ဇမ်နဲ့ ကန္တာရဆင်ကြီးအကြောင်းကို မိတ်ဆွေတို့ပြန်ပြီး ဆင်ခြင်ကြည့်ကြပါ။ ပြန်သတိရကြပါ။ ကန္တာရဆင်ကြီးကို ဒိန်ခဲလို့ပဲ သဘောထားကြည့်လိုက်စမ်းပါ။ သင့်အနေနဲ့ အဲဒီဆင်ကြီးကို တစ်နှစ်ပတ်လုံးလိုက်ရင် လိုက်နေလို့ရတယ်။ ဒါပေမယ့် ဆင်ကြီးကို တွေ့သွားတဲ့အချိန်မှာလည်း သင်ဟာ အဲဒီဆင်ကြီးကို ဘယ်လိုလုပ်ရမလဲဆိုတာ သိနိုင်စွမ်းရှိမှာ မဟုတ်ဘူး။ တကယ်လို့သာ သင်ဟာ မိမိရဲ့ ဒိန်ခဲကို မတွေ့နိုင်တော့ဘူးဆိုရင် တခြားတစ်ခုခုကိုသာ စိတ်ပြောင်းကြည့်လိုက်ပါတော့။ ကိုယ့်အတွက် အရေးကြီးသလိုလို ဘာလိုလိုဖြစ်မယ့် တစ်စုံတစ်ရာကိုသာ ရှာဖွေကြည့်ပါ။ သင့်အတွက် အရေးကြီးသလိုလို ဟန်ဆောင်ရမယ့်အရာက တကယ်လည်း အရေးကြီးသလို ဖြစ်လာပါလိမ့်မယ်။ အမှန်မှာတော့ အရေးကြီးတာဟာရည်မှန်းချက်မဟုတ်ဘူး။ ကိုယ်ရှာတဲ့အရာကို ရှာဖွေတွေ့ဖို့ကသာ အရေးကြီးတာပါ။ ဒီလောက်ဆိုရင် ဒိန်ခဲနဲ့ပတ်သက်ပြီး တော်လောက်ပါပြီ။

ရည်မှန်းချက်တွေကို ရွှေ့ပြောင်းလို့ရတယ်၊ အောင်မြင်မှုတွေကို ထုတ်လုပ်လို့ရတယ်ဆိုတာကို သတိရကြပါ။ ဘာမဆို တုပလို့ ရတယ်လေ။

ဒါနဲ့ ခုနက ကျွန်တော်ပြောလက်စပုံပြင်အကြောင်းကို ပြန်ဆက်ပါဦးမယ်။ ကျွန်တော်ပြောသလိုပါပဲ လူသားတွေရဲ့ တုံ့ပြန်မှုက အတော်လေးကို မှန်ကန်တယ်။ လုပ်ရမယ့်အလုပ်ကလည်း ကိုယ့်ရဲ့ဒိန်ခဲကို ဘယ်သူနေရာရွှေ့သွားသလဲဆိုတာ သိဖို့ပဲ မဟုတ်လား။

သင့်ဒိန်ခဲကို နေရာရွှေ့တဲ့လူတွေ့ပြီဆိုရင်တော့ သူ့ကိုကြိုးနဲ့ချည်ပြီး ဒိန်ခဲတွေကို သူဘယ်နေရာမှာထားသလဲဆိုတာ သိတဲ့အထိ ဆူးချွန်နဲ့ထိုးပြီး မေးရမယ်။ နောက်ပိုင်းမှာ ကြွက်တွေရဲ့ဒိန်ခဲကိုသင်ရအောင် သူတို့ကို ခိုးခိုင်းလို့ရတယ်။

ဒါကြောင့်လည်း မနက်မိုးလင်းအချိန်မှာ ကျွန်တော့်ရဲ့သော့ကို မတွေ့တဲ့အခါတိုင်း၊ ကျွန်တော့်အဖော်က ဒီလိုဖြစ်ရတာ ကျွန်တော့်အပြစ်ပဲလို့ပြောတဲ့အခါတိုင်း ကျွန်တော် ဧည့်ခန်းထဲမှာရပ်ပြီး "ငါ့သော့ကို ဘယ်သူ နေရာရွှေ့သွားသလဲကွ ဟေ။ မင်း ငါ့သော့တွေကို နေရာရွှေ့သွားလား"လို့ အော်ဟစ်လိုက်တဲ့နည်းပရိယာယ်ဟာ ကျွန်တော့်အတွက် အတော်ပဲအသုံးကျတယ်ဆိုတာ ကျွန်တော်သိလာရတယ်။

သင်လည်း ကျွန်တော်လုပ်သလို လိုက်ပြီးလုပ်ကြည့်မယ်ဆိုရင် သင့်ရဲ့အဖော်ဖြစ်တဲ့သူကလည်း သင့်ကို အရင်လို အပြစ်တင်စကားမဆိုဘဲ အခန်းထဲမှာလှည့်ပတ်ကြည့်ရင်း မနေ့ညက သင်နောက်ကျပြီး အိမ်ပြန်လာချိန်မှာ ထားခဲ့တဲ့ငါးကန်ရဲ့ အောက်ခြေကသော့ကို ရှာတွေ့ပြီး သင့်ကို ပြန်လာပေးလိမ့်မယ်။ အမှန်မှာတော့ ငါးကန်ဆိုတာ ကြည်လင်နေတာမို့ တစ်အိမ်လုံးမှာ ဘယ်နေရာကပဲကြည့်ကြည့် အထဲကို ထုတ်ချင်းပေါက် မြင်နိုင်တယ်ဆိုတာကိုတော့စဉ်းစားကြည့်ဖို့ ကောင်းတာပေါ့။ အဲဒီတော့ သူမက ငါးကန်နေရာကိုလက်ညှိုးထိုးပြပြီး စောင်းချိတ်ချိတ်လေသံနဲ့ "ဟုတ်တယ်။ ရှင်ပြောတာ မှန်တယ်။ ကျွန်မ ရှင့်ရဲ့သော့တွေကို နေရာရွှေ့ခဲ့တယ်"လို့ ပြောလာလိမ့်မယ်။

**ကျွန်တော်ကတော့ ဂရုမစိုက်ပါဘူး။ သူ့ဘာသာသူ စောင်းချိတ်ရုံမကလို့** ဘယ်လိုပဲဖြစ်နေဖြစ်နေပေါ့ဗျာ။ အနည်းဆုံးတော့ ကျွန်တော့်ကို ထုံးစံအတိုင်းအပြစ်မတင်တော့ဘူးလေ။ ပြီးတော့အဲဒီထက်ပိုပြီး ကောင်းတာက ကျွန်တော့်သော့တွေကို ပြန်တွေ့ရတာပဲ။

**အခု ကျွန်တော့်ရဲ့သော့ကို ပြန်တွေ့ရပြီဆိုတော့ ကျွန်တော့်မှာ စဉ်းစားချိန်** နည်းနည်းရပြီ။ ကျွန်တော့်ရဲ့ကြွက်နဲ့ အလားသဏ္ဍာန်တူတဲ့ နည်းလမ်းကတကယ်ပဲ အသုံးဝင်သလားဆိုတာ ကျွန်တော်စဉ်းစားနေမိတယ်။ ဒါမှမဟုတ်ကျွန်တော် ဆုံးဖြတ်ဖို့ကြိုးစားနေတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ အကြံုးဝင်ရဲ့လား။

မိတ်ဆွေတို့နဲ့ကျွန်တော်နဲ့ဆိုရင် ကျွန်တော်က ရိုးရိုးရှင်းရှင်းနဲ့ နှိုင်းယှဉ်စဉ်းစားရတဲ့ လုပ်ငန်းမျိုးတွေမှာ သိပ်ပြီး ထူးချွန်လှတာမဟုတ်ဘူး။ ကျွန်တော့်စာအုပ်ကို ဝယ်ပြီးဖတ်တဲ့သူတွေကတော့ ဘယ်သန်တွေအတွက် ထုတ်တဲ့ကြိမ်ကွင်းစက်ရုံကြီးဟာ စရိတ်လျှော့ချတဲ့အနေနဲ့ ကျွန်တော့်ရဲ့ စာအုပ်ကိုတစ်ရွက်ချင်းဖြဲပြီး ကော့တေးအောက်ခံစက္ကူအဖြစ် မီးဖိုချောင်သုံးစက္ကူအဖြစ်

အသုံးပြုနိုင်ကြလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ရပါတယ်။ ကျွန်တော့်စာအုပ်ကို ဖတ်မိတဲ့စက်ရုံက အလုပ်လက်မဲ့ဖြစ်လာတဲ့သူဟာ သူနဲ့ ဘဝတူ မိတ်ဆွေတွေကိုလည်း "ဟော့ကောင်တွေ မင်းတို့ ခင်ဗျားဒိန်ခဲကို ကျွန်တော်နေရာရွှေ့ထားခဲ့တယ်"စာအုပ်ကို ဖတ်ပြီးကြပြီလား။ မင်းတို့ ဖတ်ပြီးပြီမဟုတ်လား။ ငါတို့တွေ အဲဒီစာရေးဆရာငနဲရဲ့ အိမ်ကိုသွားပြီး သူ့နာရီကို သန့်ရှင်းရေး သွားလုပ်ပေးကြရအောင်။ ငါက သဲအိတ်တွေနဲ့ ရာဘာလက်အိတ်တွေယူခဲ့မယ်။ အိုး ငါဘာတွေ ပြောနေမိပါလိမ့်၊ ငါဘာကြောင့် အမေရိကန်တစ်ယောက်ရဲ့ လေသံမျိုးနဲ့ ပြောနေမိပါလိမ့်။ ငါ အဲဒီလို ပြောနေမိတာလား၊ ဆောရီးပဲကွာ။ ငါ သတိလက်လွတ်ဖြစ်သွားတယ်"လို့ စကားလက်ဆောင် ပြောနေမိကြလိမ့်မယ်။

တကယ်လို့သာ အလုပ်လက်မဲ့ ဖြစ်သွားတဲ့ အလယ်အလတ်အဆင့် စီမံခန့်ခွဲသူတွေကသာ ကျွန်တော့်အိမ်တံခါးကို လာခေါက်ခဲ့မယ်ဆိုရင် ကျွန်တော်ကလည်း သူတို့ကို ခုခံကာကွယ်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့ အမြင်ကတော့ ရိုးရှင်းတယ်။ တကယ်လို့သာ မိတ်ဆွေတို့ ကျွန်တော့်ကို အမှန်တကယ် လိုအပ်တယ်ဆိုရင်၊ ကျွန်တော့်ရဲ့ အကူအညီကို ရယူလိုတယ်ဆိုရင်တော့ "အပြောင်းအလဲဆိုတာ ဖြစ်ပျက်တတ်တာပဲ။ အပြောင်းအလဲဆိုတာ ဖြစ်ပြီးခဲ့ရင် ဖြစ်လာတဲ့အခြေအနေပေါ်မှာ လိုက်လျောညီထွေနေတတ်ဖို့ လိုတယ်။ တကယ်လို့ သင်ဟာ အပြောင်းအလဲနဲ့အတူ လိုက်လျောညီထွေ မနေဘူးဆိုရင်တော့ သင်ဟာ နောက်ကောက်ကျကျန်ရစ်ခဲ့မှာပဲ"လို့ ကျွန်တော် သူတို့ကို ပြောပြချင်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ အဲဒီအလုပ်ဟာ ကိုယ်နဲ့ မထိုက်တန်ဘူးလို့သာ မှတ်ယူလိုက်ပေတော့။ အလုပ်ရှင်ဖက်က ကြည့်ရင်လည်း စီးပွားရေးအခြေအနေအရ နောက်ထပ် ဆက်မခန့်ထားနိုင်တော့လို့ နေမှာပါ။

**ဒီနည်းတွေကတော့ အပြောင်းအလဲနဲ့ပတ်သက်လာရင် လိုက်လျောညီထွေ** ဖြစ်အောင် ဘယ်လိုနေရမလဲဆိုတာနဲ့ ပတ်သက်တဲ့ ကျွန်တော့်ရဲ့ အကြံတွေပါပဲ။ သင့်အနေနဲ့ မီးဖိုချောင်ထဲမှာ ကရားငယ်လေးတစ်လုံးထားပါ။ သင် အိမ်ပြန်ရောက်တဲ့အခါတိုင်း သင့်ရဲ့သော့ကို ဖွက်ပြီးတာနဲ့ သင့်အကြွေတွေထဲက တချို့ကို အဲဒီကရားလေးထဲမှာ ထည့်ထားပါ။ ပြီးရင် သင်စုဆောင်းထားတဲ့ အကြွေစေ့တွေကို ချို့တဲ့သူတွေ၊ ကားစောင့်တဲ့သူတွေလို လှူဒါန်းပါ။ ကျွန်တော်

http://www.cherrythitsar.org



ကိုယ်တိုင်လည်း အဲဒီအကျင့်ကို အမြဲလုပ်ဆောင်တယ်။ ဒီလို ပေးကမ်းနေမှလည်း ကျွန်တော့်ကားထဲက ရေဒီယိုပျောက်တာတွေ ဘာတွေကို အသေးစိတ် သိရနိုင်မှာ ပေါ့။ ကျွန်တော့်သူငယ်ချင်း ချန်ကိုကတော့ သူ့ရဲ့အကြွေစေ့တွေကို ခြေအိတ် အဟောင်းတစ်ခုထဲမှာ စုထည့်ထားပြီး ခေါင်းအုံးအောက်မှာ ထားအိပ်တဲ့အကျင့် ရှိပါတယ်။ သူ ဒီလို လုပ်ထားတဲ့အတွက် ညရေးညတာတွေမှာ လုံခြုံမှု ရရှိနိုင်ပါတယ်။ သူ့အနေနဲ့ အဲဒီလို ဆောင်ထားမှလည်း ရမှာပေါ့။ ချန်ကိုရဲ့ ဇနီးကလည်း ချန်ကိုတစ်ယောက် စူပါမားကက်ထဲမှာ ပုံဆိုးပန်းဆိုး မိန်းမ တစ်ယောက်ကို ချဉ်းကပ်ဖို့ကြိုးစားတဲ့အတွက် လုံးဝခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်နေတာလေ။

အပြောင်းအလဲဆိုတာကို ကျွန်တော်တို့ ရှောင်လွှဲလို့ မရနိုင်ဘူးဆိုတာ မိတ်ဆွေတို့ အမြဲသတိတရားရှိနေပါ။ ဒါပေမယ့် အဲဒီအပြောင်းအလဲကို သင့်အနေနဲ့ နိုင်နိုင်နင်းနင်း ကိုင်တွယ်မဖြေရှင်းနိုင်ဘူးဆိုရင် သင့် ပိုက်ဆံအိတ်ထဲက အကြွေတွေဟာ များပြားလာပြီး သင့်ရဲ့ ဘောင်းဘီအိတ်ကို မသိမသာ ဖောင်း ကားလာစေပါလိမ့်မယ်။

# ရှိခြင်းနှင့် မရှိခြင်း



# ရှိခြင်းနှင့် မရှိခြင်း

ဒီကနေ့ကမ္ဘာလောကကြီးမှာ ရပ်တည်လှုပ်ရှားနေရတဲ့ လူငယ်အများစု စိုးရိမ်ကြောင့်ကြနေရခြင်းရဲ့ အရင်းအမြစ်ကြီးကတော့ တကယ့်အကြံပေး ပုဂ္ဂိုလ်တွေကပေးတဲ့ အဖျားရှူးရှူးသွားတဲ့ ထင်ရာမြင်ရာ အကြံပေးချက်တွေပဲ ဖြစ်ပါတယ်။ **သူတို့ပေးတဲ့ အကြံတွေက အဓိပ္ပာယ်ရှိတော့ရှိပါတယ်။ ဒါပေမယ့်လည်း မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ ဆွေမျိုးအသိုင်းအဝိုင်းတွေကို လမ်းမှား ပို့ပေး နေကြတယ်။** သူတို့ပေးတဲ့ အကြံဉာဏ်တွေက ဘာနဲ့ တူသလဲဆိုတော့ မြက်ခင်းအတုတွေနဲ့ တူတယ်။ ကြာရင် လိပ်သွားရော။ ပြန့်ပြန့်ပြူးပြူး မရှိတော့ဘူး။

**အကြံဉာဏ်ဆိုတာ ဘာနဲ့တူသလဲဆိုတော့ ညဈေးတစ်ခုကနေ ဝယ်လာတဲ့ ဈေးပေါပေါ အေရိုးဗစ်စကိတ်လေ့ကျင့်စက် တစ်ခုလိုပဲ။ သင် သုံးမယ်ဆိုရင်လည်း** ခဏပဲသုံးတယ်၊ ကြာကြာလည်း စိတ်မဝင်စားဘူး၊ ပြီးရင်တော့ တစ်ယောက်ယောက်ကို ပေးပစ်လိုက်ရော။ ဒါကြောင့်မို့ အကြံဉာဏ်နဲ့ အဲဒီစက်ဟာ အတူတူပဲလို့ဆိုတာပေါ့။ ဘာကြောင့်လဲဆိုတော့ သင်ဟာ အဲဒီအရာတွေကို ကိုယ်တိုင်ကိုယ်ကျ လက်တွေ့မကျင့်သုံးလို့ပေါ့။

**စိတ်ပျက်စရာကောင်းလှတဲ့ မဟုတ်တရုတ် အကြံတွေကလည်း ဒီလောက**ကြီးထဲမှာ ဒုနဲ့ဒေး ရှိနေကြတယ်။ ဥပမာပြောရရင်တော့ ရာစုနှစ်ပေါင်းများစွာ **အသုံးမကျဘဲ ရေသေအိုင်တစ်ခုလိုရှိနေတဲ့ အကြံဉာဏ်တွေ အများကြီးရှိနေတယ်။** အဲဒီလို ဘယ်သူကမှ အသုံးမပြုလို့ သံချေးတက်နေတဲ့ အတွေးအခေါ်တွေကို ဒီဘက်ခေတ်လို အချိန်အခါမျိုးမှာ အသစ်အဆန်းကြီးတစ်ခုလို ရှေ့တန်းတင်လာကြတဲ့သူတွေက အများကြီး ရှိနေတယ်။

http://www.cherrythitsar.org



ဥပမာဆိုရရင်ဗျာ၊ မကြာသေးခင်က စစ်တမ်းတွေက အချိန်မီ တစ်ချက် ချုပ်နိုင်တယ်ဆိုရင် နောက်ထပ်ခုနစ်ချက် မချုပ်ရတော့ဘူးလို့ ဆိုထားတာကို ကျွန်တော်တို့က နောက်ထပ်ကိုးချက် ချုပ်စရာမလိုတော့ဘူးဆိုပြီး ဘာကြောင့် ဖွတ်ပြောနေရဦးမှာလဲ။ တကယ်တမ်းစဉ်းစားတွေးခေါ်တတ်တဲ့ မိဘတစ်ယောက် က စောင့်ကြည့်ခြင်းခံနေရတဲ့ ရေနွေးအိုးတစ်လုံးဟာ ဘယ်တော့မှ မဆူပွက်ဘူး ဆိုတဲ့ စကားမျိုးကို အာချောင်ပြီး ပြောနေပါ့မလား။ ဒီလိုသာ ပြောဆိုလိုက်မယ် ဆိုရင် မိဘဆိုတာ အမှားကင်းတယ်ဆိုတဲ့ ဒဏ္ဍာရီကြီးက တစ်စစီသုံးမရအောင် ဖြစ်သွားတော့မှာပေါ့။ ဂျစ်ကန်ကန် ကလေးတစ်ယောက်အတွက် လိုအပ်နေ တာက ရေနွေးကရားတစ်လုံး၊ ရေ၊ လိုအပ်တဲ့ အပူချိန်နဲ့ မျက်လုံးတစ်စုံပဲလေ။ သူက ရေနွေးတည်ဖို့ လိုအပ်တာတွေ အကုန်လုံးကိုစီစဉ်ပြီး ရေနွေးအိုးတည်ရင်း **စောင့်ကြည့်နေလို့ ရေနွေးအိုး ပွက်ပွက်ဆူလာရင် မိတ်ဆွေတို့ရဲ့ အရင်ဘိုးဘွားမိဘ** တွေက ပြောခဲ့တဲ့စကားတွေဟာ အလကားဆိုတာ သူတို့ အလိုလိုသိသွားကြ မှာပေါ့၊ မဟုတ်ဘူးလား။

ကျွန်တော် အထက်မှာ ပြောပြခဲ့တဲ့ မှားယွင်းမှုတွေက ဒီလောက်နဲ့တင် အဆုံးသတ်မသွားသေးဘူး။ နောက်ပြီး မိတ်ဆွေရဲ့ သားဖြစ်သူကို လိမ့်နေတဲ့ ကျောက်တုံးဟာ ဘယ်တော့မှ ရေညှိမတက်ဘူးလို့လည်း သွားပြီး မပြောလိုက်နဲ့ဦး သားဖြစ်တဲ့သူက အဆိုတော် ကိတ်ရစ်ချတ်ရဲ့ သွားတွေကို ပြန်ကြည့်ပါဦးလို့ ပြန်မေးနေဦးမယ်။

စပိန်နိုင်ငံမှာ လွင်ပြင်ဒေသတွေက မိုးအများဆုံးလို့ပြောရင် ကျွန်တော် လည်း တော်တော်အံ့သြမိမှာပဲ။ စပိန်နိုင်ငံမှာက လွင်ပြင်ရယ်လို့ ရှိမှရှိပါရဲ့လား။ **နွားရိုင်းတွေ၊ စကတ်နီနီဝတ်တဲ့ မိန်းမတွေရယ်တော့ရှိတာယ်။ ဒါပေမယ့် လွင်ပြင်ရယ်** လို့တော့ ကျွန်တော် တစ်ခါမှ သတိမထားမိပါဘူး။ ကျွန်တော် နေရာမှားကြည့် မိတာလည်း ဖြစ်နိုင်ပါတယ်။

**အမှန်မှာတော့ စပိန်နိုင်ငံရဲ့မိုးလေဝသ အခြေအနေဟာ ကျွန်တော့်အတွက်** အရေးမကြီးလောက်ပါဘူး။ ကျွန်တော် အမှန်တကယ်ဆိုလိုချင်တာက လူတွေဟာ အမှန်တရားနဲ့ သွေဖယ်ပြီး တစ်လွဲဆံပင်ကောင်းနေကြတဲ့အကြောင်း ပြောချင် တာပါ။ "စိတ်တင်းထားစမ်းပါကွာ၊ အခြေအနေတွေ ပိုပြီးကောင်းလာမှာပါ"ဆိုတဲ့ စကားမျိုးကို သင့်ကို ဘယ်နှစ်ကြိမ်များ ပြောတာခံရဖူးလဲ။ အဲဒီလို ပြောတဲ့

http://www.cherrythitsar.org



စကားမျိုးတွေဟာ မရိုးဖြောင့်တာ စော်ကားတာပဲ။ တည်တည့်ပြောတာနဲ့ သွက်ဝိုက်ပြီး ပြောတာလောက်ပဲကွာတာ။ အင်းပေါ့လေ၊ လူတစ်ကိုယ် အကြိုက် တစ်မျိုးပဲ မဟုတ်လား။ အကြိုက်ချင်းတွေ တူနေကြရင်လည်း အားလုံး ဒုက္ခရောက်ကုန်ကြတော့မှာပေါ့။ အခွင့်အရေးတစ်ဝက်လောက် ပေးလိုက်တာနဲ့ပဲ ကျန်တဲ့အခွင့်အရေးကို ယူသွားလိုက်တာများ ဂျင်မ်ကာရေးဇာတ်ကား တစ်ဝက် ထက်တောင် ပိုပြီး မြန်နေသေးတယ်။

**နောက်တစ်ခု ကျွန်တော်လုံးဝမကျေနပ်တဲ့၊ ဒေါသထွက်မိတဲ့ အကြံပြု စကားတစ်ကွန်း ရှိသေးတယ်။ "ကိုယ်နေမြဲအတိုင်းနေပါ"ဆိုတဲ့ စကားပေါ့။ ဒီလောက်ဆိုးဝါးလှတဲ့ စကားမျိုးကို မိတ်ဆွေတို့ကြားမှ ကြားဖူးကြပါရဲ့လား။ လူ့ယဉ်ကျေးမှုနဲ့ လူသားကျင့်ဝတ် အသီးသီးတို့က ကျွန်တော်တို့ကို အမြော်အမြင် ကြီးစွာနဲ့ပဲ ရှိရင်းစွဲအတိုင်း မနေအောင် မျှော်လင့်ထားခဲ့တာပဲ မဟုတ်လား။ မိတ်ဆွေတို့ စာရေးဆရာကြီး ဝီလျမ်ဂိုလ်းဒင်းရဲ့ "ယင်ကောင်တို့ရဲ့ အရှင်သခင်" ဆိုတဲ့ စာအုပ်ကို ဖတ်ဖူးမိကြလား။ ဈေးသွားဝယ်တဲ့အခါမှာ နောက်ဆုံးလက်ကျန် ကား နေရာအလွတ်တစ်နေရာအတွက် ကျန်တဲ့တစ်ယောက်နဲ့ ရန်ဖြစ်ပြီး နေရာလုဖူးကြလား။ စေးကပ်ကပ် ဆံပင်ပုံစံမျိုးစုံရဲ့ အောက်မှာတော့ ကျွန်တော်တို့** အားလုံးဟာ တိရစ္ဆာန်တွေဖြစ်နေတာ သေချာတယ်။

ကဲပါ သဘာဝတရားကြီးကို ဘေးဖယ်လိုက်တယ်ပဲ ထားပါဦး၊ ကိုယ် နေမြဲအတိုင်းနေရတာဟာ ဘယ်လောက်များ အန္တရာယ်ကြီးမားတယ် ထင်သလဲ။ ကျွန်တော်တို့ဟာ ကိုယ်နဂိုအတိုင်းနေမယ်ဆိုရင် ကိုယ့်ရဲ့အဇ္ဈတ္တထဲမှာရှိနေတဲ့ ခိုးကြောင်ခိုးဝှက်နေတတ်တဲ့ သဘာဝ၊ ခြေပုန်းခုတ်တတ်တဲ့အကျင့်တွေက ပေါ်လာမယ်။ တစ်ခါတလေဆိုရင် ကြောင်တွေလို ညည်းငြူနေမယ်။ စိတ်ပိုင်း ဆိုင်ရာအရ အမြဲဒွိဟဖြစ်နေမယ်။ ကိုယ်ကျင့်တရားအရလည်း မခိုင်မာနိုင်တော့ဘဲ ကျွန်တော်တို့တတွေ လူသိရှင်ကြား မကြိုက်နိုင်ခဲ့တဲ့ ခေတ်ပေါ်ဂီတတွေကိုပါ တိတ်တခိုး ကြိုက်နှစ်သက်လာမိကြလိမ့်မယ်။ ကျွန်တော်တို့ထက် ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့ လူသားတွေနေထိုင်တဲ့ ကမ္ဘာကြီးထဲမှာ ကျွန်တော်တို့ တွေက ဘာကြောင့်ကိုယ့်ကိုယ်ကို ဖက်တွယ်နေရမှာလဲ။ ကိုယ့်နဂိုအတိုင်း နေထိုင်တဲ့အတွက် အလွန်ကောင်းမွန် မြင့်မြတ်နေမယ်ဆိုရင်တော့ သင့်လို ဖြစ်ချင်တဲ့သူတွေက တန်းစီပြီး စောင့်နေကြမှာ သေချာတယ်။

တစ်ခါတလေ အကြံဉာဏ်တွေကို ပိုပြီး ဆိုးဝါးသွားစေတာကတော့ သီးခြားအခြေအနေတစ်ရပ်မှာ မိမိကိုယ်မိမိ မသင့်တော်ဘူးလို့ ပြတ်ပြတ်သားသား ခံယူထားတဲ့သူမျိုးတွေကို သွားပြီးအကြံပေးမိတာမျိုးပါ။ တကယ်လို့သာ သင်ဟာ လူကြားသူကြားထဲမှာ ကိုယ်နဲ့မသိတဲ့ မိန်းကလေးတစ်ယောက်ကို ကဖို့ လက်သွားဆွဲရင် မိန်းကလေးက ခင်ဗျားရဲ့လက်ကို လွှတ်ပြီး ငြင်းလိုက်မယ့် အပြင် သူမရဲ့အမြင်မှာ ခင်ဗျားဟာ ရပ်ပိုင်းဆိုင်ရာအရ ဆွဲဆောင်မှုမရှိတဲ့အပြင် စိတ်နေသဘောထားအရပါ အလွန်နိမ့်ကျတဲ့ အကြောင်းတွေပါတဲ့ စာသားမျိုးတွေနဲ့ သီချင်းမျိုးကိုတောင် ပျော်ပျော်ကြီး ဆိုနေလိမ့်ဦးမယ်။ ကျွန်တော် ဒီနေရာမှာ ပြောချင်တာတစ်ခုကတော့ ကိုယ့်အနေနဲ့ အဲဒီမိန်းကလေးကို ကိုယ်နဲ့အတူ ကစေချင်ရင် ကိုယ့်ဘာသာကိုယ် နဂိုအတိုင်းနေပါလို့ ပြောချင်တာပါပဲ။

**တစ်ခါတလေကျရင် လူတွေက ကိုယ်ပြောနေတာ ဘယ်လို လူစားမျိုးမှန်း** မသိဘဲနဲ့ "နေမြဲအတိုင်းနေနော်"ဆိုပြီး အကြံပြုတတ်တာမျိုးကျတော့ ပိုပြီးဆိုးကုန်တာပေါ့။ ကျွန်တော် ဂျက်ဖရီဒါးမားဆိုတဲ့ လူငယ်လေးတစ်ယောက်ရဲ့ ရုပ်ပုံလွှာကို ကျွန်တော်စိတ်ကူးထဲကနေ တော်တော်နဲ့ မထွက်နိုင်အောင် ဖြစ်နေတယ်။ ဂျက်ဖရီဒါးမားဆိုတဲ့ လူငယ်လေးဟာ ညကြီးသန်းခေါင်ကျော်ကျမှ သူ့ကို တော်တော်လေး ဒုက္ခပေးတဲ့ အိပ်မက်နှစ်ခု မက်ခဲ့တာကြောင့် သူနေတဲ့ ကျောင်းက ကျောင်းအကြံပေးပုဂ္ဂိုလ်ကြီးကို မေးဖို့ သွားတွေ့ခဲ့တယ်။ တွေ့ပြီးတဲ့ အခါမှာလည်း သူသိချင်တာတွေမေးတယ်။ အကြံပေးပုဂ္ဂိုလ်ကြီးက ကောင်လေး မေးခွန်းတွေ မေးနေချိန်မှာ ဘီယာတစ်ဗူးလောက် သောက်ချင်တဲ့အကြောင်း၊ နေ့လယ်နေ့ခင်း တစ်ရေးတစ်မှေး အိပ်ဖို့အကြောင်း စဉ်းစားနေရင်းနဲ့ ခေါင်း တညိတ်ညိတ် လုပ်လိုက်၊ မျက်မှောင်ကြုတ်လိုက် လုပ်နေတယ်။ ပြီးတော့မှ–

"ငါ မင်းကို အကောင်းဆုံးအကြံတစ်ခု ပေးချင်တာကတော့ အမြဲတမ်း နေမြဲအတိုင်း နေတတ်ဖို့ပဲ ကောင်လေး"လို့ပြောချလိုက်တယ်။

ဒီတော့ ကျွန်တော် ပြောလိုတဲ့အချက်က အမြဲကိုယ်နေမြဲအတိုင်း နေရမယ်လို့ စိတ်ထဲမှာ စွဲမထားဖို့ပါပဲ။ တစ်ခါတလေမှာ ကိုယ်ဟာ သူများလိုလည်း နေတတ်ဖို့ လိုအပ်တယ်လေ။ ဥပမာဆိုရင် မိတ်ဆွေက လူမျိုးတုံး

**လောက်အောင် သတ်ဖြတ်တဲ့ ဆလိုဘိုဒင် မီလိုဆီဗစ်ဆိုတဲ့ လူဆိုးကြီးတစ်ယောက်**

http://www.cherrythitsar.org



ဖြစ်နေတယ်ဆိုကြပါစို့။ ဒီတော့ တစ်ခါတလေမှာလည်း ဆလိုဘိုဒင် မီလိုဆီဗစ်နဲ့ မတူတဲ့နေထိုင်မှုမျိုးနဲ့ နေထိုင်တတ်ဖို့ လိုအပ်တယ်လေ။ တကယ်လို့ ခင်ဗျားဟာ ဂျော့ချ် ဒဗလျူဘုရှ်ဆိုပါစို့။ ဆောရီး၊ ဆောရီး ကျွန်တော် ဒီစာအုပ်ထဲမှာ ဂျော့ချ်ဒဗလျူဘုရှ်ကို သရော်တဲ့ ဟာသမျိုးတွေ နောက်ထပ်မရေးတော့ဘူးလို့ ကတိပေးပါတယ်။

**ကျွန်တော် ပြောပြသမျှ အားလုံးက မိတ်ဆွေတို့ကို တိုးတက်ရာတိုးတက်** ကြောင်းလုပ်နိုင်ဖို့ အကြံပေးနေတာ မဟုတ်ဘူးနော်။ တိုးတက်ရာတိုးတက် ကြောင်းလုပ်ဖို့ဆိုတာက အချိန်ယူရတယ်။ ကြိုးစားအားထုတ်ရတယ်။ သူများ ထက်မထူးဘူးဆိုပြန်ရင်လည်း အလုပ်မဖြစ်ပြန်ဘူး။ ကမ္ဘာလောကကြီးက အခွင့်အလမ်းတွေ အများကြီးပေးထားတော့ ကျွန်တော်တို့အနေနဲ့ တစ်ကိုယ်တည်း ဖြစ်တည်မှု အစွမ်းအးစနဲ့ အောင်မြင်မှုတွေ ဆုံးခန်းတိုင်ရောက်ရှိနိုင်အောင် လုပ်ဖို့ဆိုတာက သိပ်မလွယ်ဘူး။

ကဗျာစာဆိုတော်ကြီးဖြစ်တဲ့ ဝေါ့တ်ဝှစ်တမင်းကလည်း “ကျွန်ုပ်ဟာ ကြီးမားကျယ်ပြန့်တယ်။ ကျွန်ုပ်ရဲ့ ကျယ်ပြန့်မှုထဲမှာ အပုံအပင်ပေါင်းများစွာ ပါဝင်တယ်”လို့ ဆိုခဲ့တယ်။ ကျွန်တော့်အထင်မှာတော့ အဲဒီစကားကို ပြောခဲ့တဲ့ သူဟာ ဝေါ့တ်ဝှစ်တမင်းလို့ပဲ ထင်တယ်။ ဒါမှမဟုတ်ခဲ့ရင်လည်း ဂျိမ်းစ်ဘွန်း ဇာတ်ကားတစ်ကားဖြစ်တဲ့ “ရွှေလက်ချောင်း”ဇာတ်ကားထဲမှာ ပါဝင်သရုပ်ဆောင် **တဲ့ မင်းသားကြီး ရှောင်ကွန်နရီ လေဆာရောင်ခြည်နဲ့ အတို့ခံဖို့ အချုပ်ခံထားရတုန်း** ပြောခဲ့တဲ့စကား ဖြစ်မယ်ထင်တယ်။

တကယ်လို့ သင်ဟာ ဘာအရည်အချင်းမှလည်းမရှိ၊ ဖြစ်ဖြစ်မြောက် မြောက်တတ်တာဆိုလို့လည်း ဘာမှမရှိ၊ ထူးထူးခြားခြား စိတ်ဝင်စားတာလည်း ဘာမှမရှိဘူးဆိုရင်တော့ ကျွန်တော် အကောင်းဆုံးအကြံပြုချင်တာက ကျွန်တော် တို့အဖွဲ့ထဲကို ဝင်လိုက်ဖို့ပါပဲ။

ကျွန်တော်တို့ ခင်ဗျားတို့လို ယောင်ခြောက်ဆယ်ဖြစ်နေတဲ့ လူစားတွေ အများကြီး ရှိနေပါတယ်။ ကျွန်တော်တို့လမ်းစဉ်လိုက်မယ့် နောင်လာလတံ့သော လူတွေကလည်း ကုဋေပေါင်းများစွာတန်းစီပြီး ရှိနေပါသေးတယ်။

ကျွန်တော် အမှန်အတိုင်းကိုပြောပြရရင် ဒီကမ္ဘာလောကကြီးထဲမှာ သမိုင်းနဲ့ချီပြီး ပြန်ကြည့်လိုက်စမ်းပါ။ သမိုင်းတစ်လျှောက်လုံးမှာ ကိုယ်ပိုင်

http://www.cherrythitsar.org


အရည်အချင်းစစ်စစ်နဲ့ ထူးချွန်ပြောင်မြောက်တဲ့လူသားရယ်လို့ ခုနစ်ယောက် ရှစ်ယောက်ပဲ ရှိမယ်ထင်တယ်။ ကျန်တဲ့လူတွေ အကုန်လုံးက ကိုယ့်ရဲ့အောင်မြင်မှု ပမာဏအလိုက် သူတို့တွေကို တုပဖို့ ကြိုးစားခဲ့ကြတဲ့သူတွေချည်းပါ။

(ကျွန်တော်ပြောတဲ့ ခုနစ်ယောက်ရှစ်ယောက်ဆိုတဲ့ လူတွေဟာ ဘယ်သူတွေလဲလို့ မိတ်ဆွေတို့ ကျွန်တော့်ကို မေးချင်နေကြတယ် မဟုတ်လား။ ဒါပေမယ့် ကျွန်တော်ဆိုတဲ့ စာရေးဆရာကလည်း အလွန်ဉာဏ်များတဲ့ စာရေးဆရာ ဖြစ်နေတယ်လေ။ ဘယ်လိုပဲဖြစ်ဖြစ်ပါ ကျွန်တော်ပြောပြနိုင်တာကတော့ အဲဒီ လူတွေထဲမှာ ဂျွန်လင်နွန် မပါတာ သေချာတယ်။ ရှာလီမက်ကလိန်းလည်း မပါဘူး။ ခင်ဗျားတို့ ကျွန်တော်တို့နဲ့လူပုဂ္ဂိုလ်ချင်း ရင်းနှီးတဲ့လူဆိုလို့ တစ်ယောက်မှ မပါတာ သေချာတယ်)

တကယ်လို့ မိတ်ဆွေဟာ ကိုယ့်ရဲ့ ငှက်ကုလားအုတ်ဥခွံကို ကိုင်တွယ်တဲ့ နေရာမှာ ဆရာတစ်ဆူအဆင့် ရောက်နေပြီဆိုရင်တော့ ဘာမဆိုသင့်အတွက် ဖြစ်လာနိုင်တယ်ဆိုတာကို သိနားလည်လာပါလိမ့်မယ်။ အမှန်တော့ ကျွန်တော် ပြောလိုက်တဲ့ အဓိပ္ပာယ်က ဘာမဆို တုပနိုင်တယ်လို့ ပြောလိုက်တာပါပဲ။ သင်ဟာ ကိုယ်ဖြစ်ချင်တဲ့ လူစားမျိုးဖြစ်အောင်လုပ်လို့ ရတယ်လေ။

# အိုဖရာ၏ဖြစ်အင်

"သင်ဟာ ကိုယ်ဖြစ်ချင်တဲ့ လူစားမျိုးဖြစ်အောင် လုပ်လို့ရတယ်" ဆိုတဲ့စာသားကို ကျွန်တော်ရေးနေရင်းနဲ့ ဒီစာသားတွေကို ကျွန်တောင်ရင်းနှီး ကျွမ်းဝင်ဖူးသလိုလို ဖြစ်လာရတယ်။ နောက်တော့မှ ကျွန်တော်သတိရလိုက်တာက ဒီစာသားတွေကို နာမည်ကျော် အိုဖရာပြောတဲ့ စကားတွေထဲမှာ ကြားနေကျဖြစ်နေ တယ်ဆိုတာ သိလိုက်ရတယ်။

သင်ဟာ ဘယ်လောက်ပဲ ဆင်းရဲနေနေ၊ ဘယ်လောက်ပဲ စုတ်ပြတ်နေနေ၊ အမေရိကန်ပြည်ထောင်စုတောင်ပိုင်းက လူမည်းတွေကြီးစိုးတဲ့ အရပ်မှာ ကြီးပြင်း လာရသူပဲ ဖြစ်နေနေ သင်ဖြစ်ချင်တဲ့လူစားမျိုး ဖြစ်နိုင်တယ်လို့ အိုဖရာက အမြဲပြောပြတတ်တယ်။ သူမက ဘာကြောင့် ဒီစကားမျိုး ပြောနေရတာလဲဆိုတာ စဉ်းစားကြည့်ဖို့ကောင်းတယ်။ အမှန်မှာတော့ သူမကိုယ်တိုင်လည်း အောင်မြင်

http://www.cherrythitsar.org



ကျော်ကြားတဲ့သူ တစ်ယောက်ဘဝကို မရခင်မှာ ဆင်းဆင်းရဲရဲ နွမ်းနွမ်းပါးပါး နေထိုင်ခဲ့ရတယ်လို့ ကျွန်တော်တို့ကို သတိပေးလိုက်တာပါ။ သူမရဲ့ဘဝဟာ အရင်ကစုတ်ပြတ်ခဲ့ရတယ်။ အမေရိကန်ပြည်ထောင်စုတောင်ပိုင်းက လူမည်းတွေ ကြီးစိုးတဲ့ အရပ်မှာ ကြီးပြင်းလာရသူ ဖြစ်ခဲ့ရတယ်လို့ ကျွန်တော်တို့ကို သတိပေးလိုက်တာပါ။ ဒါပေမယ့် အခုအချိန်မှာတော့ သူမဟာ အလွန့်အလွန်ကို ချမ်းသာကြွယ်ဝပြီး အောင်မြင်မှုတွေ သရဖူဆောင်းရတဲ့ဘဝကို ရောက်ရှိနေပါပြီ။

အိုဖရာက ဒီလိုပြောလိုက်တယ်ဆိုတော့ သူမဟာ ငယ်စဉ်တောင်ကြေး ဘဝမှာ ညီအစ်မတွေနဲ့အတူ ခြေကျင်းလက်ထိပ် အခတ်ခံရပြီး မစ္စစ်စပီကို လှေနဲ့သွားပြီး ရောင်းစားခံရမယ့် လူတွေထဲပါပြီး သူမဟာ အဲဒီဂိုဏ်းကနေ လွတ်အောင် ထွက်ပြေးရုန်းထွက်ခဲ့ရတယ်လို့ မိတ်ဆွေတို့က ထင်နေမလားတော့ မသိဘူး။ သူတို့တတွေရဲ့ တစ်ကိုယ်လုံးမှာလည်းရောင်းစားမယ့် ဂိုဏ်းက လူတွေ ရိုက်နှက်ထားတဲ့ ကြာပွတ်ရာတွေနဲ့ပြည့်နှက်နေမယ်လို့များ မိတ်ဆွေတို့ စဉ်းစားနေကြလား။

**အမှန်အတိုင်းပြောရရင်တော့ အိုဖရာဟာ အဲလစ်ဝေါ့ကားရဲ့ ဝတ္ထုထဲက ဇာတ်ကောင်တွေလို သရုပ်ဆောင်ပြမှုနေတာပါ။ သူမရဲ့ ဘဝအမှန်က မိတ်ဆွေတို့** ထင်သလို မဟုတ်ခဲ့ပါဘူး။

အိုဖရာဟာ သူမရဲ့ ဟောပြောပွဲတွေမှာ "သင့်ရဲ့ စိတ် ဝိညာဉ်ကို သတိရနေပါ"ဆိုတဲ့ အကြောင်းကို ပြောလေ့ရှိတယ်။ အဲဒီစာသားရဲ့ အဓိပ္ပာယ်က ဘယ်လိုများ အဓိပ္ပာယ်သက်ရောက်နေလဲ။

**သင်ဟာ တောင်တက်ခရီးကြမ်းတစ်ခုကို သွားနေတယ်ဆိုပါစို့။ ညနေပိုင်း** မှာ သင့်ရဲ့အထုပ်အပိုးကို နားနေစခန်းမှာ ပစ်ချပြီး "ကဲ... ငါတို့ လက်နှိပ် ဓာတ်မီးတွေ၊ အိပ်ရာခင်းတွေ၊ ရေစိုခံ မီးခြစ်ဆံတွေကို စစ်ဆေးကြည့်ကြစို့။ အင်း... ငါ့ရဲ့ ဝိညာဉ်ကရော ဘယ်မှာလဲ။ ငါ့ရဲ့ ဝိညာဉ်ကို ငါ မေ့သွားပြန်ပြီ။ ငါ့ဝိညာဉ်ကို ဘယ်သူနေရာရွှေ့သွားသလဲဟေ့" ဆိုပြီး ပြောမိမှာပဲ။

ဘယ်သူ သန်းကြွယ်သူဌေးဖြစ်ချင်လဲ ဆိုတဲ့မေးခွန်းမျိုးကို သင် ရင်ဆိုင် နေရပြီ ဆိုပါစို့။ ဘယ်လိုလုပ်မလဲ။

"သေလွန်ပြီးတဲ့နောက်ဘဝမှာ သင့်ရဲ့ အနန္တသဘောဆောင်တဲ့ အစိတ် အပိုင်းကို ခွဲခြားပြောဆိုနိုင်ရင် ဒေါ်လာတစ်သန်းပေးမယ်"လို့ ပြောလာရင်

သင် ဘယ်လို လုပ်မလဲ။

သင် ဘာလုပ်မလဲဆိုတာ ကျွန်တော် ပြောပြမယ်။

"ငါ့ရဲ့ ဝိညာဉ်ကို ငါ မေ့သွားခဲ့တယ်ဆိုတာ မယုံနိုင်လောက်အောင်ပဲ။ ကိုယ့်ဝိညာဉ်ကိုယ် မေ့သွားတာ ယုံတောင် မယုံချင်ဘူး"လို့ ပြောရင်းစိတ်ပျက်လက်ပျက်နဲ့ သင် နောက်ကြောင်း ပြန်လှည့်သွားမယ်ဆိုတာ ကျွန်တော် အတတ်ပြောရဲတယ်။

(အကြောင်းတိုက်ဆိုင်လို့ ပြောရဦးမယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က တောင်အာဖရိကမှာ အရက်ထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုက "ဘီယာကို မမေ့ပါစေနှင့်"ဆိုတဲ့ ဆိုင်းဘုတ်လေးတွေကို ဆိုင်တွေမှာ အဖွဲ့လိုက် လိုက်ချိတ်ကြရတဲ့ အကြောင်းကို ကျွန်တော် သတိရမိသလိုလို ရှိလာတယ်။ ကျွန်တော်က **ဒီစကားကို ဘယ်သူ့မှ ရည်ရွယ်ပြီးပြောတာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့** တွေဟာ တစ်ယောက်အပေါ်တစ်ယောက် ကျေးဇူးမကင်းကြဘူးလို့ ဆိုလိုတာပါ)

ဒါပေမယ့်မိတ်ဆွေတို့အနေနဲ့ အိုဖရာကိုတော့ ကောင်းကောင်းကြီး အတုယူသင့်တယ်။ သူမဟာ မိမိရဲ့ဥကို ချန်ပီယံတစ်ယောက်လိုပဲ ကိုင်တွယ်ထားနိုင်တယ်။ စိတ်ညစ်နေတဲ့၊ ဘာလုပ်လုပ်အရာမထင်တဲ့သူတွေ အားလုံးဟာ သူမလိုပဲ တစ်နေ့နေ့မှာ ဖြစ်လာနိုင်တယ်ဆိုတဲ့အကြောင်းကို ပြောနေတုန်းမှာ မျက်နှာထား ခပ်တည်တည်ထားနိုင်တာကိုပဲ ကြည့်ပါလား။ သူပြောတာလည်း မှန်တာပဲလေ။ သင်လည်းပဲ သူ့လိုဖြစ်မြောက်အောင် လုပ်လာနိုင်မယ်ဆိုရင် သူမနဲ့ ဘေးချင်းယှဉ်ပြီး ထိုင်နိုင်လာမယ်။ ဒင်ဇယ်ဝါရှင်တန်၊ မာရီယာရှရီးဗား၊ ဂါရီဇူက်ဗ်တို့နဲ့ စကားလက်ဆုံကျလို့ရတယ်။ နဖူးပြောင်ပြောင်နဲ့ လက်ထပ်ထိမ်းမြားရေးအတွက် အကြံပေးလုပ်တဲ့ နာမည်ကျော် ဟိုပုဂ္ဂိုလ်နဲ့လည်း စကားတွေတဝကြီးပြောလို့ရမယ်။ သူ့နာမည်ကိုတော့ ကျွန်တော် မေ့နေတယ်။

အိုဖရာဟာ လူတိုင်းကို အဲဒီလိုပဲပြောခဲ့တယ်။ ပြောနေရင်းနဲ့ မျက်တောင်တစ်ချက်တောင် မခတ်ဘူး။ သူမက စကားပြောရင်လည်း ပြောနေတဲ့သူရဲ့ မျက်လုံးကို သေသေချာချာစိုက်ကြည့်ပြီး ပြောတာ။ အပြောခံရတဲ့သူတွေကလည်း သူမကို သိပ်ပြီး သဘောကျကြတယ်။ သူပြောတာတွေက မှန်တာ မမှန်တာ အပထားပေါ့လေ။ ဘာကြောင့် သူတို့တွေက သဘောကျကြတာလဲဆိုတော့

http://www.cherrythitsar.org



လူတိုင်းဟာ အိုဖရာမဖြစ်နိုင်လို့ပါပဲ။ အိုဖရာကိုယ်တိုင်ကတောင် အိုဖရာမဖြစ်နိုင်ဘူးလေ။ အိုဖရာဆိုတဲ့ ထူးခြားမှုက သူ့အချိန်တန်လို့ ရောက်လာတဲ့ အရာပဲ။ စိတ်ကူးတစ်ခုပဲ။ အဲဒီစိတ်ကူးကို အိုပရာက ပိုင်ဆိုင်အောင်လုပ်ပြီး ပုံစံကျကျ နေထိုင်နိုင်ခဲ့တဲ့အတွက် အခုလို ဖြစ်နေတာပါ။

အိုဖရာဟာ သူမ စကားပြောတဲ့ပွဲမှာ သူမရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ပြီး တစ်ခုမှ ဆောင်ကျဉ်းမလာဘူး။ သူမကိုလာရောက်အားပေးကြတဲ့ ပရိသတ်ကြီးအတွက် ကိုယ်ရေးကိုယ်တာနဲ့ပတ်သက်ပြီး သူမမှာလည်း ထွေထွေထူးထူး ပြောစရာဆိုလို့ရှိပုံမရဘူး။ ပြောပြန်ပြီဆိုရင်လည်း သူများတွေအကြောင်းကိုသာ ဝေ့လည်ကြောင်ပတ်နဲ့ ပြောတတ်တယ်။ အိုဖရာဟာ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ပြီးမပြောတော့ သူမရဲ့ဖြစ်တည်မှုဟာလည်း အများအမြင်မှာ သိချင်စရာ။ စိတ်ဝင်စားစရာ ပိုပြီး ဖြစ်နေတယ်။ သူမ ကိုယ်တိုင်ဟာ ငှက်ကုလားအုတ်ဥ ဖြစ်နေတယ်။ ပရိသတ်တွေရဲ့ အမြင်မှာတော့ အိုဖရာဟာ သူတို့ရဲ့ စိတ်ကူးတွေထဲမှာ မြင့်သည်ထက်မြင့်မားလာနေတယ်ဆိုတာ ကတော့ သေချာတယ်။

**သင်ကိုယ်တိုင်လည်း အိုဖရာလို ဖြစ်နိုင်တယ်နော်။ ကျွန်တော်ပြောနေတဲ့** အထဲမှာ အပိုဆိုလို့ လုံးဝမပါဘူး။ လိုအပ်တာထက်ပိုပြီး ချဲ့ကားပြောတာတွေ မပါဘူး။ ကျွန်တော် ဆိုလိုချင်တဲ့အဓိပ္ပာယ်က သင်ကိုယ်တိုင်လည်း အိုဖရာစီးဆင်းသလိုမျိုး စီးဆင်းလို့ ရနိုင်တယ်လို့ပြောတာပါ။ ဒါပေမဲ့ သူမရဲ့ပုံစံက စီးဆင်းနေတယ်လို့ မထင်ရဘူးနော်။ စပါးကျီတစ်လုံးလို ငြိမ်သက်နေတဲ့ ပုံမျိုးပဲ။ ဒါပေမယ့် အမှန်မှာတော့ သူမဟာ စီးဆင်းနေတယ်။ မစီးဆင်းဘူးလို့ ထင်ရတဲ့ စီးဆင်းမှုနဲ့ စီးဆင်းနေတယ်။ အိုဖရာရဲ့ စီးဆင်းမှုက ဒီပက်ချိုပရာနဲ့ မတူဘူး။

(အင်း ကျွန်တော့်ရဲ့ လေသံကတောင် ဒီပက်ချိုပရာနဲ့ ပိုပြီးတူလာပြီ။ ကျွန်တော်ကိုယ်တိုင်ကလည်း ကိုယ်ထူးကိုယ်ချွန် စာအုပ်တွေ အများကြီး ဖတ်မိခဲ့တာကိုး။ လေသံပြောင်းမှ ဖြစ်တော့မယ်ထင်တယ်)

**အိုဖရာဟာ ဥခွံကိုဖြည့်တဲ့သူလိုလို ကုန်သည်တစ်ယောက်လိုလို ဖြစ်နေ**ပေမယ့် သူမရဲ့ဥခွံကို မလွတ်တမ်းပွေ့ဖက်ထားနိုင်တယ်။ တကယ်တမ်း ပြောကြကြေးဆိုရင်တော့ သူမရဲ့ ပကတိအစစ်အမှန်ဟာ ကျွန်တော်တို့ ခင်ဗျားတို့လို သာမန်ပါပဲ။ သူမက ထိုင်နေပြီဆိုရင် သူမရဲ့ စိတ်တွေက နတ်သမီးတွေဆီ

http://www.cherrythitsar.org



ရောက်မနေသလို အလင်းရောင်ရှိတဲ့ဆီကိုလည်း လျှောက်မသွားဘူး။ သူမရဲ့ နောက်ရေးမယ့် ကိုယ်ထူးကိုယ်ချွန်စာအုပ်အတွက် ဘယ်သူ့ကို ငှားရမလဲဆိုတာ လောက်ပဲ စဉ်းစားနေလိမ့်မယ်။ ဒါမှမဟုတ်ရင် ရုပ်မြင်သံကြားရိုက်တဲ့အခါမှာ ဂါရီဇူကက်ဗ်ကို တည့်တည့်မတ်မတ် ထိုင်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကို စဉ်းစားရင် စဉ်းစားနေလိမ့်မယ်။ ဒါမှမဟုတ် လီယာဂျက်လေယာဉ်ကြီးကို ဝယ်ဖို့စဉ်းစားရင် စဉ်းစားနေလိမ့်မယ်။ အဲဒီဂျက်လေယာဉ်ကိုဝယ်မှသာ နောက် တစ်ခါ သူမ တစ်နေရာရာကိုသွားရင် သူမနဲ့ တန်းတူရည်တူရှိတဲ့ လူတွေနဲ့ ဘေးချင်း ယှဉ်ပြီးထိုင်နိုင်မှာ မဟုတ်လား။ ဒါမှမဟုတ်လည်း တစ်နည်းနည်းနဲ့ **ဟန်ဆောင် နေလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တို့တွေက သူမကို အုမချေးခါးမကျန်** သိမြင်နိုင်ပါတယ်။ ဒါပေမယ့် သူမရဲ့ နေထိုင်မှုစရိုက်ပုံစံကလည်း ကျွန်တော်တို့ အားလုံးမှာ ရှိသင့်ရှိထိုက်တဲ့ နေထိုင်မှုမျိုး ဖြစ်ပါတယ်။

ခင်ဗျားတို့တော့ မသိဘူး၊ ကျွန်တော်ကတော့ အိုဖရာအကြောင်း စဉ်းစားလိုက်တာနဲ့ ဗိုက်က အလိုလိုဆာလာတယ်။ ကျွန်တော်က ဘာစားစား အိုဖရာနဲ့ ကင်းလို့ရနိုင်တာမှ မဟုတ်တာ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က သူမရဲ့ ဓာတ်ပုံကို ရေခဲသေတ္တာရဲ့ နံရံမှာ ကော်နဲ့မြဲနေအောင် ကပ်ထားတာကိုး။ သူမဓာတ်ပုံရဲ့ဘေးနားမှာ အံ့မခန်း ကဗျာတွေကို ရေးလေ့ရှိတဲ့သူတွေ စိတ်ပျက် သွားစေလောက်မယ့် ဆွဲဆောင်မှုရှိတဲ့ စာသားအချို့ပါတဲ့ စာကြောင်းအချို့ ရှိနေတယ်။ ရေခဲသေတ္တာမှာ မူလကတည်းက ပါလာတဲ့စာကြောင်းတွေပါ။

ဒါပေမယ့် အဲဒီစာသားတွေကတော့ ကျွန်တော့်ကို ရေခဲသေတ္တာဆီမသွား အောင် ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ စာသားတွေ ဖြစ်နေတယ်။ သူများတွေရဲ့ ကဗျာစိတ်ကူးလောက် အရသာမရှိတာမျိုး ကျွန်တော်လုံးဝ မကြုံတွေ့ဖူးဘူး။ ဒီနေရာမှာ အဲဒီစာသားတွေကို "ကဗျာ"လို့ပဲ ကျွန်တော်သုံးစွဲချင်ပါတယ်။ အမှန်မှာတော့ အဲဒီစာသားတွေဟာ ကာရံမိရုံကလွဲပြီး ကဗျာမဆန်တဲ့ စာသား တွေပါ။ စာတစ်ကြောင်းမှာလည်း စာလုံးလေးငါးလုံးလောက်ပဲ ပါတာ မဟုတ်လား။ ကျွန်တော်ကတော့ ဒီလိုစာသားမျိုးတွေရေးတဲ့လူတွေရဲ့ အင်္ကျီ ကော်လံကို ဆွဲကိုင်ပြီး "ရော့၊ ဟောဒီမှာ ခဲတံနဲ့ စာရွက်။ ခင်ဗျားတို့ ကဗျာကို မဖြစ်မနေရေးရမှ ဆိုရင်တော့ သေသေချာချာရေး။ ရေးဆိုလို့လည်း နွားနို့တစ်ပုလင်းကုန်လောက်တဲ့ အချိန်လောက်အထိတော့ မရေးနဲ့ဦး။ ရေးရင်

တော့ ခင်ဗျားတို့ဗိုက်ကို ဆွဲဆုတ်ပစ်လိုက်မယ်။ ဟောဒီစာရွက်ပေါ်မှာ ခင်ဗျားတို့ရဲ့ ကဗျာရေးပြီးသွားပြီဆိုရင်လည်း ဒီစာရွက်ကို ညှော်သည်တွေလာရင် မမြင်နိုင်လောက်မယ့် အံဆွဲတစ်ခုထဲမှာပဲဖြစ်ဖြစ်၊ ဖိနပ်ပုံးထဲမှာပဲဖြစ်ဖြစ် လုံခြုံအောင် ထည့်သာထားပေတော့”လို့ ပြောပစ်လိုက်ချင်တယ်။

နောက်ပြီးတော့

“တစ်ကြောင်းနဲ့တစ်ကြောင်းမှာ စာလုံးရေ သုံးလုံးစီပဲ ရှိနေပါစေနော်။ အဲဒီစာကြောင်းတိုင်းမှာ အက္ခရာတွေကလည်း အတူတူပဲ ဖြစ်နေရမယ်။ ဒါမှ ကဗျာနဲ့ မတူမှာ”ဆိုပြီး ဖြည့်စွက်ပြောလိုက်ချင်သေးတယ်။

ဒါပေမယ့် ကျွန်တော် အခုပြောနေတာက ရေခဲသေတ္တာမှာပါတဲ့ စာသားတွေကို ပြောနေတာ မဟုတ်ဘူးဗျ။ မှားသွားတယ်။ ကျွန်တော့်ရေခဲသေတ္တာပေါ်က အိုဖရာရဲ့ ဓာတ်ပုံအောက်မှာပါတဲ့ စာသားတွေကို ပြောနေတာ။ ပါတဲ့ စာသားတွေကိုလည်း ကြည့်ဦးလေ။

“ဝက်ဆီကို အတုလုပ်နိုင်သမျှ ကာလပတ်လုံး ဝက်ဆီသည် သင့်အောင်မြင်မှုတွင် အတားအဆီးတစ်ခုအဖြစ် ရှိနေမည်မဟုတ်ပါ”တဲ့။

ဒီစာကြောင့်လည်း ကျွန်တော် နောက်တစ်ခန်း ရေးဖြစ်ခဲ့တာပါ။

■

# ခန္ဓာကိုယ်လှုပခြင်း



# ခန္ဓာကိုယ်လှပခြင်း

ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်ဆိုတာက အမြဲယားယံနေတတ်တယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း လူသားတစ်ယောက်ဖြစ်နေတဲ့အတွက် ဒုက္ခကင်းဝေးတဲ့ ဘဝတစ်ခုကို လိုချင်တောင့်တတဲ့ ကျွန်တော့်ရဲ့ဆန္ဒကိုလည်း ဖုံးကွယ်မထားချင်ပါဘူး။ ကိုယ့်ကိုယ်ကို ပင်ပန်းနွမ်းနယ်ပြီး ဒုက္ခရောက်စေမယ့် ဖြားယောင်းမှုမှန်သမျှကိုလည်း ကျွန်တော်ရှောင်ရှားချင်တယ်။ ကိုယ့်ကိုယ်ကို ဒုက္ခ မရောက်စေချင်ဘူး။ ကျွန်တော်ဟာ လူထဲကလူဆိုပေမယ့်လည်း အဲဒီဒုက္ခတွေကနေ ကင်းဝေးစေချင်တာကတော့ အမှန်ပါ။ ဒါပေမယ့်လည်း အချည်းအနှီးပါပဲ။

မနေ့ကပဲ သတိလက်လွတ်ဖြစ်သွားတဲ့ အချိန်လေးမှာ ကျွန်တော်ဟာ လူကြားသူကြားထဲမှာ အင်္ကျီချွတ်မိခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခြေအနေတွေက အရေးမကြီးဘူးလေ။ ကျွန်တော်ပြောတဲ့ အခြေအနေဆိုတဲ့ အရာထဲမှာ ဖဲဝိုင်းစားပွဲတစ်ခုလည်းပါရင် ပါမှာပဲ။ ဂျင်မာတီနီ တစ်ပုလင်းလည်း ပါရင်ပါမှာပဲ။ အနံ့စူးစူး ထောပတ်သီးပန်းကန်တစ်ချပ်လည်း ပါရင်ပါမယ်။ သွားပွတ်တံတစ်ချောင်းလည်း ပါရင်ပါမယ်။

**လူတွေကို ယဉ်ယဉ်ကျေးကျေး ပြုံးသွားစေနိုင်တဲ့ နှစ်လိုမှု တစ်စိုးတစ်စေ့**မျှမပါဘဲနဲ့ တီရှပ်ဝတ်၊ ဘာမြူဒါဘောင်းဘီဝတ် မိန်းကလေးတစ်ယောက်ကို မျက်လုံးချင်းဆိုင်ပြီး သွားမကြည့်ပါနဲ့။ ဘာကြောင့်လဲဆိုတော့ မိန်းကလေးတွေက သူတို့ရဲ့ အကြောက်တရားကို ဘယ်တော့မှ ဖုံးကွယ်မထားတတ်ကြလို့ပဲ။ သူတို့ ကြောက်ကြပြီဆိုရင် သူတို့ရဲ့ မေးရိုးကြီးတွေက ဆွဲဆောင်မှုမရှိတော့

http://www.cherrythitsar.org



လောက်အောင်ကားလာပြီး "ရှင် ဘီယာတွေ ဒီလောက်အများကြီး သောက်ထား တယ်ဆိုတာ ကျွန်မ မသိလို့ပါရှင်"လို့ တစ်မျိုး "ရှင့်အသက်က ၄၀ တောင် မရှိသေးဘူး ရှက်စရာကောင်းလိုက်တာ" ဆိုပြီးတစ်ဖုံ ပြောတတ်ကြတယ်။

ကျွန်တော် လူကြားသူကြားထဲမှာ အင်္ကျီချွတ်ပြီး စားပွဲခင်းတစ်ခုကို **ပတ်ထားချိန်အထိ စိတ်ညစ်စရာကောင်းတဲ့ ကျန်တဲ့လူတွေက သူတို့ရဲ့ဝိုင်းတွေကို အရှိန်မပျက် ဆက်နေကြတုန်းပဲ။ တော်တော်စိတ်ပျက်စရာကောင်းတယ်ဗျာ။ ဒါပေမယ့် ပိုပြီးဆိုးတာတွေရှိသေးတယ်။ ကျွန်တော်နဲ့ သက်တူရွယ်တူ၊ အခြေအနေ တူတွေလိုပဲ ကျွန်တော့်မှာ အရက်ကွဲစရာအဖြစ်မျိုးတွေ မကြာခဏ ကြုံခဲ့ရတယ်။** ဒီတော့ အဲဒီလို အခြေအနေမျိုးတွေမှာ အရက်ကွဲတဲ့ ကိစ္စနဲ့ပတ်သက်ပြီး တစ်ခုခုလုပ်ဖို့ အလျင်အမြန် ဆုံးဖြတ်ချက်ချရတယ်။

ဘယ်လို ဆုံးဖြတ်ချက်မျိုးလဲဆိုတော့ အားကစားရုံထဲသွားတာပါပဲ။ ကျွန်တော်က အားကစားမှာ စိတ်ဝင်စားတတ်တဲ့သူတွေ မဟုတ်ဘူး။ မလိုအပ်တဲ့ ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းနဲ့ပတ်သက်တဲ့ ကျွန်တော့်ရဲ့ စိတ်ကူးကတော့ ဘူဖေးသွားစားတာပါပဲ။ ကျွန်တော် ချာချာလည်မူးတဲ့ အချိန်ကတော့ အိမ်ပြန် နောက်ကျတဲ့အခါမှာ ကျွန်တော့်အိမ်ထဲက ရေခဲသေတ္တာထဲမှာ ဂရိတ်ဖရု ဖျော်ရည်ပုလင်းက ကျန်နေဆဲပဲဆိုတာ သိလိုက်ရတဲ့ အချိန်ပါပဲ။ ကျွန်တော်က အားကစားရုံထဲ သွားပြီဆိုရင်လည်း သက်ရှိသတ္တဝါတစ်ကောင် တစ်မြီးနဲ့မှ စကားပြောတာ မဟုတ်ဘူး။ အားကစားရုံထဲက လူတွေက ကျွန်တော့်ထက် သေးပေမယ့် ကျွန်တော့်ထက် တောင့်တောင့်တင်းတင်း ရှိကြတယ်။ ဒီတော့ ကျွန်တော် သူတို့ကို အလိုလိုကြောက်နေမိတယ်။ ပြီးတော့ ကျွန်တော်ကလည်း သူတို့ကို အလိုလိုမုန်းတီးနေမိတယ်။ ဒါပေမယ့် ကျွန်တော့်ထက်တောင် သေးကွေး ပိန်လှီးလှတဲ့ သူတွေလည်းရှိပါတယ်။ ဒါပေမယ့်လည်းဗျာ ကျွန်တော့်လို အီးဘော လောတစ်ယောက်ကို ဘယ်သူကလာပြီး စကားပြောချင်မှာလဲ။

ဒီတော့ ကျွန်တော်လည်း အိမ်မှာပဲ လေ့ကျင့်ခန်း လုပ်တော့မယ်လို့ စိတ်ကူးပေါက်မိတယ်။ ဒါပေမယ့်လည်း အချိန်ကြာကြာတော့ မလုပ်နိုင်ဘူးပေါ့။ **ကိုယ့်အိမ်ထဲမှာကိုယ် အားစိုက်ထုတ်ပြီး လေ့ကျင့်ခန်းလုပ်ရတာဆိုတော့ ကျွန်တော့်** အဖြစ်က ကိုယ့်ကိုယ်ကို သရော်သလို ဖြစ်နေပြန်တယ်။ ဒီတော့ ကုတင်ပေါ်မှာ ထိုင်ပြီး ဘီယာသောက်သလို ဖြစ်နေတာပေါ့။ ကျွန်တော့်စိတ်ရင်းအမှန်ကလည်း

အိမ်က အပိုအလုပ်မှန်သမျှ၊ အိမ်သန့်ရှင်းရေးကအစ တစ်ခုမှ လုပ်ချင်တဲ့ကောင် မဟုတ်ဘူး၊ ကျွန်တော့်အိပ်ခန်းထဲက မီးသီးကျွမ်းသွားတုန်းကဆိုရင် ကျွန်တော့် ခုတင်ကို မီးဖိုချောင်ထဲရွှေ့ပြီး ရေခဲသေတ္တာထဲက ဝါကျင်ကျင်မီးသီးလေးနဲ့ စာဖတ်ခဲ့တာ တစ်လလောက်တောင်ကြာတယ်။ ကျွန်တော် ရေခဲသေတ္တာကြီး အနားမှာ အိပ်ရတာကိုလည်း သက်တောင့်သက်သာဖြစ်နေမိတယ်။ တစ်ခါက ဆိုရင် ကျွန်တော် ရေခဲသေတ္တာမပိတ်ဘဲ အိပ်ပျော်သွားလိုက်တာ မျက်လုံးတွေပါ ရေခဲပြီး လျှာကြီးကလည်း တန်းလန်းအေးခဲနေရင်းနဲ့ အိပ်ရာကနေ နိုးလာခဲ့ရ တယ်။

**(ခုတင်တစ်ခုလုံး မီးဖိုချောင်ထဲကို ရွှေ့ရတဲ့ အလုပ်က မီးသီးလဲလိုက်တာ** ထက်တောင် ပိုပြီး အလုပ်ရှုပ်နေသေးတယ်လို့ ကျွန်တော့်ကိုပြောရင် ပြောကြ လိမ့်မယ်။ သူတို့က အဲဒီလိုပြောမယ်ဆိုရင်လည်း မှားတယ်လို့ ကျွန်တော် မဆိုချင်ပါဘူး။ ကျွန်တော်ဆိုလိုချင်တဲ့ အဓိပ္ပာယ်က တစ်မျိုးဖြစ်နေလို့ပါ။ ကျွန်တော်ကလည်း ကိုယ်အပျင်းကြီးတဲ့ကိစ္စကို ဖုံးဖုံးဖိဖိထားတတ်တဲ့လူမျိုး မဟုတ်ဘူးလေ)

**အခုဆိုရင် ကိုယ့်အိမ်မှာကိုယ် လေ့ကျင့်ခန်းလုပ်နိုင်မယ့် ထုတ်ကုန်ပစ္စည်း** တွေကလည်း ကျွန်တော်တို့အလွယ်တကူ ဝယ်ယူရရှိနိုင်နေပါပြီ။ ကျွန်တော့်မှာ ရှိတဲ့ ကောင်းကွက်လေးတစ်ခုကတော့ စွဲစွဲမြဲမြဲ မလုပ်ချင်တဲ့အကျင့်လေး တစ်ခုပါ။ ကျွန်တော်က စိတ်ဓာတ်တွေဘာတွေ ခိုင်မာဖို့ထက်စာရင် စည်းစိမ် ဥစ္စာခိုင်မာဖို့ကို ပိုပြီး စိတ်ဝင်စားတယ်လေ။ အိမ်မှာ လေ့ကျင့်ခန်းလုပ်လို့ရနိုင်တဲ့ အားကစားလေ့ကျင့်ခန်းပစ္စည်းတွေကို အိမ်တိုင်ယာရောက် လာပို့ပေးကြတာပဲ။ မှာမယ်ဆိုရင်ပေါ့လေ။ ဒါပေမယ့် သူတို့လာပို့တဲ့ အချိန်က ညဥ့်နက်မှ လာပို့တတ် ကြတာ။ ညကျမှ လာပို့တဲ့ ပစ္စည်းတွေကို ကျွန်တော်က သံသယဖြစ်တတ်တယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီလိုအချိန်မျိုးတွေမှာ ကျွန်တော်က တော်တော်မူးနေပြီ ဖြစ်လို့ပါပဲ။

အိမ်တိုင်ယာရောက်လာပို့ပေးပြီး ရောင်းချတဲ့လူအများစုက အမေရိကန် တွေ ဖြစ်နေကြတယ်။ ဘာကြောင့်လဲဆိုတော့ အမေရိကန်တွေက သူတို့ရဲ့ ပစ္စည်းတွေကို ဘယ်လိုရောင်းထွက်အောင် လုပ်ရမလဲဆိုတာ ကောင်းကောင်းကြီး သိကြလို့ပါ။

http://www.cherrythitsar.org



ကျွန်တော်ကိုယ်တိုင်ကလည်း အိမ်တိုင်ယာရောက် လာပို့ပြီးရောင်းတဲ့ အားကစားထုတ်ကုန်ဈေးကွက်တွေရဲ့ ဆွဲဆောင်မှုညွှတ်ကွင်းထဲကို ကောင်းကောင်းကြီးမျောပါသွားခဲ့ဖူးတယ်။ တစ်ညမှာတော့ ကျွန်တော်ဟာ အမ်စတာဒမ်ကို လုပ်ငန်းကိစ္စတစ်ခုအတွက် လေယာဉ်နဲ့ သန်းခေါင်ကျော်အချိန်ကြီး ခရီးထွက်ခဲ့ရတယ်။ ကျွန်တော်ဟာ တခြားသူတွေလိုပဲ အလုပ်ကို အချိန်ဆွဲပြီး လုပ်တတ်တဲ့သူတွေထဲက တစ်ယောက်လို့ ကျွန်တော့်ကို ထင်နေကြလိမ့်မယ်။ ကျွန်တော် အမ်စတာဒမ်ကိုရောက်ရင်လည်း ဟိုတယ်ခန်းထဲကနေ ထွက်မှာမဟုတ်ဘူးလို့ ကျွန်တော့်ကို ထင်ကြလိမ့်မယ်။ ကျွန်တော် ဟိုရောက်တော့ ဟိုတယ်ခန်းထဲမှာ မနေဘဲ မီနီဘားထဲကိုသွားပြီး အလုပ်လုပ်မယ်လို့ ကြေညာလိုက်တယ်။ ပြီးတော့ ဒတ်ချ်ရုပ်မြင်သံကြားလိုင်းတွေကို ကျွန်တော် လျှောက်ဖွင့်ကြည့်လိုက်တယ်။ သန်းခေါင်ကျော်အချိန် ဒတ်ရုပ်သံလိုင်းမှာ ဘာတွေတွေ့ရလိမ့်မယ်လို့ မိတ်ဆွေထင်ထားပါသလဲ။ အိမ်မှာ လေ့ကျင့်ခန်းလုပ်လို့ရမယ့် အီတလီ ထုတ်ကုန်ပစ္စည်းတွေကို တွေ့ရလိမ့်မယ်လို့များ ထင်ထားသလား။

ကျွန်တော် တွေ့လိုက်ရတာကတော့ ပညာရေးနဲ့ပတ်သက်တဲ့ ပို့ချချက်တွေပါပဲ။ တောင်အာဖရိကနိုင်ငံသားတွေက ဗာရီမတ်ခ်ရဲ့ အရိုန်အဝါတွေအောက်မှာ ပျော်ပျော်ကြီးရှိနေချိန်မှာ အီတလီတွေက တဲလ်ဆဲလ်တွေကို သဘောကျနေကြတယ်။ အီတလီတွေကတော့ ဗွီဘာရီမက်စ်လို့ခေါ်တဲ့ ထုတ်ကုန်တစ်မျိုးကို အစွဲကြီး စွဲနေကြတယ်။

**ဗွီဘာရီမက်စ်ဆိုတာက စက်တစ်မျိုးပါပဲ။ အဲဒီစက်မျိုးကိုတော့ ကျွန်တော်**တို့ ကမ္ဘာသူ ကမ္ဘာသားတော်တော်များများ မေ့လျော့နေကြပါပြီ။

**ဗွီဘာရီမက်က ကျွန်တော်တို့ရဲ့ ခါးတွေနဲ့ပေါင်တွေမှာ ရှိနေတဲ့ အဆီတွေကို** လျှော့ကျသွားအောင် တုန်ခါပေးတဲ့ စက်တစ်မျိုးပါ။ စက်မှာပါတဲ့ သားရေနဲ့ ခါးကိုပတ်ပြီး စက်ကိုဖွင့်ရပါတယ်။ ပေါင်အဆီကျချင်ရင်လည်း အလားတူ လုပ်ရပါတယ်။ အသက်ကြီးကြီးအီတလီ အမျိုးသမီးကြီးတစ်ဦးက ကျွန်တော်တို့ကို အဲဒီစက်အကြောင်းပြောပြတယ်။ သူမရဲ့ ဆံပင်အရောင်ကလည်း လိမ္မော်ဝါရောင်၊ မျက်ခွံဆိုးထားတာကလည်း ထူပျစ်နေတာပဲ။ သူ့ပုံက ဝေလငါးသတ်သမားတစ်ယောက်နဲ့ တူနေတယ်။ ကျွန်တော်က နှိမ်ချပြီးပြောတာမဟုတ်ပါဘူး။ ဒါပေမယ့် သူမရဲ့ပုံစံကဲ့ တော်တော်ကြောက်စရာ ကောင်းနေတယ်။

အဲဒီအမျိုးသမီးကြီးက မနက် ၂ နာရီထိုးအချိန်ကြီးမှာ ဒတ်ချ်ရုပ်သံ အရိုက်ခံနေရတဲ့အတွက် အလွန်ပဲ ဝမ်းသာဂုဏ်ယူနေတဲ့ပုံစံမျိုးပေါက်နေပါတယ်။ စိတ်တွေလည်း လှုပ်ရှားနေပုံပဲ။ တင်ပါးကြီးကြီးနဲ့ မိန်းကလေးတစ်ယောက်ကို ဝါးရင်းတုတ်နဲ့ ရိုက်တဲ့အခါမှာ ဖြစ်နေတဲ့ စိတ်လှုပ်ရှားပုံမျိုး သူမရဲ့ မျက်နှာမှာ တွေ့နေရတယ်။

ကျွန်တော့်မှာတော့ ရုပ်မြင်သံကြားကိုကြည့်နေရင်း ယဉ်ကျေးမှုကွာခြားချက်တွေကြောင့် စိတ်ကသိကအောင့် ဖြစ်နေမိတယ်။ သူတို့ဆီမှာက အသက်ကြီးကြီးမိဒယ်တွေကိုပဲသုံးတယ်။ အမေရိကန်တွေကတော့ အသက်ငယ်ငယ်မိဒယ်တွေကိုပဲ သဘောကျကြတယ်။ ကျွန်တော်ပြောနေတာတွေက သူတို့ရဲ့ ထုတ်ကုန်ပစ္စည်းကြော်ငြာတဲ့နေရာမှာ သုံးတဲ့သရုပ်ပြမိဒယ်တွေကို ပြောတာနော်။ တကယ်လို့များ အီတလီတွေက အသက်ငယ်ငယ် မိဒယ်တွေကိုသာ တခြား ကြော်ငြာလုပ်ငန်းတွေမှာ သုံးမယ်ဆိုရင်တော့ မတွေးဝံ့စရာပါပဲ။ အထူးသဖြင့် တစ်နယ်တခြားက ဟိုတယ်တစ်ခုမှာ သန်းခေါင်ကျော်အချိန်ကြီး ရုပ်သံကြည့်နေရတဲ့ အခါမျိုးမှာပေါ့။ အထူးသဖြင့် အဲဒီအချိန်မျိုးက ပိုက်ဆံပေးပြီး ကြည့်ချင်တာတွေကို ကြည့်လို့ရနေတဲ့အချိန်လေ။

“တကယ်လို့သာ လူကြီးမင်းတို့အနေနဲ့ ဒီစက်ကို အလွန်အကျွံ သုံးစွဲ မယ်ဆိုရင်တော့ နာကျင်တဲ့ဝေဒနာ ခံစားလာရပါလိမ့်မယ်“လို့ အီတလီ အမျိုးသမီးကြီးက ဆိုပြန်တယ်။ အမျိုးသမီးကြီးက သားရေပတ်ကို ခါးအောက်တော်တော်ကျတဲ့အထိ လျော့ချပြီး စက်ကို အသုံးပြုမယ်ဆိုရင်ဖြစ်တတ်တဲ့ သဘာဝတွေကို ပြောပြနေတာပါ။ အဲဒီအချိန်မှာ ကလေးငယ်လေးတစ်ယောက်က သားရေပတ်ကို မျက်နှာမှတပ်ပြီး ဟန်ပြပါတယ်။ အမျိုးသမီးကြီးက “ဒီစက်ဟာ မျက်နှာအကြောတွေ လျှော့တဲ့နေရာမှာလည်း အလွန်ကောင်းမွန်ပါတယ်ရှင်”လို့ ကြေညာတယ်။

အမျိုးသမီးက ဗွီဘာရိုမက်ဟာ အကြီးအငယ်အရွယ်အလတ်မရွေး အားလုံးအတွက် သင့်တော်လှသလို အကျိုးလည်းရှိတဲ့ စက်ဖြစ်ကြောင်း အားရအောင် ကြော်ငြာပြီးတဲ့အခါ “ကျေးဇူးကြီးလှပါပေရဲ့ ဗွီဘာရိုမက်ရယ်၊ ကျွန်မလည်း ဒီနေ့ကစပြီး လူကြီးမင်းတို့ကို မျက်လုံးအသစ်နဲ့ ကြည့်ပါတော့မယ်ရှင်”ဆိုပြီး ဘာမဆိုင်ညာမဆိုင် နိဂုံးချုပ်သွားတယ်။

http://www.cherrythitsar.org



ဒီကြော်ငြာကို ကြည့်ပြီးတဲ့အခါကျမှပဲ ကျွန်တော့်ရဲ့ အိမ်သုံးအားကစား ပစ္စည်းတွေကို ဝယ်ချင်နေတဲ့ရောဂါက သက်သာသွားတော့တယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ ညီအစ်ကို မောင်နှမတွေကတော့ ရောဂါထနေတုန်းပဲ။ ကျွန်တော်က အားနည်းတယ်။ သန်သန်မာမာ မရှိလှဘူးလို့ ပြောတာပါ။ ကျွန်တော့်ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ကြွက်သားတွေကို အပိုအလိုမရှိ ကျစ်ကျစ်လစ်လစ် တောင့်တောင့်တင်းတင်း ဖြစ်စေချင်တာကလည်း အလွန်အမင်းပဲ။ ကျွန်တော့်ကိုယ် ကျွန်တော် သူများနဲ့မတူအောင် လုပ်ချင်နေတာကိုက ကျွန်တော့်ရဲ့ အကျင့်လို ဖြစ်နေတာ။

အဲဒီလို လေ့ကျင့်ခန်းလုပ်ရတာက ခတ်စာ စားရတာထက်တောင် ပိုပြီးဆိုးလှတယ်။ ကျွန်တော်က ခတ်စာစားတယ်လို့ ပြောပြခွင့်ရတဲ့အတွက် သိပ်ပြီး ဂုဏ်မယူချင်ပါဘူး။ ကျွန်တော် ခတ်စာစားရတဲ့အကြောင်းအရင်းက ဘာရည်ရွယ်ချက်အတွက်မှ မဟုတ်ပါဘူး။ ကျွန်တော်တို့ရပ်ကွက် ပလာဇာက စားသောက်ဆိုင်ကို ငွေဖြတ်ပိုင်းတပ်ထားတဲ့ သမင်သားတွေကို ကျွန်တော် မစားချင်လို့ကို အသားရှောင်ရတာ။ သူတို့စားသောက်ဆိုင်မှာ အဲဒီသမင်သားတွေ လာသွင်းနေသမျှ ကာလပတ်လုံး ကျွန်တော် ခတ်စာချည်းစားပြီး နေနိုင်တယ်။

**အခုထက်ထိတော့ ကျွန်တော့်အတွက် စိတ်မကောင်းစရာတွေ ကြုံလာနေ**ဆဲပါ။ တစ်ညမှာတော့ ကျွန်တော်ဘီလိယက်ဘားတစ်ခုကိုသွားပြီး ဘီယာ အပျော့စားသွားသောက်နေမိတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော့်ခေါင်းဟာ ကြည်လင်လာတယ်။ (အဲဒီ ဘီလိယက်ဘားမှာ ကလျာဆိုတဲ့ စားပွဲထိုးမိန်းကလေး တစ်ယောက်ရှိတယ်။ ကျွန်တော်ပြောနေတဲ့အထဲမှာ အဲဒီကောင်မလေးအကြောင်း မပါဘူးနော်)

**ကျွန်တော် အဓိကဆိုလိုရင်းက လူတစ်ယောက်ရဲ့ ခံစားမှုအနိမ့်ဆုံးအခြေ**အနေအထိ ရောက်သွားတဲ့အခါမျိုးမှာ ဝင်လာတတ်တဲ့ ကြည်လင်မှုမျိုးပါ။

ငါဘာတွေ လုပ်နေတာလဲလို့ ကျွန်တော် တွေးနေမိတယ်။ ဒီဘီယာက ငါ့စိတ်ကို အမှန်တကယ် ပျော်ရွှင်စေနိုင်ပါ့မလား။ စည်ပိုင်းတစ်ခုအကြောင်း စဉ်းစားရမယ့်အစား ဗိုက်ခေါက်ခြောက်ထပ်ထုတဲ့အကြောင်း ငါ စိတ်ကူးယဉ်နေတာလား။ ငါစဉ်းစားနေတာက ငါ့ရဲ့ ကန္တာရဆင်ကြီးအကြောင်းလား။ ငါ

http://www.cherrythitsar.org



အနေနဲ့ ငါ့ရဲ့အရှုတ္တဥခွံကို မလွတ်တမ်း ဆုပ်ကိုင်ထားရမှာလား။ ငါ ရှုံးနိမ့်နေတာကို လိပ်ပြာသန့်အောင် လုပ်ရမှာလား။

ဒီလောက်နဲ့တော်တာပဲ ကောင်းလိမ့်မယ်လို့ ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ ကိုယ့်ကိုယ်ကို နှိပ်စက်ညှင်းပမ်းသလို လုပ်နေတာတော်လောက်ပြီလို့ ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်တယ်။ ငါ့ရဲ့ ဗိုက်ခေါက်ထူကြီးကို မချပ်ချပ်အောင်လို့ စည်းနှောင်ထားတာတွေ၊ ဖုံးကွယ်ထားတာတွေ တော်လောက်ပြီ။ (ဒါနဲ့ စကားမစပ် ပြောရဦးမယ်၊ မိတ်ဆွေတို့ရဲ့ ဆူဖြိုးနေတဲ့ ဝမ်းဗိုက်တွေကို ဗိုက်စည်းစည်းထားတဲ့အခါ သင့်ရဲ့ အဆူဖြိုးဆုံးအပိုင်းက အပြင်ကို ထွက်နေတတ်လား၊ လုံလုံခြုံခြုံရှိမှရှိကြရဲ့ကလား။ ကျွန်တော် မေးတာကို မဖြေချင်ရင်လည်း မဖြေကြပါနဲ့။ ကျွန်တော့်အတွက် ပြဿနာမရှိပါဘူး။)

ကျွန်တော်က လူတစ်ယောက်ပါ။ ဒီတော့ ကျွန်တော့်ဘာသာ ကျွန်တော် ဗိုက်ပူတာ မပူတာက ကျွန်တော့်ရဲ့ မွေးရာပါအခွင့်အရေး တစ်ခုပဲလေ။ ကျွန်တော့်ရဲ့ ဗိုက်ကြီးက နှစ်ယောက်ချိုးရေချိုးကန်လိုဖြစ်ရင် ဖြစ်နေပါစေ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ။ ပြီးတော့ ကျွန်တော်နေထိုင်တဲ့နေရာက ပင်လယ်ကမ်းခြေတွေနဲ့ မိုင်ထောင်ပေါင်းများစွာ ဝေးတဲ့နေရာဖြစ်နေတဲ့အတွက် ကျွန်တော့်အနေနဲ့ အင်္ကျီပွပွတွေ အမြဲဝတ်ထားလို့ ရတယ်လေ။

ကျွန်တော် ဒီလိုပြောနေရတာတွေကလည်း ကိုယ့်ရဲ့အားနည်းချက်ကို အတတ်နိုင်ဆုံး ကာကွယ်ပြီး ပြောနေတာပါ။ ဒါပေမယ့် ကျွန်တော်ကာကွယ်ပြီး ပြောနေတာတွေက လွန်သွားရင် လွန်ကဲသွားလိမ့်မယ်။ ဒါပြဿနာတော့ မရှိပါဘူး။

ဒီလို ဗိုက်ကြီးတွေ ဖြစ်လာတဲ့အကြောင်း သမိုင်းတွေဘာတွေတောင် ဖြစ်ရင် ဖြစ်လာနိုင်တယ်။ ဒီတော့ “ကျွန်တော်တို့ ဘီယာသောက်တယ်။ ဒီမှာရှိတယ်၊ နေရာတိုင်းမှာရှိတယ်၊ ကျွန်တော်တို့ကို ခင်မင်ကြပါ” ဆိုတဲ့ စာသားကို မိတ်ဆွေတို့လည်း ကျွန်တော်နဲ့အတူ လိုက်ဆိုပေးကြပါ။

*

# သုံးသပ်ချက်

ကျွန်တော် မိတ်ဆွေတို့နဲ့ လမ်းခွဲရမယ့်အချိန်က နီးလာပါပြီ။ အို မငိုကြနဲ့လေ။ ဘဝဆိုတာ ဒီလိုပဲမဟုတ်လား။ တွေ့ဆုံကြုံကွဲ ရှိစမြဲပဲလေ။ နှင်းဆီပန်းတွေကလည်း သူတို့ရဲ့အလှအပတွေကို စွန့်လွှတ်ကြရတာပဲ မဟုတ်လား။ ဘီဗာဖျံတွေကလည်း သစ်ပင်ကြီးတွေကို ဝါးစားကြတာပဲ မဟုတ်လား။ တစ်နေ့နေ့မှာလည်း ကျွန်တော်တို့ ပုံမှန်တွေ့နေကျလူတစ်ယောက်ကို နေရာမှာ မတွေ့ရတော့တာမျိုးလည်း ကြုံကြရမှာပဲ။ အဖြစ်အပျက်တွေမှန်သမျှမှာ သူ့အကြောင်းနဲ့သူ ရှိစမြဲမဟုတ်လား။ အရာခပ်သိမ်းအတွက် သူ့ရာသီနဲ့သူ ရှိတယ်လေ။ ဆောင်းဦးပေါက်လေရဲ့ လေပြည်ညင်းအရသာကို ကျွန်တော် ခံစားခဲ့ဖူးတယ်။ ပြီးတော့ ဒီစာအုပ်နဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်ဆက်ပြီး ပေမရှည်ချင်တော့ဘူး။ ဆိုလိုတာက ကျွန်တော်အမြွတ်များများစားစား မလိုချင်တော့ဘူး။ ကဖေးဆိုင်ထောင့်မှာ ထိုင်နေတဲ့သူတွေ နေရာကထလာပြီး ကျွန်တော်စီးကရက်တွေကို တောင်းမသောက်ခင်မှာ ကျွန်တော်တခြားအလုပ် တစ်ခုခုလုပ်မှဖြစ်တော့မယ်။

တစ်ခါတလေမှာ စကြဝဠာကြီးက အလွန်ကိုနားလည်ရခက်တဲ့ နည်းလမ်းမျိုးတွေ ကျင့်သုံးတတ်တယ်။ ကျွန်တော့်ဘေးအိမ်မှာနေတဲ့ အဘိုးကြီးတစ်ယောက်ရှိတယ်။ အဲဒီအဘိုးကြီးဆီက ရေခဲတွေဘာတွေ ကျွန်တော်မတောင်းဖူးပါဘူး။ သူ့ရဲ့တနင်္ဂနွေနေ့ထုတ် သတင်းစာကိုလည်း တစ်ခါမှခိုးမဖတ်ဖူးပါဘူး။ ကျွန်တော့်ဘေးအိမ်မှာနေတဲ့ အဘိုးကြီးက တနင်္ဂနွေနေ့ထုတ် သတင်းစာ မယူဘူးလေ။

ကျွန်တော် အဲဒီအဘိုးကြီးနဲ့ တစ်ခါမှလည်း လေကြောမရှည်ဖူးဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကျွန်တော်က အဲဒီအဘိုးကြီးကို ခပ်ကြောင်ကြောင်အဘိုးကြီးလို့ သတ်မှတ်ထားတာ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအဘိုးကြီးက တကယ့်ငန်းလောက်ရှိတဲ့ ငန်းရုပ်တွေကို သူ့ခြံထဲမှာထားပြီး တစ်ခါတလေမှာ အဲဒီငန်းရုပ်တွေကို သူက အစာကျွေးရင်ကျွေးနေတာကိုး။

ဆောင်းညတွေမှာဆိုရင် ကျွန်တော်က အမြဲကော်ဖီသောက်တတ်တယ်။ အမှန်မှာတော့ စွပ်ပြုတ်လေးဘာလေးသောက်မယ်ဆိုရင်တော့ ပိုကောင်းတာပေါ့လေ။ တချို့ညတွေမှာ ကျွန်တော်က ညဉ့်နက်တဲ့အထိ အလုပ်လုပ်တတ်တယ်။

တစ်ညမှာတော့ သန်းခေါင်ကျော်အထိ အလုပ်လုပ်နေရင်းနဲ့ တစ်ဖက်ခြံကို လှမ်းကြည့်လိုက်တော့ အဘိုးကြီးရဲ့ ငန်းရုပ်တွေကို ခြံပုတ်တစ်ခုအောက်မှာ တွေ့ရတယ်။ တစ်ခါတလေမှာ ဆိုရင်လည်း အဘိုးကြီးဟာ သူ့ရဲ့ငန်းတွေကို ရယ်စရာကောင်းလောက်တဲ့ ပုံမျိုးနဲ့ ခြံထဲမှာတမင်လုပ်ရင် လုပ်ထားတတ်တယ်။

သူ့ငန်းတွေကို ပုံစံအမျိုးမျိုးလုပ်နေရတာကို အဘိုးကြီးက ဘယ်တော့မှ မညည်းငွေ့ဘူး ထင်ပါရဲ့ဗျာ။ တစ်ခါတလေမှာဆိုရင် “ဘယ်ကောင်လဲကွ၊ ငါ့ငန်းတွေကို အနှောင့်အယှက်ပေးနေတာ”ဆိုပြီး အော်ရင် အော်နေသေးတယ်။ သူ့ပုံစံက ကျွန်တော့်အတွက်တော့ ပြုံးစရာတစ်ခုလိုပါပဲ။ ပြီးတော့ ကျွန်တော်နဲ့ အဲဒီအဘိုးကြီးရဲ့ကြားမှာ ဆက်စပ်စရာဆိုလို့ သိပ်ပြီး များများစားစား မရှိတာပဲ။ တစ်ခါတလေမှသာ ကျွန်တော်တို့ခြံစည်းရိုးစပ်မှာဆုံရင်း တစ်ယောက်ကိုတစ်ယောက် ခေါင်းညိတ်နှုတ်ဆက်ပြတာလောက်ပဲရှိတာ။ “မနေ့ညက လမ်းထဲမှာ ကြောင်တွေရန်ဖြစ်နေတာ မောင်ရင် ကြားမိလား”ဆိုတဲ့ စကားမျိုးလောက်ပဲ ပြောဖြစ်ကြတာ။

သူက အဲဒီလိုမေးရင် ကျွန်တော်ကလည်း “မကြားမိဘူး”ဆိုတာလောက်ပဲ ဖြေဖြစ်တာ။

ကျွန်တော်က အဲဒီလိုဖြေရင် အဘိုးကြီးက မျက်မှောင်ကြီးကြုတ်ပြီး “မောင်ရင်က တစ်ချိန်လုံး သီချင်းတွေကိုပဲ ဖွင့်နားထောင်နေလို့ မကြားတာဖြစ်မှာ”လို့ ကျွန်တော့်ကို ပြန်ပြောတတ်တယ်။ သူက ဒီလောက်ပြောပြီးရင် တစ်ဖက်လှည့်သွားပြီး ခြံတံခါးကို ပိတ်လိုက်တော့တာပဲ။ ကျွန်တော် အဲဒီအဘိုးကြီးကို လုံးဝ ကြည့်လို့မရဘူးဆိုတာကို အခုမှပဲ သေသေချာချာ ပြန်စဉ်းစားမိဖြစ်တော့တယ်။ ဒါပေမယ့်လည်း ကျွန်တော် ဒီစာအုပ် ရေးနေစဉ်အချိန်အတွင်းမှာ စပ်စပ်စုစုဖြစ်လောက်စရာအဖြစ် တစ်ခု ဖြစ်သွားခဲ့တယ်။

တစ်ညနေမှာ အဘိုးကြီး ခြံထဲဆင်းလာတာကို ကျွန်တော်တွေ့လိုက်ရတယ်။ သူက စာအုပ်တစ်အုပ်ကိုကိုင်ပြီး သူ့ရဲ့ ငန်းရုပ်တွေကို စာတွေ အကျယ်ကြီး ဖတ်ပြနေတယ်။ ကျွန်တော် မှတ်မိသလောက်ဆိုရရင် အဘိုးကြီး ငန်းတွေကို ဖတ်ပြနေတဲ့စာအုပ်က “မော်ရီနှင့်အင်္ဂါနေ့များ”ဆိုတဲ့ စာအုပ်ပဲ။

**ဒီလောက်ပဲ လှမ်းကြည့်လိုက်ပြီး ကျွန်တော်လည်း အိမ်ထဲမှာ ပြန်ကုပ်နေ**လိုက်တယ်။ ဒါပေမယ့်လည်း အဘိုးကြီးကို ပြန်မကြည့်ဘဲနဲ့ မနေနိုင်ပါဘူး။

http://www.cherrythitsar.org



ကျွန်တော်ဘေးအိမ်က အဘိုးကြီး (သူ့နာမည်ကို ဘီလ်လို့ပဲ လွယ်လွယ်ခေါ်ကြပါစို့ဗျာ) က ခြံစည်းရိုးပေါ်ကို မေးတင်ပြီး ကျွန်တော်ထွက်အလာကို စောင့်နေတဲ့ပုံပဲ။ ကျွန်တော့်ကိုလည်း အမြဲစောင့်ကြည့်နေတဲ့ပုံစံမျိုး ရှိတယ်။

တစ်ရက်မှာတော့ ပုလင်းအလွတ်တွေထည့်ထားတဲ့ ကတ်ပုံးကြီးတစ်ခု ကျွန်တော်သယ်လာတာကို အဘိုးကြီးတွေ့သွားတယ်။

"ဟေ့၊ မောင်ရင်လေး။ ဒီကိုလာပြီး လက်ဖက်ရည်လေးဘာလေး သောက်ပါဦးလားကွ"လို့ သူက ကျွန်တော့ကို ပြောတယ်။

"လက်ဖက်ရည် ဟုတ်လား"

"အင်း ဒါဆိုလည်း ဝီစကီလေးဘာလေး လာသောက်ပါဦးကွ။ အင်္ဂါနေ့မှာ သောက်ကြမလား။ ငါ့အထင်ပြောရရင်တော့ကွာ ငါတို့အားလုံးဟာ အင်္ဂါနေ့ လူသားတွေပဲ မဟုတ်လား"ဆိုပြီး သူက ကျွန်တော့်ကတ်ပုံထဲက ပုလင်းအလွတ်တွေကို အလစ်မှာခိုးကြည့်ပြီး ပြောတယ်။

အမှန်အတိုင်းဆိုရရင် ကျွန်တော့်အနေနဲ့ ဘီလ်ရဲ့အိမ်ကို သွားလည်ဖို့ အစီအစဉ်မရှိခဲ့ပါဘူး။ ဒီလိုနဲ့ပဲ နောက်ထပ်အင်္ဂါနေ့ကို ရောက်လာတယ်။ အဲဒီနေ့မှာတော့ ကျွန်တော်လည်း အခု ဒီစာအုပ်ကို ဘယ်လို အဆုံးသတ်ရင် ကောင်းမလဲဆိုပြီး စဉ်းစားနေရင်းနဲ့ ခြံထဲမှာ မြက်ရိတ်နေမိတယ်။ နိဂုံးတွေ အဖြေတွေကို တောင်းဆိုလွန်းတယ်လို့ ကျွန်တော်အမြဲခံစားရတယ်။ အဖြေရယ်လို့ မဟုတ်ရင်တောင် ဖြေရှင်းချက်လေးတော့ ပေးရတာပဲ။ ခက်တာက ကျွန်တော့်မှာ ဒီစာအုပ်ကိုရေးသာ ရေးနေရတယ်၊ အဖြေလည်းမရှိဘူး။ ဖြေရှင်းစရာလည်း မရှိဘူး ဖြစ်နေတယ်။ ဒီလိုဖြစ်ရတာကလည်း ကျွန်တော်က အဖြေရှာဖို့ အပျင်းကြီးနေလို့ မဟုတ်ဘူး။ ပြီးတော့ အဖြေတွေ ဖြေရှင်းချက်ဆိုတာတွေက ဒီကမ္ဘာလောကကြီးမှာ အရေးပါမပါဆိုတာကြောင့်လည်း မဟုတ်ဘူး။ သင့်ရဲ့ အချွတ္တာဥခွံကို နားကပ်ထားကြည့်လိုက်ပါလား။ ခပ်တိုးတိုးနဲ့ ခပ်ဖွဖွအသံလေးတွေ ကြားလာရလိမ့်မယ်။ အဲဒီအသံက ဝီစကီပုလင်းထဲမှာ ဝီစကီတွေ ပုတ်ခတ်နေတဲ့ အသံလောက် ညင်သာတယ်။ အဲဒီအသံလေးက ကျွန်တော့်ကို ဘာတွေ ထပ်တလဲလဲ ပြောနေသလဲဆိုတော့ "အဖြေမရှိဘူး၊ အဖြေမရှိဘူး"လို့ ပြောနေတယ်။

(ကျွန်တော် ဝီစကီပုလင်းကိုလှုပ်ပြီး နားနဲ့ကပ်ပြီး နားထောင်တဲ့အခါမှာတော့ "ကျွန်တော့်ကိုသောက်ပါ၊ ကျွန်တော့်ကိုသောက်ပါ"ဆိုတဲ့ အသံကြားရတယ်။ ဒီလိုပဲ ဖြစ်မှာပါလေ)

ကျွန်တော် ဒီလိုနဲ့ ဝီစကီအကြောင်း နိဂုံးအကြောင်း စဉ်းစားရင်း စဉ်းစားရင်းနဲ့ သတိဝင်လာလို့ ကြည့်လိုက်တော့ ကျွန်တော်ဟာ ဘီလ်ရဲ့အိမ်တံခါးဝကို ရောက်နေတယ်ဆိုတာ သတိထားမိလိုက်တော့တယ်။ ဘီလ်ဟာ အဝတ်အစား ဖရိုဖရဲနဲ့ သူလမ်းလျှောက်ရင်း အားပြုနေကျ တုတ်ကောက်ကိုကိုင်ပြီး ကျွန်တော့်ဆီ လျှောက်လာတယ်။

"လာလေ။ မောင်ရင် အသံဖမ်းစက်ပါလာရဲ့လား။ မပါရင်လည်း ပြဿနာမရှိပါဘူး။ စာနဲ့ပဲ ရေးပြီးမှတ်ပေါ့ကွာ"လို့ သူက ကျွန်တော့်ကို ပြောတယ်။

ဘီလ်ရဲ့ စီမံကိန်းကတော့ ရှင်းတယ်။ သူဟာ သူ့ကိုယ်ပိုင်အသိပညာတွေကို ကမ္ဘာတစ်ခုလုံး ပျံ့နှံ့အောင်လုပ်ဖို့ ရည်ရွယ်ထားတာကိုး။ သူဟာ ပက်လက်ကုလားထိုင်မှာ အားပြုမှီချလိုက်ပြီး သူ့ရဲ့ လက်နှစ်ဖက်ကို ယှက်ပြီး မျက်နှာကျက်ကိုကြည့်နေရင်းနဲ့ နက်နက်နဲနဲ စဉ်းစားခန်း ဝင်နေတယ်။

"ငါ အမြဲစဉ်းစားနေတာ ဘာလဲ၊ မင်းသိလား။ ငါ စဉ်းစားနေမိတာက ငါတို့ဟာ သူတစ်ပါးအပေါ်မှာ ခွင့်လွှတ်တတ်တဲ့စိတ်မျိုး မထားခင်မှာ ကိုယ့်ကိုယ်ကို ခွင့်လွှတ်တတ်တဲ့စိတ် အရင်မွေးဖို့လိုတယ်ကွ။ ငါတို့အနေနဲ့ အတိတ်ကို အတိတ်လို့ပဲ ခံယူထားကြရမယ်။ ကိုယ်လုပ်နိုင်တာကိုလည်း လက်ခံရဲရမယ်။ ကိုယ်မလုပ်နိုင်တာကိုလည်း ခံယူရဲရမယ်"ဆိုပြီး ကျွန်တော့်ကို ပြောတယ်။

အစပိုင်းမှာတော့ ကျွန်တော်လည်း ရိုရိုကျိုးကျိုးနဲ့ ခေါင်းညိတ်ပြီး "အင်း၊ မှန်တာပေါ့"လို့ သံယောင်လိုက်နေမိတယ်။ သူပြောတဲ့စကားမျိုးက ဘာပြောရမှန်း မသိတဲ့အခါမျိုးမှာ ပြောချင်ရာပြောချလိုက်တဲ့ စကားမျိုးတွေပါ။

"ချစ်ခြင်းမေတ္တာရားဆိုတာက ဆင်ခြင်တုံတရားကို အခြေခံတဲ့ တစ်ခုတည်းသောအပြုအမူတစ်ခုပဲကွ"ဆိုတဲ့စကားကို သူပြောလိုက်တဲ့ အဆုံးမှာတော့ ကျွန်တော်လည်း ဆက်ပြီး သည်းမခံနိုင်တော့ဘူး။

http://www.cherrythitsar.org



"ဘီလ်ပြောခဲ့တဲ့စကားတွေက မော်ရီစာအုပ်ထဲက မဟုတ်လား" ဆိုပြီး ကျွန်တော်လည်း ဝင်ထောက်ပေးလိုက်တယ်။

ဒီတော့ သူက သူ့ရဲ့ကိုယ်ပိုင်အတွေးအခေါ်တချို့ကို မျှဝေဖို့ ဆုံးဖြတ်ချက်ချလိုက်တဲ့ပုံပဲ။ သူပြောပြတဲ့ သူ့ကိုယ်ပိုင်အတွေးအခေါ်ဆိုတဲ့ စကားတွေကလည်း ကျွန်တော်ငယ်ငယ်ကတည်းက အဖေ့ဆီက ကြားဖူးနေကျစကားတွေ ဖြစ်နေပြန်တယ်။ ကျွန်တော့်အဖေကလည်း ခေသူမဟုတ်ဘူး။ အကြံပေးကောင်းတဲ့ လူတွေထဲမှာပါတယ်။

"မင်းသောက်မယ့်အရက်ကို ကိုယ်တိုင်ဘယ်တော့မှ မစပ်နဲ့။ ဘားကောင်တာက အရက်စပ်သမားပဲ စပ်ပါစေ"ဆိုတဲ့ စကားမျိုး "လူကြားသူကြားထဲသွားရင် ခြေအိတ်အဖြူကို ဘယ်တော့မှမဝတ်နဲ့။ တကယ်လို့ မင်းက မွေးကင်းစကလေးတစ်ယောက်၊ တင်းနစ်ကစားသမားတစ်ယောက်ဆိုရင်တော့ ဝတ်ပေါ့ကွာ"ဆိုတဲ့ စကားမျိုး၊ "အရပ်ပုတဲ့လူတွေကို ဘယ်တော့မှ မယုံနဲ့"ဆိုတဲ့ စကားမျိုး ကျွန်တော့်အဖေက ပြောလေ့ပြောထရှိတယ်။

ဒါပေမယ့် ဘီလ်က သူ့ရဲ့ ကိုယ်ပိုင်အယူအဆတွေကို ပြောရင်းပြောရင်းနဲ့ ကုန်ခမ်းစပြုလာတယ်။ ကျွန်တော်ကလည်း ဝီစကီပုလင်းကို ဖြိုရင်းဖြိုရင်းနဲ့ ပုလင်းလွတ်ပဲ ကျန်တော့တဲ့အထိ ဖြစ်လာတယ်။ ဒီတော့ ကျွန်တော်လည်း အိမ်ပြန်ဖို့ပြင်ရတော့တယ်။ ဒီတော့မှ ဘီလ်က အလွန့်ကိုစိတ်ပျက်နေတဲ့လေသံမျိုးနဲ့ ကျွန်တော့်ကို စကားပြောတယ်။

"ခက်တော့လည်း ခက်သားကွ။ တစ်ခါတလေကျရင် စကြဝဠာကြီးက အလွန့်ကို နားလည်ရခက်ခဲတဲ့ နည်းလမ်းတွေနဲ့ ဖြစ်ပျက်နေတယ်" ဆိုပြီး ကျွန်တော့်ကိုပြောတယ်။ ဒီအချက်ကိုတော့ ကျွန်တော်လည်း လက်ခံတယ်။ သူ့ကို လေးလည်းလေးစားသွားတယ်။ အလင်းမှုန်လေးတွေဟာ တစ်ချိန်တည်းမှာပဲ ဘယ်လိုလှုပ်ရှားရိုက်ခတ်နိုင်စွမ်းရှိနေကြသလဲဆိုတာ ကျွန်တော် စဉ်းစားလို့မရနိုင်ဘူးဖြစ်နေတယ်။ တကယ်လို့များ ရေသွန်မြောင်းက အိုကွေတာပေါ်မှာ တည့်တည့်ကြီးကျရောက်နေတယ်ဆိုရင် ရေတွေ ဘယ်လိုများ စီးဆင်းကြမလဲ ဆိုတာစဉ်းစားကြည့်လို့တောင် မရဘူးဖြစ်နေတယ်။ ဒီလိုကိစ္စမျိုးတွေကျတော့ ဘီလ်က နည်းနည်းအားကိုးလို့ရမယ့်ပုံစံရှိတယ်။

http://www.cherrythitsar.org


"ဆက်ပြောပါဦး အန်ကယ်ရဲ့"ဆိုပြီး ကျွန်တော်ကလည်း ဘောလ်ပင်လေးတစ်ပြင်ပြင်နဲ့ သူပြောမယ့်စကားတွေကို လိုက်မှတ်ချင်နေသယောင်ယောင်ဟန်ပြလိုက်တယ် ။ဒီတော့ သူ့မှာ တော်တော်လေး အကျပ်ရိုက်သွားပုံရတယ်။

စကြဝဠာကြီးက အလွန့်ကို နားလည်ရခက်ခဲတဲ့နည်းလမ်းတွေနဲ့ ဖြစ်ပျက်နေတယ်ဆိုပြီး စကားအဖြစ်ပြောတာလောက်ကတော့ လွယ်တာပေါ့။ ဘာကြောင့်ဒီလိုပြောနိုင်ရသလဲဆိုတာ တိတိကျကျ ပြောပြဖို့ကျတော့ မလွယ်တော့ဘူးလေ။

"မောင်ရင်ပဲ စဉ်းစားကြည့်လေ။ မောင်ရင့်အိမ်ကဖုံးဟာ တစ်နေ့လုံး **ဖုန်းသံမမြည်ဘဲ နေရင်နေလိမ့်မယ်။ ဒါပေမယ့် မောင်ရင် ဖုန်းဆက်မယ်ပြင်တော့မှ** ဖုန်းခေါ်တဲ့ အသံမြည်လာပြီး တစ်ချိန်တည်းမှာ နောက်ထပ်ခေါ်တဲ့ဖုန်းသံပါမြည်လာတာမျိုးဖြစ်တတ်တယ် မဟုတ်လား"လို့ သူက ပြောတယ်။

"အင်း"ဆိုပြီး ကျွန်တော်ကလည်း ဆက်ပြီး နားထောင်နေလိုက်တယ်။

"အင်း... ဟိုဟာကွာ ပင်လယ်ကြီးထဲမှာ ရေမြုပ်တွေသာ မရှိဘူးဆိုရင်ပင်လယ်ရေမျက်နှာပြင်အမြင့်ဟာ ဘယ်လောက်အထိ တက်သွားနိုင်မလဲဆိုတာမောင်ရင် စဉ်းစားဖူးသလား"

ကျွန်တော့်မှာ သူပြောတဲ့စကားတွေကို နားထောင်နေရင်းနဲ့ ဒီအဘိုးကြီးကို တော်တော် သနားလာတယ်။

ကျွန်တော် ထိုင်ခုံကနေထပြီး သူ့ပုခုံးနှစ်ဖက်ကို ကိုင်လိုက်တယ်။ ဒါပေမယ့် အဲဒီလို ပြုမူတာမျိုးကို ကျွန်တော်တို့နှစ်ယောက်စလုံးက မနှစ်မြို့တဲ့အတွက် ကျွန်တော်လည်း သူ့ပုခုံးပေါ်ကလက်ကိုပြန်ခွာပြီး ထိုင်ခုံမှာ ပြန်ထိုင်ချလိုက်တယ်။

"ဒီမှာ ဘီလ်အသက်ကြီးတယ်ဆိုတာနဲ့ ပိုပြီး အတွေးအခေါ် အမြော်အမြင်ရှိရမယ်ဆိုတဲ့ ပုံသေနည်းမျိုးရယ်လို့ မရှိပါဘူး။ လူတွေအတွက် အတွေးအခေါ်ဆိုတာက စာအုပ်တွေ ရောင်းစွံအောင်လုပ်တာပါပဲ"လို့ ကျွန်တော်ပြောချလိုက်တယ်။

သူက ကျွန်တော့်ကို တည်ငြိမ်တဲ့၊ အားကျတဲ့ အကြည့်မျိုးနဲ့ကြည့်တယ်။ ကျွန်တော်တို့နှစ်ယောက် ဒီအတိုင်း တစ်ယောက်ကိုတစ်ယောက် ကြည့်နေရင်းနဲ့ အတန်ကြာအောင် ထိုင်နေမိတယ်။

http://www.cherrythitsar.org



"ဘီစီ ၆၀၀ လောက်က ကက်စပီယန်ပင်လယ်ကမ်းခြေဒေသကို သိမ်းပိုက်ခဲ့တဲ့ မက်ဆာဂီတေးတွေဟာ ဆီသီယန်လူမျိုးနွယ်တွေပဲ။ အဲဒီလူမျိုးတွေက သက်ကြီးရွယ်အိုတွေကို အလွန်ပဲ လေးစားချစ်ခင်ကြတယ်။ ပြုစုစောင့်ရှောက်တယ်။ သက်ကြီးရွယ်အိုတွေက ကောင်းတယ်ပဲပြောပြော၊ ဆိုးတယ်ပဲပြောပြော၊ သူတို့တွေက ဘယ်တော့မှ ဗွေမယူဘူး။ သက်ကြီးရွယ်အိုတွေဆိုရင် အတွေးအခေါ်လည်း မြင့်ရမယ်လို့ သူတို့တွေက မခံယူထားဘူး။ သက်ကြီးရွယ်အိုတွေဟာ လူအိုတွေဖြစ်နေတာနဲ့ပဲ သူတို့ရဲ့တာဝန်တွေကျေပြီလို့ ခံယူထားကြတယ်။ အသက်အရွယ် အိုမင်းခြင်းကိုက အလွန်ကောင်းတဲ့ ဥပမာတစ်ခုပဲလေ"

"မက်ဆာဂီတေး၊ ဟုတ်လား။ ဒါဆိုရင် ငါလည်း မက်ဆာဂီတေးမျိုးနွယ်ဝင်တစ်ယောက်ဖြစ်ရင် ဖြစ်ခဲ့မှာကွ"လို့ ဘီလ်က တွေးတွေးဆဆနဲ့ ခေါင်းညိတ်ရင်း ကျွန်တော့်ကိုပြောတယ်။

**"ဒီလောက်လည်း အလျင်မလိုပါနဲ့ဦးဘီလ်ရယ်။ သူတို့တွေက သက်ကြီး**ရွယ်အိုတွေကို ရိုသေကိုင်းရှိုင်းတယ်ဆိုတာက အတိုင်းအတာတစ်ခု အထိပဲ။ သူတို့သတ်မှတ်ထားတဲ့ အတိုင်းအတာတစ်ခုကို ရောက်ပြီဆိုရင်တော့ အဲဒီသက်ကြီးရွယ်အိုတွေကို မွေးနေ့ပွဲကြီး ကျင်းပပေးတယ်။ မွေးနေ့ပွဲကို ညပိုင်းမှာကျင်းပကြတာဆိုတော့ ညဦးပိုင်းအရက်တွေဘာတွေ သောက်ပြီးကြပြီဆိုရင် **မွေးနေ့ပိုင်ရှင်ကို သတ်ပစ်လိုက်ကြတယ်။ သတ်ပြီးတော့ ဘာလုပ်တယ်ထင်သလဲ။** သေတဲ့သူရဲ့အသားကို သူတို့စားသောက်တဲ့ဟင်းအိုးကြီးထဲ ထည့်ပစ်လိုက်ကြတယ်"

"အိုး ဒီလိုကြီးလား"လို့ ဘီလ်က အထိတ်တလန့်ပြောတယ်။

"ဟုတ်တယ် အမှန်ပဲ။ ကျွန်တော် အပြောင်အပျက်ပြောနေတာမဟုတ်ဘူး။ ရှေးခေတ်မှာ လူကြီးသူမတွေကို သူတို့က ကျွန်တော်ပြောတဲ့အတိုင်း ဆက်ဆံကြတာ"

**"တော်တော်ရက်စက်တာပဲကွာ"လို့ ဘီလ်က စိတ်မသက်မသာ ဖြစ်နေတဲ့** အသံကြီးနဲ့ ပြောတယ်။

"မယန်လူမျိုးတွေကိုပဲ ကြည့်လေ။ ဘဝဆိုတာ ရိုးရိုးရှင်းရှင်းလေးပါ။ ဘီလ် ဒီအချိန်လောက်အထိ အသက်ရှင်နေရတာကိုပဲ လွန်လှပြီ။ ဘီလ်ကို ကြည့်ရတာ သက်တောင့်သက်သာပဲလေ။ ကိုယ်ကြည့်ချင်ပြီဆိုရင် ရုပ်မြင်သံ

ကြားကို အချိန်မရွေး ထဖွင့်ကြည့်လို့ရတယ်။ ပြီးတော့ ခင်ဗျားမှာ ငန်းတွေလည်း ရှိသေးတယ်။ အဲဒီငန်းတွေကို မေ့မထားနဲ့နော်”

ဘီလ်က တွေးတွေးဆဆနဲ့ ခေါင်းညိတ်တယ်။

**“ကိုယ့်ကိုယ်ကို ဒီလောက်ကြီးလည်း ဖိစီးမှုတွေပေးမထားပါနဲ့ ဘီလ်ရယ်။** အတွေးအခေါ်မှမရှိရင် ဘဝတွေ ဟောင်းလောင်းဖြစ်နေမယ့် လူမျိုးတွေကိုပဲ တွေးခေါ်စဉ်းစားခွင့်တွေ ပေးလိုက်ပါ။ အဲဒီလိုလူမျိုးတွေကျတော့ တော်တော်လေးကို သနားစရာကောင်းတယ်။ သူတို့ဘဝတွေက တကယ့်ကို မျှော်လင့်ချက်တွေ ကင်းမဲ့နေသလိုပါပဲ။ ဘီလ်နဲ့ ကျွန်တော်နဲ့ကြားမှာ အဲဒီအတွေးအခေါ်ကိစ္စတွေ မပါရင်လည်း ဖြစ်နေတာပဲ မဟုတ်လား”လို့ ကျွန်တော် သူ့ကို ဖြေသိမ့်ရတယ်။

ဒါပေမယ့်လည်း သူတို့ခေတ်သူတို့အခါက လောကနီတိတွေနဲ့ နေထိုင်ကြီးပြင်းခဲ့ရတာကို ပြန်သတိရမိလိုက်တော့–

“ဘီလ်လည်း သိနေတာပဲလေ။ အတွေးအခေါ် အကြောင်းကို ပြန်စဉ်းစားမိတဲ့အခါမှာလည်း တွေးခေါ်မြော်မြင်နိုင်တယ်ဆိုကတည်းက နေထိုင်မှု ဘဝဟာ အဆင်ပြေနေတယ်ဆိုတဲ့သဘောကို ပြနေတာပေါ့”လို့ ပြန်ပြီး လှီးလွှဲ ပြောလိုက်မိတယ်။

ကျွန်တော့်မှာ ပြောသာပြောလိုက်ရတယ်။ ကိုယ်ပြောတဲ့စကားရဲ့အဓိပ္ပာယ်က ဘာလဲဆိုတာ သိတောင်မသိဘူး။ ဒါပေမယ့် ကျွန်တော်ပြောလိုက်တဲ့စကားကြောင့် ဘီလ်နည်းနည်းပျော်သွားပုံရတယ်။

အဲဒီနောက်တော့ ကျွန်တော်တို့နှစ်ယောက် ပြောဆိုရတာ တော်တော်လေး အဆင်ပြေသွားတယ်။ ကျွန်တော်လည်း သောက်လက်စဝီစကီကို အပြောင်ရှင်းပစ်လိုက်ပြီး အိမ်ပြန်ဖို့ တံခါးဝဆီထွက်ခဲ့တယ်။ သူနဲ့ကျွန်တော်နဲ့ တွေ့ဆုံပြီး စကားပြောရတာဟာ အသိအကျွမ်းဟောင်းတွေ ပြန်တွေ့ပြီး စကားပြောရသလိုပါပဲ။

**သူက ကျွန်တော့်ကို နှုတ်ဆက်တဲ့အနေနဲ့ လက်ပြပြီးတဲ့အခါမှာ ကျွန်တော်** က သူ့ဖက်ကိုပြန်လှည့်၊ သူ့မျက်လုံးကို တည့်တည့်စိုက်ကြည့်ပြီးတဲ့နောက်

“ကျွန်တော်ကတော့ အဆင်ပြေသွားပြီ။ ဘီလ်၊ ခင်ဗျား ခင်ဗျားက ဟိုဖက်အိမ်မှာနေတာ မဟုတ်လား”လို့ သူ့ကိုပြောလိုက်မိတယ်။

http://www.cherrythitsar.org



အဲဒီလို အချိန်မျိုးလေးတွေဟာ ဘဝမှာ ဘယ်တော့မှ မမေ့နိုင်စရာကောင်းတဲ့ အချိန်လေးတွေပါ။ ဘယ်လောက်ပဲ မေ့ဖို့ကြိုးစားကြိုးစား မေ့နိုင်မှာ မဟုတ်တဲ့ အချိန်မျိုးတွေပေါ့။

**ဒါပေမယ့် တစ်ဖက်က ပြန်ပြီးစဉ်းစားကြည့်မိတော့ ဘီလ်ဟာ ကျွန်တော့်ရဲ့** ဒီစာအုပ်နိဂုံးပိုင်းကို အပြီးသတ်ရေးနိုင်ဖို့ ကူညီပေးနေသလိုပါပဲ။ (သူကတကယ်ပဲ ကူညီပေးနေတာဆိုရင်တော့ တော်တော့်ကို စိတ်ဓာတ်ကျစရာ ကောင်းသွားပြီ)

ကျွန်တော် အိမ်ပြန်ရောက်တဲ့အခါမှာတော့ ကျွန်တော့်ရဲ့သော့ကို မီးဖိုဆောင်ထဲက အုတ်အောင်ကြားမှာ ဝှက်ထားလိုက်ပြီး လှဲချပစ်လိုက်မိတယ်။

မိတ်ဆွေစာဖတ်သူတို့ အခုဆိုရင် ကျွန်တော်နဲ့အတူ မိတ်ဆွေတို့ခရီးဆက်ခဲ့တာ အတော်တောင်ကြာသွားပြီ။ ကျွန်တော့်အနေနဲ့ မိတ်ဆွေတို့အပေါ်မှာ တာဝန်မကျေဖြစ်မှာကိုလည်း စိုးရိမ်နေမိတယ်။

ဒီစာအုပ်တစ်အုပ်လုံးမှာ ကျွန်တော်တို့တွေဟာ တော်တော်အပျင်းထူကြတဲ့သူတွေဖြစ်ကြောင်း တစ်လျှောက်လုံး ကျွန်တော်ပြောခဲ့တယ်နော်။ ဒါပေမယ့် အပျင်းထူတယ်ဆိုတဲ့ စကားအသုံးအနှုန်းက ကျွန်တော်တို့အတွက် မှန်ချင်မှ မှန်မယ်နော်။ ကျွန်တော်တို့က မလိုအပ်ဘဲ အားမထုတ်မိကြတာ ဖြစ်မှာပါ။ “မလိုအပ်ဘူး”ဆိုတဲ့စကားနဲ့ “အားထုတ်တယ်”ဆိုတဲ့စကားက တော်တော်အရေးကြီးတယ်။

ဒီကမ္ဘာလောကကြီးက မဟုတ်တရုတ်တွေနဲ့ ဗြုတ်စဗျင်းတောင်း ဖြစ်နေတော့ ကျွန်တော်တို့ခမျာမှာ အဲဒီအရှုပ်ထုပ်ကြီးထဲကို မမောနိုင်မပန်းနိုင်နဲ့ အချိန်ပြည့်ဖြတ်သန်းနေရတယ်။ ဒီတော့လည်း အရှုပ်တွေထဲ သွားမယ့်အစား အရှုပ်တွေကပဲ ကျွန်တော်တို့ကို အလိုလိုဖြတ်သန်းသွားတာ ပိုမကောင်းဘူးလား။ ကျွန်တော်တို့လည်း တစ်စထက်တစ်စ ပိုတုံးလာတာပေါ့။ ကျွန်တော်တို့ရဲ့အသုံးမကျမှုတွေက ပုံစံအမျိုးမျိုး၊ အသွင်အပြင်အမျိုးမျိုး ရှိတယ်။ စပိုက်ဂဲလ်အဖွဲ့က မချောတွေပဲ ကြည့်ဦးလေ။ သူတို့တွေ အဖွဲ့လိုက် သီဆိုနေခဲ့တာ အောင်မြင်ရဲ့သားနဲ့ ကိုယ့်လမ်းကိုယ် လျှောက်ချင်လို့ လမ်းခွဲသွားခဲ့ကြတယ်။ ဒီနေ့မှာ စုတ်ပြတ်နေပေမယ့် နောက်နေ့မှာ ပုံလန်နေအောင် ဖြစ်ရင်ဖြစ်နေကြတာမျိုးတွေကိုလည်း တွေ့ကြရတာပဲ။

http://www.cherrythitsar.org



ကျွန်တော်တို့ရဲ့ (ခင်ဗျားတို့ ကျွန်တော်တို့ပေါ့ဗျာ) အလုပ်က အဲဒီ တွေဝေမိုက်မဲမှုတွေကို ခွာချပစ်ဖို့ပဲ မဟုတ်လား။ အဲဒီတွေဝေ မိုက်မဲမှုတွေကို ကျွန်တော်တို့နောက်မှာ ချန်ထားပစ်ကြရမယ်။ တွေဝေမိုက်မဲနေရင်းနဲ့ပဲ ကျွန်တော်တို့ ကြီးပွားချမ်းသာနေရမယ်။

ဒီလိုနဲ့ပဲ ကျွန်တော့်ရဲ့ ဒီစာအုပ်ကြီးကို နိဂုံးချုပ်ပါတော့မယ်။ အပေါ်စား ဆန်ဆန် နိဂုံးချုပ်တယ်လို့ပဲ ဆိုရင်ဆိုကြပေါ့လေ။ ဒါကတော့ မိတ်ဆွေတို့ လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်ပါတယ်။ ကျွန်တော့်မှာ ရှိလက်စ ခေါင်းတစ်လုံး ထက်ပိုပြီး ကြီးကျယ်မြင့်မြတ်တဲ့ အတွေးအခေါ်တွေလည်း ကျွန်တော့်မှာ မရှိပါဘူး။ ဒါပေမယ့် ကျွန်တော်တတ်နိုင်မယ်လို့ ထင်တဲ့ကိစ္စမျိုးတွေ ပေါ်ပေါက်လာ ရင်တော့ ကျွန်တော့်ကို မိတ်ဆွေတို့ အကူအညီတောင်းနိုင်ပါတယ်။

ကဲ–အခုမှပဲ ကျွန်တော့်စာအုပ် ခေါင်းစဉ်ကိစ္စကို ကျွန်တော်ရှင်းရှင်း လင်းလင်း လုပ်ရတော့မယ်။ အခုလို အချိန်မျိုးကျမှတော့ ကျွန်တော်နောက်တွန့် မနေတော့ပါဘူး။

အခု ကျွန်တော့်စာအုပ်ထဲမှာ ဒိန်ခဲအကြောင်း ကောင်းကောင်းပါဝင်ခဲ့တာ ဆိုလို့ ရှိမှ ရှိပါရဲ့လား။ ပါခဲ့တယ်ဆိုရင်လည်း အဲဒီဒိန်ခဲက ကျွန်တော်စားပစ်လို့ ကုန်လောက်ပါပြီ။ ဟိုရွှေ့ဒီရွှေ့တော့ လုပ်နေမှာမဟုတ်ဘူး။ တစ်ထိုင်တည်း စားပစ်လိုက်မှာ။

ကျွန်တော့်စာအုပ်ခေါင်းစဉ်ထဲက ဒိန်ခဲဟာ စာဖတ်သူတွေ ဒီစာအုပ်ကို ဆုံးအောင် ဖတ်ဖြစ်လာအောင် ဆွဲဆောင်ထားတဲ့ ကိရိယာတစ်ခုသက်သက်ပါ။ ကျွန်တော့်ရဲ့ ဖြေရှင်းချက်ကိုတော့ ပေးလိုက်ပြီ။ မိတ်ဆွေတို့အနေနဲ့ အလုပ်ဖြစ် နိုင်လိမ့်မယ်လို့လည်း ကျွန်တော် ယူဆပါတယ်။

## နိဂုံး

အခုတော့ ကျွန်တော်နဲ့ဘီလ်ဟာ အိမ်နီးချင်းကောင်းတွေဖြစ်နေပါပြီ။ ကျွန်တော်တို့ မင်္ဂလာရှိတဲ့ နံနက်ခင်းလို့ တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်တဲ့အခါ မျိုးမှာလည်း အရင်လို အေးစက်စက်စက်မဟုတ်တော့ဘဲ နွေးနွေးထွေးထွေး ဖြစ်နေပါပြီ။ ဒါပေမယ့်လည်း အရိုးစွဲသလို ရှိနေခဲ့တဲ့အကျင့်တွေက ချက်ချင်း

လက်ငင်းပျောက်ခဲတယ်လေ။ ကျွန်တော်ဟာ အရင်လိုပဲ ညအချိန်မတော် အလုပ်လုပ်တဲ့အခါမျိုးဆို ဘီလ်ရဲ့ခြံဖက်ကို ခြေဖျားထောက်ပြီး သူ့ငန်းရုပ်တွေ ဘယ်လိုနယ်ပုံ ရှိနေသလဲဆိုတာ ကြည့်နေမိတုန်းပဲ။ ဒီနေ့တစ်မနက်မှာလည်း ဘီလ်တစ်ယောက် သူ့ရဲ့ငန်းတွေကို အော်ဟစ်ဆဲရေးနေတာကို ကျွန်တော် နိုးနိုးချင်း ကြားလိုက်ရတယ်။

ကျွန်တော် အိပ်ခန်းပြတင်းပေါက်ကိုဖွင့်ပြီး အပြင်ဖက်ကို ခေါင်းပြူကြည့်လိုက်တယ်။

“ဖြည်းဖြည်းလုပ်ပါ ဘီလ်ရယ်၊ စိတ်ကိုလျှော့ပါ”လို့ ကျွန်တော် သူ့ကို လှမ်းအော်ပြောလိုက်တယ်။

ဘီလ်က ကျွန်တော့်အသံကိုကြားလို့ လှမ်းကြည့်လိုက်တဲ့အခါ သူနဲ့ ကျွန်တော် မျက်လုံးချင်းဆုံသွားကြတယ်။

“သိပ်လည်းစိတ်မပူစမ်းပါနဲ့ ဘီလ်ရယ်၊ ခင်ဗျားရဲ့ငန်းတွေကို နေရာရွှေ့ထားတာ ကျွန်တော်ပါ။ တစ်ခြားသူမဟုတ်ပါဘူး”လို့ ကျွန်တော်က လှမ်းပြောလိုက်တော့တယ်။

*

စာဖတ်သူတွေအနေနဲ့ ဒီစာအုပ်ရဲ့အဆုံးမှာ စာမျက်နှာအလွတ်တွေ ရှိနေတာကို သတိပြုမိကြမယ်ထင်ပါတယ်။ အဲဒီစာမျက်နှာအလွတ်တွေပေါ်မှာ ကျွန်တော် ဘာမှရေးမထားဘူး။ စာအုပ်အရောင်းဆိုင်တွေက အရောင်းစာရေး မလေးတွေက စာမျက်နှာတွေ လွတ်နေတာပဲဆိုပြီး ဟိုရေးဒီရေး လျှောက်ရေးထား မယ်ဆိုရင်တော့ ကျွန်တော်နဲ့ မဆိုင်ဘူးနော်။ အဲဒီစာမျက်နှာတွေနဲ့ ကျွန်တော်က စာဖတ်သူတွေကို အရူးလုပ်တယ်လို့တော့ မထင်စေချင်ဘူး။ ဒီစာမျက်နှာအလွတ် တွေကို စိတ်ပျက်စရာတစ်ခုလို့ သဘောမထားဘဲ အခွင့်အရေးတစ်ခုလို့သာ သဘောထားကြည့်ကြပါ။

စာအုပ်တစ်အုပ်မှာပါတဲ့ စာမျက်နှာအလွတ်တွေဟာ သင့်ရဲ့တစ်နေ့တာမှာ ဘာမှမလုပ်မိတဲ့ အချိန်တွေနဲ့ ညီမျှပါတယ်။ စာဖတ်သူတွေအနေနဲ့ ဒီစာမျက်နှာ အလွတ်တွေမှာ ကျွန်တော့်စာအုပ်ရဲ့ ဇာတ်သိမ်းပိုင်းကို ကျွန်တော့်ထက်ပိုပြီး ကောင်းအောင်နေနိုင်မယ်လို့ ကျွန်တော်ယူဆပါတယ်။ ဥပမာဆိုရရင် အဲဒီ

စာမျက်နှာအလွတ်မှာ ကဗျာနဲ့ပတ်သက်တဲ့ မှတ်စုတွေ၊ သီအိုရမ်တစ်ခုရဲ့စာသား တစ်ချို့တွေ၊သင် စဉ်းစားမိတဲ့အတွေးတွေကို ချရေးနိုင်ပါတယ်။

ဥပမာအနေနဲ့ အဲဒီစာမျက်နှာအလွတ်မှာ ဘယ်လိုဟာမျိုးတွေ ချရေးလို့ ရတယ်ဆိုတာကို ကျွန်တော်ချရေးပြမယ်။

❖ စာဖတ်သူအနေနဲ့ ဒီစာအုပ်ကို ဖတ်နေတဲ့အချိန်မှာ ပူအိုက်တဲ့ရာသီဥတု ဖြစ်ရင်ဖြစ်နေလိမ့်မယ်။ ညနေခင်းကျရင် အေးလာမှာပဲဆိုပြီး တွေးပူရင်းနဲ့ အနွေးထည်ထူထူထဲထဲတွေ စာဖတ်သူ ဝတ်ထားကောင်း ဝတ်ထားမိလိမ့်မယ်။ ဒီလိုသာဆိုရင်တော့ စာဖတ်သူအနေနဲ့ ဒီစာမျက်နှာအလွတ်တွေကို ကောင်း ကောင်း အသုံးချလို့ ရနိုင်မယ်ဆိုတာကို သိလောက်ပြီလို့ ကျွန်တော် ယူဆ ထားပါတယ်။ ဒီစာရွက်အလွတ်တွေဟာ စာဖတ်သူရဲ့အပေါ် နှုတ်ခမ်းမှာ ထွက်ပေါ်လာတဲ့ ချွေးတွေအတွက် ကောင်းကောင်းကြီး အသုံးတည့်မယ်ဆိုတာ သေချာပါတယ်။ ချွေးထွက်လာလို့ကတော့ ချက်ချင်းသာ သုတ်ပစ်လိုက်နော်။ အပေါ်နှုတ်ခမ်းထက်မှာ ချွေးပြန်နေတယ်ဆိုရင် စာဖတ်သူဟာ ရစ်ချတ်နစ်ဆင်နဲ့ တူသွားလိမ့်မယ်လေ။ အဲဒီလိုဆိုရင် ဘယ်လိုလုပ်ပြီး ဆွဲဆောင်မှု ရှိတော့မှာလဲ။ အပေါ်နှုတ်ခမ်းထက်မှာ ချွေးပြန်တယ်ဆိုတာနဲ့ပဲ ကံဆိုးသွားပြီလို့ ဆိုလိုတာ မဟုတ်ဘူးနော်။ ဘာဖြစ်လို့ ကျွန်တော် ဒီလောက်အထိ ပြောနေရတာလဲဆိုတော့ ကျွန်တော့်ရဲ့ စာဖတ်ပရိသတ်တွေက အပေါ်နှုတ်ခမ်းချွေးပြန်တဲ့လူမျိုးတွေလို့ အထင်မခံချင်လို့ပါ။

❖ အဲဒီလွတ်နေတဲ့စာရွက်တွေကို ဖြုတ်ပြီး အိုရီဂါမီ (စက္ကူအရုပ်)လုပ်မယ် ဆိုရင်လည်း စာဖတ်သူတွေအတွက် အသုံးတည့်နိုင်တာပဲ။ ဝီစကီသောက်တဲ့ အခါမှာ အမြည်းက အသုံးတည့်သလိုမျိုးပေါ့လေ။

❖ ပြီးတော့ စာဖတ်သူတွေအနေနဲ့ ဒီစာအုပ်ထဲမှာဖတ်ပြီးခဲ့တဲ့ အယူအဆ တွေနဲ့ပတ်သက်ပြီး စာရွက်အလွတ်တွေမှာ ပြန်ပြီးကောက်ချက်ချတာမျိုးတွေ ဘာတွေ လုပ်လို့ရတာပေါ့။ မနက်ခင်း အိပ်ရာနိုးတဲ့အခါတိုင်း ကမ္ဘာလောက ကြီးကို နှုတ်ဆက်ပြီး သင့်ရဲ့ တန်ဖိုးရှိတဲ့ မှတ်စုတွေကို ပြန်လှန်သုံးသပ်လို့လည်း

http://www.cherrythitsar.org



ရတာပဲ။ မိတ်ဆွေတို့အနေနဲ့ ဘယ်လို အဖိုးတန်တဲ့ မှတ်စုမျိုးတွေ ရေးမှတ်ထား မလဲ ဆိုတာကိုတော့ ကျွန်တော် မသိဘူး။ ကျွန်တော့်အနေနဲ့ အကြံပြုချင်တာ လေးတွေတော့ရှိတယ်။

✔ ဘဝက သင့်ကို သရက်သီးတစ်လုံးပေးတဲ့အခါမှာ အဲဒီသရက်သီးကို သီးစုံဝိုင်လုပ်တဲ့အခါမှာ အသုံးပြုလိုက်ပါ။

✔ အသုံးမကျတဲ့လုပ်ရပ်ဟာ အသုံးမကျတဲ့အတိုင်း ရှိနေမှာပဲဆိုတော့ အသုံးမကျတာတွေကို ရပ်တန်းက ရပ်လိုက်ပါ။

✔ ဘဝဆိုတာ ချောကလက်ဗူးတစ်ဗူးလိုပဲ။ (ဈေးနှုန်း ပိုတပ်ထားတယ်။ မြန်မြန်ကုန်အောင် စားပစ်လိုက်မိတယ်ဆိုရင်လည်း စိတ်ဆင်းရဲရတယ်။ ကိုယ်စား နေတာကို သူများက မြင်သွားရင်လည်း ကိုယ်စားတဲ့အထဲကနေ ဖဲ့ပေးရတယ်)

✔ စကားမပြောခင်မှာ အရင်စဉ်းစားပါ။ မစဉ်းစားခင်မှာ အရင်ဖတ်ရှုလေ့လာထားပါ။ သင်စာမဖတ်ခင်မှာ လက်ကို စင်အောင်ဆေးကြောသန့်စင်ပါ။

✔ ပျက်အစဉ်ပြင်ခဏ အလေ့အထက သင့်အတွက် အကျိုးရှိစေတယ်။

✔ ကျွန်တော် အဆင်ပြေပါတယ်။

✔ ဖန်ခွက်ဟာ တစ်ဝက်ပြည့်နေလား၊ တစ်ဝက်ဟာနေသလားဆိုတဲ့ ကိစ္စမျိုးကို စဉ်းစားရင်းအချိန်မဖြုန်းပါနဲ့။ ဖန်ခွက်ဟာ တစ်ဝက်ပဲ ပြည့်နေသည် ဖြစ်စေ၊ တစ်ဝက်ပဲ ဟာနေသည်ဖြစ်စေ နောက်ထပ်တစ်ခွက်မှာဖို့က ပိုအရေး ကြီးတယ်။

✔ **ညစာစားပွဲက စကားဝိုင်းလိုပဲ လူသိမ်လူဖျင်းတစ်ယောက်ဟာ သူပြောတဲ့** စကားတိုင်းကို အမှန်တကယ် ရည်ရွယ်ပြီးပြောတယ်။ ညည်းငွေ့စရာကောင်းတဲ့ လူမျိုးကပဲ သူပြောသမျှကို အမှန်အတိုင်း ပြောတယ်။

✔ ဟင့်အင်းဆိုရုံလောက်နဲ့ပဲ မငြင်းဆန်ပါနဲ့။ လုပ်တယ်ဆိုရုံလောက်ပဲ မလုပ်ပါနဲ့။ ဒီလိုကိစ္စမျိုးတွေက သတိထားရမယ့်ကိစ္စတွေ ဖြစ်နေတယ်။ "ကျွန်တော့်အတွက်ကတော့ သိဖို့လောက်ပဲလေ၊ ခင်ဗျားကလုပ်ရမှာ" "ဟုတ် ရင်လည်း ဟုတ်မှာပေါ့လေ၊ မဟုတ်ရင်လည်း မဟုတ်ဘူးပေါ့"ဆိုတဲ့ စကားမျိုး

http://www.cherrythitsar.org



လောက်ပဲ မယုတ်မလွန် ပြောသင့်တယ်။ ဒါမှမဟုတ် ဘာမှ မပြောပဲနေပါ။

❖ သင့်အတွက် ပြောစရာတွေမကုန်ခင် ငါးမိနစ်အလိုမှာ ပါတီပွဲကနေ ထွက်ခွာတဲ့အကျင့်လုပ်ပါ။

ကျွန်တော့်ရဲ့စာဖတ်သူတွေ ကျန်းမာကြပါစေလို့ ကျွန်တော်ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ သင်တို့အနေနဲ့ စိတ်ဓာတ်ကျစရာတွေ ကြုံလာမယ်ဆိုရင် ဒီစာအုပ်ကို လှန်လှောပြီး ဖတ်ကြည့်ပါ။ မကြာမီအချိန်အတွင်းမှာ ဒီစာအုပ်က “အရာခပ်သိမ်းကို အတုလုပ်လို့ ရတယ်”ဆိုပြီး သတိပေးပါလိမ့်မယ်။

**ညီသစ်**

http://www.cherrythitsar.org

# ခင်ဗျားဒိန်ခဲကို
# ကျွန်တော်နေရာရွှေ့ခဲ့တယ်

ညီသစ် ဘာသာပြန်သည်

"ဒီစာအုပ်က ကိုယ်ထူကိုယ်ချွန်လက်စွဲစာအုပ် တစ်အုပ် မဟုတ်ပါဘူး။
ကျွန်တော် အမှန်ကိုပြောပြတာပါ။
ကျွန်တော့်အနေနဲ့ ကိုယ်ထူကိုယ် ချွန် စာအုပ်မျိုးထပ်ပြီး ရေးမှာ မဟုတ်ပါဘူး။
ဘာကြောင့်လဲဆိုတော့ ကိုယ်ထူကိုယ် ချွန်စာအုပ်တွေက လူတွေကို မိမိကိုယ်မိမိထောက်ပြတဲ့
တန်ဖိုးတွေကို ပျက်စီးစေတယ် မဟုတ်လား။
ကိုယ်ထူကိုယ်ချွန်စာအုပ်မျိုးတွေက တတ်စားကိုပါပဲ။
အကောက်အစားလေးကျကြွင်းနည်းတွေပါပဲ။
အထောက်မပါဘဲရေးသားထားကြတဲ့ စာအုပ်မျိုးတွေက သင့်ကို ပေးကမ်းတဲ့
ရှုမနေသျှလက်ဆောင် ပစ္စည်းတွေပါပဲ။
အဲဒီစာအုပ်မျိုးတွေက ခင်ဗျားတို့ကို ပျော်ပွင့်ချက်တွေ တည့်ဆောက် ပေးတယ်။
ကိုယ့်ကိုယ်ကို နှိမ့်ချနေတယ်လို့ ထင်မိစေတယ်။
ရုတ်တရက် အပြောင်းအလဲတွေ
ကမ္ဘာ့ရှုခင်းနဲ့ အသားကျပြီး လုပ်ကိုင်နိုင်စေတဲ့ ပေါ်ပေါက်လာစေတယ်"



# I Moved Your Cheese

DARREL BRISTOW-BOVEY